# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ ရက်၊ စနေနေ့။ Saturday , 12 November 2016 (၈၇၄၃)


## သိန်းတစ်ထောင်နီးပါးနှင့်ညီမျှသော အမေရိကန်ဒေါ်လာရှစ်သောင်းကို လိုချင်တပ်မက်မှုမရှိဘဲ ပိုင်ရှင်ဖြစ်သူထံ ချက်ချင်းပြန်လည်ပေးအပ်ခဲ့၍

### ရွှေမန်းသူယာဉ်လိုင်းမှ ဦးမျိုးသန့်(ယာဉ်မောင်း)နှင့် ဦးမောင်မောင်(ယာဉ်အကူ)တို့အား အောက်တိုဘာလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ်ရွေးချယ်

**နေပြည်တော် နိုဝင်ဘာ ၁၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံသူ နိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုအသင်းအဖွဲ့များမှ လစဉ်ချီးကျူးဂုဏ်ပြုထိုက်သူကိုရွေးချယ်၍ ကျေးဇူးတင်လွှာထုတ်ပြန်ပေးလျက်ရှိရာ ယခုနှစ် အောက်တိုဘာလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွှေမန်းသူ အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်းမှ ဦးမျိုးသန့်(ယာဉ်မောင်း)နှင့် ဦးမောင်မောင်(ယာဉ်အကူ)တို့အား ရွေးချယ်လိုက်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ နိုဝင်ဘာ ၁၁ ရက် ရက်စွဲဖြင့် ထုတ်ပြန်ထားသည် -

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**<br>
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**<br>
**ပြည်သူသို့ကျေးဇူးတင်လွှာ**<br>
**၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်**<br>
**(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)**

၁။ နိုင်ငံတော်တည်ဆောက်ရေးအတွက် နိုင်ငံသားများ၏ ပညာ၊ ဝီရိယနှင့် သတ္တိတို့သည် အရေးကြီးလှသော လူမှုအရင်းအနှီးများဖြစ်ကြပါသည်။ ထို့အတူ ဒီမိုကရေစီအသွင်ကူးပြောင်းရေးခရီးကို လျှောက်လှမ်းကြရာတွင် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ စာရိတ္တမဏ္ဍိုင် ခိုင်မာစေရန်လည်း အရေးကြီးလှပါသည်။ ထိုသို့ ခိုင်မာစေရန်အတွက် နိုင်ငံသူ နိုင်ငံသားတို့ စံနမူနာပြုအပ်သော နိုင်ငံသားများထွက်ပေါ်လာရေး၊ ချီးကျူးလေးစားဖွယ်ရာကောင်းသော လုပ်ဆောင်ချက်များ ပေါ်ထွန်းလာရေးသည်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❒

## လေ့လာစိစစ်သုံးသပ်ရေးကော်မရှင် အစည်းအဝေးများကို (၁၁)ကြိမ်ပြုလုပ်ပြီး ဘက်စုံထောင့်စုံမှ လေ့လာစိစစ်သုံးသပ်နိုင်ရန် စုပေါင်းဆွေးနွေးခဲ့

နေပြည်တော် နိုဝင်ဘာ ၁၁

**ရောဝတီ-မြစ်ဆုံ မြစ်ညာ မြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းများ လေ့လာစိစစ်သုံးသပ်ရေးကော်မရှင်မှ နိုင်ငံတော်သမ္မတထံသို့ တင်ပြသည့် ပထမအစီရင်ခံစာအပေါ် သတင်းထုတ်ပြန်ချက်တစ်ရပ် ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။ အဆိုပါထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်<br>
နိုင်ငံတော်သမ္မတထံသို့ ဧရာဝတီ-မြစ်ဆုံ မြစ်ညာ မြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ<br>
လေ့လာစိစစ်သုံးသပ်ရေးကော်မရှင်မှတင်ပြသည့် ပထမအစီရင်ခံစာအပေါ် သတင်းထုတ်ပြန်ချက်

၁။ ဧရာဝတီ-မြစ်ဆုံ မြစ်ညာ မြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းများ လေ့လာစိစစ်သုံးသပ်ရေးကော်မရှင်ကို ၁၂-၈-၂၀၁၆ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးမှ အမိန့်ကြော်ငြာစာ၊ အမှတ် ၅၈/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ အမိန့်ကြော်ငြာစာ၊ အပိုဒ် ၆ အရ ကော်မရှင်၏ လေ့လာစိစစ်သုံးသပ်မှု ပထမအစီရင်ခံစာကို နိုင်ငံတော်သမ္မတထံသို့ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့အရောက် အစီရင်ခံတင်ပြရမည်ဖြစ်ပါသည်။

၂။ ဧရာဝတီ-မြစ်ဆုံ မြစ်ညာ မြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းများ လေ့လာစိစစ်သုံးသပ်ရေးကော်မရှင်သည် ၂၂-၈-၂၀၁၆ ရက်နေ့မှ ၈-၁၁-၂၀၁၆ ရက်နေ့များအတွင်း ကော်မရှင်၏ အစည်းအဝေးများကို (၁၁)ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး စီမံကိန်းနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများနှင့် အချက်အလက်များကို ဘက်စုံထောင့်စုံမှ လေ့လာစိစစ်သုံးသပ်နိုင်ရန် စုပေါင်းဆွေးနွေးခဲ့ကြပါသည်။

၃။ ဧရာဝတီ-မြစ်ဆုံ မြစ်ညာ မြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းများ လေ့လာစိစစ်သုံးသပ်ရေးကော်မရှင်၏ အတွင်းရေးမှူး ဦးဆောင်သောကော်မရှင်အဖွဲ့ဝင် ၁၄ ဦးတို့သည် ကချင်ပြည်နယ်ရှိ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၊ ချီဖွေငယ်ရေအားလျှပ်စစ်တမံ၊ ချီဖွေငယ်ဓာတ်အားပေးစက်ရုံနှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

## ဒေသတွင်းဖွံ့ဖြိုးမှုနှင့် ကုန်သွယ်မှုကို အထောက်အကူဖြစ်စေမည့် ဘူးသီးတောင်နှင့် ရသေ့တောင်ကို တိုက်ရိုက်ဆက်သွယ်ထားသော ပန်ဇင်းချောင်းတံတား



ဒေသတွင်း ဖွံ့ဖြိုးမှုနှင့် ကုန်သွယ်စီးဆင်းမှုကို အထောက်အကူဖြစ်စေမည့် ဘူးသီးတောင်- ရသေ့တောင် ကုန်းလမ်းကြောင်းသစ်ကို တိုက်ရိုက်ဆက်သွယ်ထားသော ပန်ဇင်းချောင်းတံတား တည်ဆောက်မှုမှာ ယခုအခါ ၈၃ ရာခိုင်နှုန်းကျော် ပြီးနေပြီဖြစ်၍ ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် အပြီးသတ်နိုင်မည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးအဖွဲ့မှ သိရသည်။

ဘူးသီးတောင်နဲ့ ရသေ့တောင်ကို တိုက်ရိုက်ဆက်သွယ်တဲ့လမ်းမှာ ပန်ဇင်းချောင်းတံတားက အကြီးဆုံးပါ။ ဒီလမ်းကြောင်းမှာ ဒီတံတားအပါအဝင် စုစုပေါင်းတံတား ၁၀ စင်း တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ဒီတံတားပြီးရင်တော့ ဒေသခံပြည်သူတွေအတွက် ဖွံ့ဖြိုးမှုသာမက ကုန်သွယ်မှုပါ အထောက်အကူပြုစေဖို့ ရည်ရွယ်တည်ဆောက်တာဖြစ်လို့ ဒီဒေသအတွက် အကျိုးကျေးဇူးကတော့ အတော်ကိုများပါတယ်ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့-၂ တံတားအထူးအဖွဲ့(၈)မှ ဒေါ်စုစုမာ(အငယ်တန်းအင်ဂျင်နီယာ-၂၊ မြို့ပြ)က ပြောသည်။

အဆိုပါ ပန်ဇင်းချောင်းတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေး အဖွဲ့-၂ တံတားအထူးအဖွဲ့(၈)က

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❍


KBZ BANK

STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ကြေးမုံ

## စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်း

မြန်မာနိုင်ငံတွင် တည်ငြိမ်အေးချမ်းမှုများ ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရသည်။ တည်ငြိမ်အေးချမ်းမှသာ ဒီမိုကရေစီအသွင်ကူးပြောင်းရေး တိုးတက်လာမည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လျင်မြန်ချောမွေ့မှသာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်လာမည်။ သို့ဆိုလျှင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရယူလိုကြပါလျှင် တိုင်းပြည်ငြိမ်းအေးချမ်းရေး ဖြစ်ထွန်းအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်သည်။

မြန်မာ့စီးပွားရေးပြန်လည်ဦးမော့အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် ငွေကြေးအရင်းအနှီးနည်းပါးသောနိုင်ငံအဖို့ အကူအညီအထောက်အပံ့ကောင်းများ၊ ချေးငွေများကို ရယူကြရသည်။ မကြာသေးမီရက်ပိုင်းက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဂျပန်နိုင်ငံခရီးစဉ်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်မည့် မြို့ပြနှင့်ကျေးလက်ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားဒေသများဖွံ့ ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအစိုးရ၏ကြိုးပမ်းဆောင်ရွက်မှုများကို အထောက်အကူပြုစေရန် ဂျပန်အစိုးရ၏ အထောက်အပံ့နှင့်ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများပူးပေါင်း၍ ငါးနှစ်အတွင်း ဂျပန်ယန်းငွေ ဘီလီယံ ၈၀၀ ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်သွားမည်ဟု ကြားသိရသည်။

ပြီးခဲ့သည့် စက်တင်ဘာလ ၁၄ ရက်နေ့ကလည်း အမေရိကန်-မြန်မာ မိတ်ဖက်ဆက်ဆံရေးကို ခေတ်သစ်တစ်ခုအဖြစ် မော်ကွန်းရေးထိုးပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်နိုင်ခဲ့ရာ အဆိုပါထုတ်ပြန်ကြေညာချက်တွင် မြန်မာနိုင်ငံမှ အသေးစားစီးပွားရေးလုပ်ငန်းရှင်များအား အမေရိကန်ဒေါ်လာ ၁၀ သန်းကျော် ပံ့ပိုးပေးမည့် ငွေချေးအာမခံချက် ကတိကဝတ်များပြုနိုင်ခဲ့သည်။ အဆိုပါသဘောတူညီချက်ကို ယင်းအချိန်မှစတင်မည်ဖြစ်ပြီး ခုနစ်နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု သိရသည်။

အဆိုပါအစီအစဉ်မှာ USAID မစ်ရှင်ဒါရိုက်တာနှင့်အသေးစားချေးငွေ အသင်းအဖွဲ့ ငါးဖွဲ့၏ ချေးငွေအစီအစဉ်ဖြစ်ပြီး ငွေကြေးကွာဟချက်ကို ဖြည့်နိုင်ရန် ပြည်တွင်းပုဂ္ဂလိက အရင်းအနှီးများကို လက်တွဲခေါ်ယူသည့်အနေဖြင့် အသုံးပြုမည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ပေးခြင်းဖြင့် ချေးငွေများကို လက်လှမ်းမီအောင်လုပ်ပေးခြင်း သို့မဟုတ် ချေးငွေများကို ပိုမိုကောင်းမွန်သော သတ်မှတ်ချက်ဖြင့် ထုတ်ပေးနိုင်ခြင်းတို့ကြောင့် ရင်းနှီးမြှုပ်နှံမှုများ၊ အလုပ်အကိုင်ဖန်တီးမှုများ၊ စီးပွားရေးကြီးထွားမှုနှုန်းများ တိုးတက်လာနိုင်သည်။

ထိုငွေချေးအစီအစဉ်တွင် အမျိုးသမီးများပိုင်သော လုပ်ငန်းအများစုကို ငွေချေးပေးသွားမည်ဖြစ်ပြီး လက်ရှိချေးပေးနေသောငွေကြေးပမာဏမှာ လုပ်ငန်းတစ်ခုတွင် အမေရိကန်ဒေါ်လာ ၂၀၀ မျှသာရှိသည်။ အစီအစဉ်သစ်တွင် အမေရိကန်ဒေါ်လာ ၅၀၀၀ အထိ ချေးယူနိုင်မည်ဖြစ်ရာ စီးပွားရေးလုပ်ငန်းများ ကြီးထွားလာစေရန် လုပ်ဆောင်ပေးသည့် အစီအစဉ်ဖြစ်သည်ဟု ဆိုနိုင်သည်။

ယင်းကာလတွင်ပင် မြန်မာနိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုများကိုပြန်လည်ရုပ်သိမ်းပေးခဲ့သည်။ ထို့အပြင် အထူးကုန်သွယ်မှုအခွင့်အရေး ပေးအပ်ရန်လည်း ထုတ်ပြန်ကြေညာခဲ့သည်။ ကုန်သွယ်မှုအထူးအခွင့် အရေးအစီအစဉ်အရ မြန်မာနိုင်ငံက အမေရိကန်သို့ ထုတ်ကုန်များတင်ပို့ရာတွင် အကောက်ခွန်လွတ်ငြိမ်းခွင့်ရရှိနိုင်မည်ဖြစ်၍ မြန်မာနိုင်ငံတွင် ကျယ်ပြန့်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထင်ဟပ်သည့် ဆောင်ရွက်ချက်များ ဖြစ်ပေါ်လာနိုင်သည့်အပြင် အလုပ်အကိုင်များ ပိုမိုဖြစ်ထွန်းလာနိုင်သည်။

ချေးငွေအစီအစဉ်အရ လယ်ယာစိုက်ပျိုးခြင်း၊ မွေးမြူရေးပြုလုပ်ခြင်း၊ ကုန်ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် စိုက်ပျိုးရေးကဏ္ဍတွင်လုပ်ကိုင်နေသည့် အသေးဆုံးနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ရည်ရွယ်ဆောင်ရွက်ပေးထားသော အခွင့်အလမ်းကောင်းများဖြစ်ရာ ချေးငွေများကို အကျိုးရှိထိရောက်အောင် ဆောင်ရွက်ကြဖို့လိုမည်။

မြန်မာနိုင်ငံ၏ အခြေခံစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် အရင်းအနှီးမလုံလောက်ခြင်းမှာ အဓိကအချက်ဖြစ်နေသည်။ ၂၀ ရာခိုင်နှုန်းထက်နည်းသော မြန်မာနိုင်ငံအတွင်းရှိ လူဦးရေသာလျှင် ထိုကဲ့သို့သောသက်သာမည့် ချေးငွေများကို ရရှိနိုင်ကြပြီး အများစုမှာ ပြင်ပတွင်အတိုးနှုန်းမြင့်မားသည့် ချေးငွေများဖြင့်သာ ရုန်းကန်လှုပ်ရှားနေကြသဖြင့် ဆင်းရဲတွင်း သံသရာတွင် နစ်မြုပ်နေကြသည်။

ယခုကဲ့သို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အကူအညီအထောက်အပံ့ကောင်းများရရှိချိန်တွင် ထိုအခွင့်အလမ်းကောင်းများကို မိမိရရအသုံးချ၍ မြန်မာနိုင်ငံအတွင်း အခြေခံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမှသည် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား နိုင်ငံခြားဧည့်သည်များ သီးခြားစီလာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ဩစတြီးယားနိုင်ငံအခြေစိုက် SFC Umwelttechnik GmbHကုမ္ပဏီမှ ဦးဆောင်ညွှန်ကြားရေးမှူးဖြစ်သူ Mr. Franz Urstoger ဦးဆောင်သောအဖွဲ့မှ ယမန်နေ့ နံနက် ၉ နာရီက ဝန်ကြီးရုံးမေဓာဝီခန်းမ၌ လာရောက်တွေ့ဆုံသည်။



တွေ့ဆုံစဉ် သဘာဝဘေးအန္တရာယ်ကျရောက်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်မည့် ရေသန့်စင်စက်နှင့် နည်းပညာများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဩစတြီးယားနိုင်ငံ UniCredit ဘဏ်မှ အတိုးမဲ့ချေးငွေဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ယင်းနေ့ နံနက် ၁၀ နာရီတွင် UNITED KINGDOM မှ Foreign and Commonwealth Office ၏ Minister of State, H.E. Rt Hon Baroness Anelay ဦးဆောင်သောအဖွဲ့မှ လာရောက်တွေ့ဆုံစဉ် အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စများ၊ လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာစီမံချက်ပါ အဓိကလုပ်ငန်းစဉ်များအကြောင်းနှင့် ချင်းပြည်နယ်တွင် ကနဦးစတင်ဆောင်ရွက်လျက်ရှိသည့် မိခင်နှင့် အသက် (၂) နှစ်အောက် ကလေးငယ်များအား ထောက်ပံ့ငွေပေးအပ်ရေး ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ရရှိရေးကိစ္စရပ်များ၊ ပဋိပက္ခဒေသများရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များအား အကြမ်းဖက်မှုမှကာကွယ်စောင့်ရှောက်ပေးရန်ကိစ္စရပ်များ၊ ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အလားတူ ယင်းနေ့ နံနက် ၁၁ နာရီတွင် HelpAge International Myanmar အဖွဲ့အစည်းမှ Country Director ဖြစ်သူ Mr. Godfred Paul ဦးဆောင်သောအဖွဲ့မှ လာရောက်တွေ့ဆုံစဉ် သက်ကြီးရွယ်အိုဆိုင်ရာ ဥပဒေအတည်ပြု ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေသော ကိစ္စရပ်များ၊ ဥပဒေပေါ်ပေါက်လာပြီး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက်များ၊ သက်ကြီး ရွယ်အို လူမှုရေးပင်စင် (Social Pension) ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသော ကိစ္စရပ်များ၊ သက်ကြီး ရွယ်အိုများနှင့် ပတ်သက်သည့် သုတေသနများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အသစ် ဖွဲ့စည်းထားရှိသော သုတေသနဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စ ရပ်များ၊ သက်ကြီးသူချင်း ကူညီစောင့် ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေး ခဲ့ကြသည်။

**(သတင်းစဉ်)**



## လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် စီမံကိန်းကျေးရွာများသို့ ကွင်းဆင်းလေ့လာ

**မောက်မယ် နိုဝင်ဘာ ၁၁**

ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီး လူမှုစီးပွားဘဝတိုးတက်မြင့်မားစေရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် နိုဝင်ဘာ ၉ ရက်က လင်းခေးခရိုင် မောက်မယ်မြို့နယ်အတွင်းရှိ စဉ့်ဝင်ကျေးရွာအုပ်စု မိုင်းယွန်း- တင်ကုန်း ကျေးရွာချင်းဆက်လမ်း၊ မိုင်းပုတ်ကျေးရွာ အုပ်စု ခိုဆိုင်း- နားလော့ ကျေးရွာချင်းဆက် လေးမိုင်ခန့်လမ်းကို ဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KfW) မှ Consultant အဖြစ် Mr. Geoffrey Ververs နှင့် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဇော်၊ မြို့နယ် ကျေးလက်ဦးစီးမှူးနှင့် အင်ဂျင်နီယာအဖွဲ့သည် လူထုတွေ့ဆုံပွဲများပြုလုပ်ကာ လုပ်ငန်းများအားလုံး အဆင်ပြေချောမွေ့စေရေး ကျေးရွာများအရောက်သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

ထို့ပြင် နိုဝင်ဘာ ၁၀ ရက်က ပန်းတန်ကျေးရွာအုပ်စု ထီလင်း-ဖာစန်းကျေးရွာ- လွိုင်ကောင်ကျေးရွာ- ပန်တခွါးကျေးရွာ ကျေးရွာချင်းဆက်လမ်း ရှစ်မိုင်ခန့်၊ ဟိုနမ့်ကျေးရွာအုပ်စုရှိ ဈေးကုန်းရွာနှင့် ခူဝိန်ကျေးရွာ ကျေးရွာချင်းဆက်လမ်း တစ်မိုင်ခွဲခန့်ကို ကတ္တရာလမ်းတိုးမြှင့်ခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါလမ်းများ အားလုံးပြီးစီးပါက နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးရွာနေပြည်သူများ ခရီးသွားလာမှု အဆင်ပြေချောမွေ့ပြီး လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

## အထူးထုတ်စာပို့တံဆိပ်ခေါင်း ရောင်းချပေးမည်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ 23rd ASEAN POSTAL BUSILESS MEETING အား အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ဂုဏ်ပြုသည့် အထိမ်းအမှတ်အနေဖြင့် အထူးထုတ်စာပို့တံဆိပ်ခေါင်း ၁၀၀ ကျပ်တန်နှင့် ၅၀၀ ကျပ်တန် နှစ်မျိုးတို့ကို နိုဝင်ဘာ ၂၁ ရက် (တနင်္လာနေ့) နံနက် ၉ နာရီခွဲမှစတင်၍ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ လုပ်ငန်းပြည့်စာတိုက်များ၌ ရောင်းချမည်ဖြစ်သည်။

အထူးအစီအစဉ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ နိုဝင်ဘာ ၂၁ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

### မီးလောင်လျှင်

(၁) ထွက်မပြေးပါနှင့် စိတ်ကိုတည်တည်ငြိမ်ငြိမ်ထားပါ။
(၂) ကြိတ်မငြိမ်းပါနှင့် ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(၃) နီးစပ်ရာ မီးသတ်စခန်းသို့ အမြန်ဆုံးအကြောင်းကြားပါ။
(၄) ဝိုင်းဝန်း၍ ကြိုးစားငြိမ်းသတ်ပါ။
(၅) မီးသတ်တပ်ဖွဲ့နှင့် ပြည်သူများ အချိန်မီပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီးမဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၄၇၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်တွင်းရေးရာ

## ❒ သိန်းတစ်ထောင်နီးပါးမှ

မြန်မာ့လူ့အဖွဲ့အစည်း၏ အပြောင်းအလဲအတွက် အထူးပင် အရေးပါလှပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေမန်းသူ အဝေးပြေးခရီးသည်ပို့ဆောင်ရေး လုပ်ငန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဦးမျိုးသန့်(ယာဉ်မောင်း)နှင့် ဦးမောင်မောင်(ယာဉ်အကူ)တို့သည် ၎င်းတို့မောင်းနှင်သည့် ခရီးသည်ပို့ဆောင်ရေးယာဉ်အမှတ် 1L/4506 ဖြင့် ဦးအောင်ကိုကို(ပရဟိတ)အဖွဲ့အား ၁၃-၉-၂၀၁၆ ရက်နေ့ မှ ၁၆-၉-၂၀၁၆ ရက်နေ့အထိ ရန်ကုန်မြို့တွင်းခရီးစဉ်များကို လိုက်ပါပို့ဆောင်ခဲ့ပါသည်။ ၁၅-၉-၂၀၁၆ ရက်နေ့ (၀၉း၄၀)နာရီချိန်ခန့်တွင် ခရီးသည်များဆင်းသွားပြီးနောက် ၎င်းတို့နှစ်ဦးက ယာဉ်အတွင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်စဉ် အမေရိကန်ဒေါ်လာ ၈၀၀၀၀ ပါရှိသော ပိုက်ဆံအိတ်တစ်လုံးအား တွေ့ရှိခဲ့ပါသည်။ ထိုသို့တွေ့ရှိသည့်အခြေအနေကို ယာဉ်ငှားရမ်းအသုံးပြုခဲ့သည့်ပရဟိတအဖွဲ့၏ခေါင်းဆောင်ဖြစ်သူထံ ချက်ချင်းအကြောင်းကြား၍ ပိုင်ရှင်ဖြစ်သူ ကိုရီးယားနိုင်ငံသား မစ္စတာ ဘတ်ချူးချူးထံသို့ ပြန်လည်ပေးအပ်ခဲ့ပါသည်။



ဦးမျိုးသန့် (ယာဉ်မောင်း)



ဦးမောင်မောင်(ယာဉ်အကူ)

၃။ ယာဉ်မောင်း ဦးမျိုးသန့်နှင့် ယာဉ်အကူ ဦးမောင်မောင်တို့သည် မြန်မာကျပ်ငွေ သိန်းတစ်ထောင်နီးပါးနှင့်ညီမျှသော အမေရိကန်ဒေါ်လာ ရှစ်သောင်းကို တွေ့ရှိရာတွင် လိုချင်တပ်မက်မှုအလျဉ်းမရှိဘဲ ကျင့်ဝတ်၊ သီလ၊ စာရိတ္တ ခိုင်မာစွာဖြင့် ပိုင်ရှင်ဖြစ်သူထံ ချက်ချင်းပြန်လည်ပေးအပ်ခဲ့ပါသည်။

၄။ သို့ဖြစ်၍ ယခုနှစ် အောက်တိုဘာလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွှေမန်းသူ အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်းမှ ဦးမျိုးသန့် (ယာဉ်မောင်း)နှင့် ဦးမောင်မောင် (ယာဉ်အကူ)တို့အား ရွေးချယ်၍ ဤကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်ပါသည်။

၅။ နိုင်ငံသူ နိုင်ငံသားများအနေဖြင့်လည်း ဦးမျိုးသန့်(ယာဉ်မောင်း)နှင့် ဦးမောင်မောင်(ယာဉ်အကူ)တို့ကဲ့သို့ပင် စာရိတ္တမဏ္ဍိုင်ကို ထိန်းသိမ်းလျက် ဖြူစင်ရိုးသားစွာဖြင့် ပိုမိုကောင်းမွန်သည့် အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးတွင် နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံလျက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

## ❖ ရွှေ့ဖုံးမှ

မြစ်ဆုံစီမံကိန်းလုပ်ငန်းခွင်ဧရိယာအတွင်း ကျရောက်သော ကျေးရွာငါးရွာအတွက် ရွှေ့ပြောင်းတည်ဆောက်ပေးထားသည့် အောင်မြင်သာနှင့် မလိယန်ကျေးရွာသစ်များသို့ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁၅ ရက်မှ ၁၇ ရက်အထိ သွားရောက်ကွင်းဆင်းလေ့လာခဲ့ပါသည်။ ကော်မရှင်အဖွဲ့ဝင်များသည် စက်တင်ဘာလ ၁၈ ရက်တွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံခဲ့ပြီး ကော်မရှင်အနေဖြင့် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများအား ရှင်းလင်းခြင်း၊ သက်ဆိုင်ရာလူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံများမှ ၎င်းတို့၏ သဘောထားများ၊ အကြံပြုချက်များ တင်ပြခြင်းနှင့် ကော်မရှင်မှသတင်းထုတ်ပြန်ချက် ကြေညာခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၄။ ကော်မရှင်သည် တရုတ်နိုင်ငံ၊ CPI Yunnan International Power Investment Co., Ltd. (CPIYN)နှင့် Changjiang Institute of Survey, Planning, Design and Research (CISPDR) တို့မှ တာဝန်ရှိသူများအား ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် နေပြည်တော်၌ ပထမအကြိမ် လက်ခံတွေ့ဆုံပြီး ဧရာဝတီ-မြစ်ဆုံ မြစ်ညာ မြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

၅။ CPI Yunnan International Power Investment Co., Ltd. (CPIYN) မှ တာဝန်ရှိသူများသည် ကော်မရှင်အား ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် နေပြည်တော်၌ ဒုတိယအကြိမ် လာရောက်တွေ့ဆုံ၍ ဧရာဝတီ-မြစ်ဆုံ မြစ်ညာ မြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို ထပ်မံတင်ပြခဲ့ကြပါသည်။

၆။ ကော်မရှင်သည် ဧရာဝတီ-မြစ်ဆုံ မြစ်ညာ မြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းများ၏ မူလ Environmental Impact Report အစီရင်ခံစာတွင် ဖော်ပြပါရှိသည့် သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်ထိခိုက်မှုများနှင့် ပတ်သက်၍ လေ့လာဆန်းစစ်မှုများကိုစိစစ်ရန် ပညာရပ်အထောက်အကူပြုအဖွဲ့အဖြစ် မြန်မာ့ပတ်ဝန်းကျင်အဖွဲ့ (Myanmar Environment Institute) ကို ၂၆-၁၀-၂၀၁၆ ရက်နေ့တွင် တာဝန်ပေးအပ်ခဲ့ပါသည်။

၇။ မြန်မာ့ပတ်ဝန်းကျင် (Myanmar Environment Institute) အဖွဲ့မှ မြန်မာပညာရှင် ၁၈ ဦးနှင့် နိုင်ငံခြားသားပညာရှင် နှစ်ဦးတို့သည် ဧရာဝတီ-မြစ်ဆုံ မြစ်ညာ မြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းများ၏ မူလ Environmental Impact Report အစီရင်ခံစာအားလေ့လာစိစစ်ခြင်း (Screening)၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအတွက် နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း (Scoping and Terms of Reference)၊ ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် ဆန်းစစ်ခြင်း (Field Survey and Rapid Assessment) တို့ကို ဆောင်ရွက်သွားကြမည်ဖြစ်ပြီး လူမှုဝန်းကျင်နှင့် ကျန်းမာရေးဆိုင်ရာတို့အပေါ် သက်ရောက်မှုများကိုလည်းလေ့လာသွားမည်ဖြစ်ပါသည်။

၈။ ကော်မရှင်အနေဖြင့် ဧရာဝတီ-မြစ်ဆုံ မြစ်ညာ မြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းများ လေ့လာစိစစ်သုံးသပ်ခြင်း ပထမအစီရင်ခံစာကိုပြုစုပြီး ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် နိုင်ငံတော်သမ္မတထံသို့ တင်ပြခဲ့ပြီးဖြစ်ပါသည်။ ပထမအစီရင်ခံစာတွင် ကော်မရှင်မှလေ့လာစုစည်းထားသော မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သည့် ရေအားလျှပ်စစ်အရင်းအမြစ်များနှင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ၊ ဧရာဝတီ-မြစ်ဆုံ မြစ်ညာ မြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းများဖြစ်ပေါ်လာပုံနှင့် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့် ဆက်စပ်သော စာချုပ်စာတမ်းများ၊ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် ကော်မရှင်၏ဆောင်ရွက်ချက်များ Factual Report ကို ထည့်သွင်းဖော်ပြထားပါသည်။ ကော်မရှင်အနေဖြင့် တွေ့ဆုံမေးမြန်းသင့်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် ထပ်မံတွေ့ဆုံမှုများ၊ လေ့လာစိစစ်သုံးသပ်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကော်မရှင်လုပ်ငန်းများကို ဆောင်ရွက်ဆဲဖြစ်သဖြင့် ယခုပထမအစီရင်ခံစာတွင် သုံးသပ်ချက်များ၊ အကြံပြုချက်များ ထည့်သွင်းတင်ပြထားခြင်း မရှိသေးပါကြောင်း ဖော်ပြအပ်ပါသည်။

၉။ ကော်မရှင်၏လုပ်ငန်းတာဝန်တွင် စီမံကိန်းများ ဆောင်ရွက်ခြင်းကြောင့် လူမှုပတ်ဝန်းကျင်၊ ဂေဟစနစ်အပါအဝင် သဘာဝပတ်ဝန်းကျင်အပေါ် ကောင်းကျိုးနှင့် ဆိုးကျိုးသက်ရောက်မှုများ၊ စီမံကိန်းများ ဆောင်ရွက်ခြင်းကြောင့် ဧရာဝတီမြစ် ရေရှည်တည်တံ့နိုင်မှုအပေါ် အကျိုးသက်ရောက်နိုင်မှုအခြေအနေနှင့် ဧရာဝတီမြစ်၏ ရေသယံဇာတများ ပျက်စီးဆုံးရှုံးနိုင်မှုအခြေအနေများ၊ ဒေသခံပြည်သူများနှင့် လူမှုအဖွဲ့အစည်းများ၏ ခံစားချက်များနှင့် သဘောထားအမြင်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ် အကျိုးသက်ရောက်နိုင်မှုအခြေအနေများ၊ အိမ်နီးချင်းနိုင်ငံများဖြစ်သည့်အားလျော်စွာ ချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိရေးစသည်တို့ကို ထည့်သွင်းစဉ်းစားပြီး မြန်မာနိုင်ငံနှင့် ပြည်ပရင်းနှီးမြှုပ်နှံသူတို့အကြား ညှိနှိုင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများနှင့် စီမံကိန်းများဆက်လက်ဆောင်ရွက်ရန်သင့်၊ မသင့်တို့ကို သုံးသပ်အကြံပြုတင်ပြရမည်ဖြစ်သဖြင့် ထိုတာဝန်များပြီးမြောက်အောင် ဆောင်ရွက်ပြီး အပြီးသတ်အစီရင်ခံစာကို နိုင်ငံတော်သမ္မတထံသို့ တင်ပြသွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ဧရာဝတီ-မြစ်ဆုံ မြစ်ညာ မြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ**
**လေ့လာစိစစ်သုံးသပ်ရေးကော်မရှင်**

ဂျပန်နိုင်ငံ ကိုဒိုကင်ဂျူဒို တက္ကသိုလ်တွင် ကျင်းပမည့် SUPPORT PROGRAM FOR SOUTH EAST COUNTRIES အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် အတွင်းရေးမှူး ဦးအောင်နိုင်ဆွေတို့အဖွဲ့အား နိုဝင်ဘာ ၁၀ ရက် ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှမထွက်ခွာမီ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

(စောသိန်းဝင်း)




## ❒ ကျောဖုံးမှ

အဆိုပါ မြို့နယ် လေးမြို့နယ်ကို Pilot Project အနေဖြင့် စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး နေရာအနေအထားအရ အစားအသောက် ရောင်းချသည့်စျေးဆိုင်များ၊ သစ်သီးဆိုင်များကို ဦးစားပေးပြောင်းရွှေ့သွားမည်ဖြစ်ကာ စျေးဆိုင်နေရာအား မဲနှိုက်ရွေးချယ်ပေးသွားမည်ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာန ဌာနမှူး ဦးမောင်မောင်ဇော်က အဆိုပါသတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းပြောကြားသည်။

"အားလုံးသိကြတဲ့အတိုင်းပါပဲ။ လမ်းဘေးပျံ့ကျ စျေးသည်တွေဟာ လူသွားစင်္ကြံပေါ်မှာသာမက လမ်းပေါ်မှာပါ စည်းကမ်းမဲ့ စျေးရောင်းတဲ့အတွက် ယာဉ်အသွားအလာ၊ လူအသွားအလာ အနှောင့်အယှက်ဖြစ်ရပါတယ်။ ဒါ့အပြင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုတွေကြောင့် ရေမြောင်းတွေ ပိတ်ဆို့စေတဲ့အပြင် ပတ်ဝန်းကျင်သန့်ရှင်းရေး ထိခိုက်မှုဖြစ်ပေါ်စေရုံသာမက ကျန်းမာရေးနဲ့ မညီညွတ်တဲ့ အစားအစာတွေ ရောင်းချနေတာကြောင့်လည်း စားသုံးသူတွေရဲ့ ကျန်းမာရေးထိခိုက်စေလျက်ရှိပါတယ်။ ဒါကြောင့်မို့ သင့်လျော်တဲ့နေရာမှာ မြေနေရာရှာဖွေပြီး ပြောင်းရွှေ့ရောင်းချစေရေးအတွက် ဒီမြို့နယ်လေးမြို့နယ်ကို စတင်ဆောင်ရွက်တာပါ။ ထွက်ပေါ်လာတဲ့ အခြေအနေအရ ကျန်မြို့နယ်တွေကိုပါ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဦးမောင်မောင်ဇော်က ရှင်းလင်းပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။

မြို့တွင်းမြို့နယ်လေးမြို့နယ်ရှိ ပျံ့ကျလမ်းဘေးစျေးသည်များကို ယခုလ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် စတင်ပြောင်းရွှေ့ နေရာချထားပေးမည်ဖြစ်သည်။ တစ်ပတ်အတွင်း ပြောင်းရွှေ့နိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်စေမည်ဟု သိရသည်။ စျေးဆိုင်များ ပြောင်းရွှေ့မှုမတိုင်မီတွင် ရောင်းချသူအမည်၊ ဓာတ်ပုံနှင့် ရောင်းချမည့်ကုန်စည်တို့ကို စနစ်တကျ သက်သေခံလက်မှတ်ပြုလုပ်ပေးမည်ဖြစ်ပြီး ကတ်ပြားအတု၊ လက်လွှဲရောင်းချခြင်းများ မပြုလုပ်နိုင်ရန် လုံခြုံရေးစနစ်ထည့်သွင်းထားကာ စစ်ဆေးဆောင်ရွက်သွားမည်ဟု သိရသည်။

ရန်ကုန်မြို့တွင်းရှိ ပျံ့ကျလမ်းဘေးစျေးသည်များ စည်းကမ်းတကျ စျေးရောင်းချနိုင်ရေးအတွက် စာရင်းပြုစုမှတ်တမ်းတင်ခြင်းများကို ယခုနှစ် ဇူလိုင်လအတွင်း ကြိုတင်ကောက်ခံခဲ့ပြီး သက်ဆိုင်ရာမြို့နယ်အလိုက် စနစ်တကျ မှတ်ပုံတင်ခဲ့ရာ အဆိုပါလေးမြို့နယ်အတွင်း လမ်းဘေးစျေးသည်စုစုပေါင်း ၆၀၄၁ ဦးရှိပြီး ယင်းအနက် ကမ်းနားလမ်းတွင် အကောင်အထည်ဖော်မည့် ညစျေးတန်းသို့ စျေးသည် ၁၆၀၀ ကျော်ခန့်ကို ပြောင်းရွှေ့နေရာချထားပေးမည်ဖြစ်သည်။ ကျန်စျေးသည်များအနေဖြင့်လည်း လမ်းမကြီးများပေါ်တွင် ရောင်းချခွင့်မရှိတော့ဘဲ လမ်းသွယ်များနှင့် နံပါတ်တပ်ထားသော လမ်းများတွင် သတ်မှတ်ချိန်အတိုင်း စနစ်တကျရောင်းချရမည်ဟု သိရသည်။

ကမ်းနားလမ်း ညစျေးတန်းဧရိယာအဖြစ် ကမ်းနားလမ်းတစ်လျှောက် အောင်ရတနာလမ်းမှ ပန်းဆိုးတန်းလမ်းအထိ၊ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်း (မဟာဗန္ဓုလနှင့် ကမ်းနားလမ်းကြား)တွင် သတ်မှတ်ပေးထားကြောင်း သိရသည်။

ညစျေးတန်းပြုလုပ်မည့် ကမ်းနားလမ်းတိုးချဲ့ဧရိယာတွင် ညစျေးတန်းဖွင့်လှစ်နိုင်ရေးအတွက် ၈ ပေ ပတ်လည်၊ ၆ ပေ ပတ်လည်၊ (၄×၈)ပေဆိုင်ခန်းနေရာသတ်မှတ်ခြင်း၊ စျေးဆိုင်ခန်းများအတွက် ရေ၊ လျှပ်စစ်မီး သွယ်တန်းပေးခြင်း၊ လုံခြုံရေးဆိုင်ရာအတွက် စီစီတီဗွီ ကင်မရာများတပ်ဆင်ခြင်း၊ အမှိုက်စွန့်ပစ်စနစ်အတွက် ဆောင်ရွက်ခြင်း၊ သန့်စင်ခန်းများ အသစ်စီစဉ်ပေးခြင်းတို့အပါအဝင် စနစ်တကျ ရောင်းချနိုင်ရေးအတွက် အခြေခံလိုအပ်ချက်များကို ငွေကြေးသုံးစွဲကာ ရေရှည်ရည်မှန်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ဌာနမှူး ဦးမောင်မောင်ဇော်က ပြန်လည်ဖြေကြားခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ ရေရှည်ရည်မှန်းတဲ့ နိုင်ငံတကာက ညစျေးတန်းလိုမျိုး ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအသောက်တွေ ရောင်းချဖို့နဲ့ စနစ်တကျ အမှိုက်စွန့်ပစ်ဖို့ ဆောင်ရွက်စေမှာပါ။ ရေအသုံးပြုရတဲ့ဆိုင်တွေအတွက် ရေသွယ်တန်းတာ၊ ရေစုကန်၊ ရေတွန်းစက်၊ ရေတိုင်ကီ/ရေစင် တည်ဆောက်ပေးတာ၊ အများပြည်သူ သန့်စင်ခန်းအတွက် နေရာခြောက်နေရာမှာ အသစ်တည်ဆောက်နေပါတယ်။ လျှပ်စစ်မီးအတွက် ထရန်စဖော်မာလေးလုံးနဲ့ Aerial Mast ၅၁ တိုင်ကို ဆောင်ရွက်ပေးမှာပါ။ လုံခြုံရေးအတွက် အဲဒီတိုင်တွေမှာ စီစီတီဗွီကင်မရာ ၁၃၇ လုံး တပ်ဆင်သွားမှာပါ။ စျေးရောင်းချပြီးတဲ့နောက်ပိုင်းမှာ သန့်ရှင်းရေးဆောင်ရွက်ပြီး အမှိုက်များကို စနစ်တကျ ပုံး/အိတ်နဲ့ ထည့်သွင်းစွန့်ပစ်ရမှာပါ"ဟု ဦးမောင်မောင်ဇော်က ရှင်းပြသည်။

အဆိုပါ လမ်းဘေးစျေးသည်များကို စျေးကောက်ကောက်ခံမည်မဟုတ်ဘဲ သက်သေခံ မှတ်ပုံတင်ကတ်ပြား ဆောင်ရွက်ခ နှစ်စဉ် ကျပ် ၅၀၀ ပေးသွင်းရမည်ဟု သိရသည်။ သို့သော် အမှိုက်သန့်ရှင်းရေးခအနေဖြင့် ၈ ပေပတ်လည်ဆိုင်ခန်းအတွက် တစ်ရက် ကျပ် ၃၀၀၊ (၄ × ၈) ပေ ဆိုင်ခန်းနှင့် ၆ ပေ ပတ်လည် ဆိုင်ခန်းအတွက် တစ်ရက် ကျပ် ၁၅၀၊ Aerial Mast များ ထွန်းပေးရာတွင် ကုန်ကျသည့် လျှပ်စစ်ဓာတ်အားခအနေဖြင့် ၈ ပေ ပတ်လည် ဆိုင်ခန်းအတွက် တစ်လလျှင် ကျပ် ၇၀၀၊ (၄ × ၈)ပေ ဆိုင်ခန်းနှင့် ၆ ပေ ဆိုင်ခန်းအတွက် တစ်လလျှင် ကျပ် ၃၅၀ သာ ကောက်ခံမည်ဖြစ်ပြီး ရေအသုံးပြုမှုတွင်လည်း ရေဖိုးရေခအနေဖြင့် ၈ ပေပတ်လည် ဆိုင်ခန်းများအတွက် တစ်ရက်လျှင် ကျပ် ၃၀၀၊ (၄ × ၈) ပေနှင့် ၆ ပေ ပတ်လည် ဆိုင်ခန်းအတွက် တစ်ရက် ကျပ် ၁၅၀ နှုန်း ပေးဆောင်ရမည်ဟု အဆိုပါသတင်းစာရှင်းလင်းပွဲမှ သိရသည်။

လမ်းဘေးစျေးသည်များ စနစ်တကျဖြစ်စေရေးအတွက် ကြီးကြပ်မှုလုပ်ငန်းကော်မတီကို ဖွဲ့စည်းထားပြီး ဥက္ကဋ္ဌအဖြစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ ဒုတိယဥက္ကဋ္ဌအဖြစ် ကော်မတီဝင် ၅၊ အတွင်းရေးမှူးအဖြစ် စီမံရေးရာဌာန ဌာနမှူး ဦးမောင်မောင်ဇော်က ဆောင်ရွက်မည်ဖြစ်ပြီး သက်ဆိုင်ရာ စည်ပင်သာယာဌာနများမှ ဌာနမှူးများ၊ အမှတ် (၂) ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ခွဲမှူး၊ အနောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး၊ ခရိုင်စည်ပင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူးများ အဖွဲ့ဝင်အဖြစ်ပါဝင်မည်ဖြစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသည်များကို စည်ပင်သာယာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဟု သိရသည်။

**ဆုနှင်းလှဲ့**
**ဓာတ်ပုံ - မောင်မောင်စော**

# အိန္ဒိယနှင့် ဂျပန်ဆက်ဆံရေး ခိုင်မာတိုးတက်မှု အာရှတိုက် တည်ငြိမ်ရေးအတွက် အထောက်အကူပြုမည်ဆို

**တိုကျို နိုဝင်ဘာ ၁၁**

မိမိ၏ နိုင်ငံနှင့် ဂျပန်နိုင်ငံတို့ ဆက်ဆံရေးခိုင်မာတိုးတက်ခြင်းသည် အာရှတိုက် တည်ငြိမ်ရေးအတွက် ကြီးစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံသို့ရောက်ရှိနေသော အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီက နိုဝင်ဘာ ၁၁ ရက်တွင် ပြောကြားလိုက်သည်။

၂၁ ရာစုသည် အာရှ၏ ရာစုနှစ်ဖြစ်ကြောင်း၊ ဂျပန်ရင်းနှီးမြှုပ်နှံသူများ အိန္ဒိယသို့ လာရောက်၍ ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်း ဝန်ကြီးချုပ်မိုဒီက ဂျပန်စီးပွားရေးလုပ်ငန်းအကြီးအကဲများကို တိုက်တွန်းပြောကြားသည်။

ဝန်ကြီးချုပ် မိုဒီ၏ ခရီးစဉ်အတွင်း အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့သည် သဘောတူညီချက် ၁၀ ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းသဘောတူညီချက်များတွင် အရပ်ဘက်သုံး နျူကလီးယားစွမ်းအင်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်လည်း ပါဝင်သည်။

ဝန်ကြီးချုပ် မိုဒီနှင့် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့၏ နှစ်ပတ်လည်ထိပ်သီးဆွေးနွေးပွဲအပြီး သဘောတူညီချက်များကို နှစ်ဖက်တာဝန်ရှိသူများ လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

အိန္ဒိယနှင့် ဂျပန်တို့၏ သမိုင်းဝင် သဘောတူညီချက်မှာ နျူကလီးယားသဘောတူညီချက်ဖြစ်ပြီး နျူကလီးယားစွမ်းအင်နယ်ပယ်ကဏ္ဍတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကို လမ်းဖွင့်ပေးထားသည်။

အဆိုပါ သဘောတူညီချက်အရ အိန္ဒိယနိုင်ငံ၌ နျူကလီးယားစွမ်းအင်စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်သည်။ ၎င်းအပြင် အိန္ဒိယ၏ အရပ်ဘက်သုံး နျူကလီးယားအစီအစဉ်တွင် နှစ်နိုင်ငံမှ စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် လမ်းဖွင့်ပေးထားသည်။

သဘောတူညီချက်တစ်ရပ်အရ လာမည့် ၁၀ နှစ်တာကာလပတ်လုံး ဂျပန်၏ကုန်ထုတ်လုပ်မှုပုံစံဖြင့် ကုန်ထုတ်လုပ်သည့် နည်းပညာရရှိရေး အိန္ဒိယလူငယ် ၃၀၀၀၀ ကို လေ့ကျင့်ပေးမည်ဖြစ်သည်။

အိန္ဒိယနှင့် ဂျပန်နိုင်ငံအကြား အာကာသနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး၊ လယ်ယာစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာထုတ်လုပ်မှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး၊ အိန္ဒိယ၏ အခြေခံအဆောက်အအုံတွင် ဂျပန်ရင်းနှီးမြှုပ်နှံရေး စသည့်သဘောတူညီမှုများကိုလည်း လက်မှတ်ရေးထိုးခဲ့ကြသည်။

**ပီတီအိုင်၊ ရိုက်တာ။**





## ရှန်ဟိုင်းမြို့တွင် ဆေးလိပ်သောက်ခြင်းကို တင်းကျပ်စွာတားမြစ်ပိတ်ပင်မည်

**ရှန်ဟိုင်း နိုဝင်ဘာ ၁၁**

၂၀၁၇ ခုနှစ် မတ်လမှစပြီး တရုတ်နိုင်ငံရှန်ဟိုင်းမြို့ရှိ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၊ လုပ်ငန်းခွင်များနှင့် ပို့ဆောင်ရေးဆိုင်ရာနေရာအများအပြားတွင် ဆေးလိပ်သောက်ခြင်းကို တင်းကျပ်စွာတားမြစ်ပိတ်ပင်မည် ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

လွန်ခဲ့သည့်ခြောက်နှစ်ကစပြီး ယခုအချိန်အထိ ကျင့်သုံးလျက်ရှိသည့် ဆေးလိပ်သောက်ခြင်း ထိန်းချုပ်မှုစည်းမျဉ်း၊ စည်းကမ်းများကို ရှန်ဟိုင်းပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီက နိုဝင်ဘာ ၁၁ ရက်တွင် ပြင်ဆင်ခဲ့သည်။

ကျင့်သုံးလျက်ရှိသည့် ဆေးလိပ်သောက်ခြင်းဥပဒေတွင် ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ ဖျော်ဖြေရေးစင်တာများ၊ လေဆိပ်များ၊ မီးရထားနှင့်ဆိပ်ကမ်းများတွင် ဆေးလိပ်သောက်သုံးသူများအတွက် ဆေးလိပ်သောက်သုံးရန် သီးခြားနေရာသတ်မှတ်ပေးထားသည်။ ယခုပြင်ဆင်ထားသည့်ဥပဒေတွင် အဆိုပါ ဆေးလိပ်သောက်သုံးသူများအတွက် သတ်မှတ်ပေးထားသော နေရာများကို တားမြစ်ပိတ်ပင်လိုက်သည်။ ထို့ပြင် ကလေးသူငယ်များ သွားလာကြသည့် နေရာအများအပြား အပါအဝင် ပြည်သူလူထုနှင့် သက်ဆိုင်သောနေရာများ၊ တက္ကသိုလ်ကျောင်းဝင်းများ၊ ကလေးဆေးရုံများတွင် ဆေးလိပ်သောက်သုံးခွင့်ကို တားမြစ်ပိတ်ပင်လိုက်ပြီဖြစ်သည်။ ပြပွဲရုံ၊ ကဇာတ်ရုံများအပါအဝင် ဘောလုံးကွင်းများ၏ ပရိသတ်ထိုင်ခုံများ၌ ဆေးလိပ် သောက်သုံးခွင့်ပိတ်ပင်လိုက်ပြီဖြစ်သည်။

တရုတ်နိုင်ငံတွင် ဆေးလိပ်သောက်သုံးသူဦးရေ ၃၁၆ သန်းရှိပြီး ဆေးလိပ် ကိုယ်တိုင်မသောက်ဘဲ ဆေးလိပ်အနံ့ရှူနေရသော လူဦးရေ သန်း ၇၄၀ ရှိသည်။ ၂၀၁၅ ခုနှစ် စစ်တမ်းတစ်ခုအရ ဆေးလိပ်သောက်သုံးခြင်းကြောင့် အဆုပ်ကင်ဆာဖြစ်ပွားသူအရေအတွက် ၇၃၃၀၀၀ ရှိခဲ့ကြောင်း သိရသည်။

ပေကျင်းမြို့အပါအဝင် တရုတ်နိုင်ငံ၏မြို့ ၁၆ မြို့တွင် ဆေးလိပ်သောက်သုံးခြင်းကို တားမြစ်ပိတ်ပင်သည့်ဥပဒေများ အသီးသီးပြဋ္ဌာန်းကျင့်သုံးလျက်ရှိသည်။ **ဆင်ဟွာ။**

## ဂျာမနီကောင်စစ်ဝန်ရုံးကို တာလီဘန်တစ်ဦး ဗုံးခွဲတိုက်ခိုက် လေးဦးထက်မနည်းသေဆုံးပြီး အများအပြားဒဏ်ရာရ

**ကဘူး နိုဝင်ဘာ ၁၁**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း မာဇာအီရှရစ်ဖ်မြို့ရှိ ဂျာမနီကောင်စစ်ဝန်ရုံး၏ တံတိုင်းနံရံကို တာလီဘန်စစ်သွေးကြွတစ်ဦးက ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသည့် ကုန်တင်ယာဉ်တစ်စီးဖြင့် အတင်းဝင်တိုက်ကာ အသေခံဗုံးခွဲ တိုက်ခိုက်ခဲ့ခြင်းကြောင့် အရပ်သား လေးဦးထက်မနည်းသေဆုံးပြီး လူအများအပြား ထိခိုက်ဒဏ်ရာရခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မကြာသေးမီလများမှစ၍ အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်းလုံးတွင် လုံခြုံရေးဆိုင်ရာပြဿနာများ ကြီးမားလာနေပုံကို ယခုအသေခံဗုံးဖောက်ခွဲမှုက ထင်ဟပ်နေကြောင်း သတင်းတွင် ဖော်ပြသည်။

နိုဝင်ဘာ ၁၀ ရက်နေ့ အနှောင်းပိုင်းတွင် ဖြစ်ပွားခဲ့သော ယင်းအသေခံကားဗုံး ဖောက်ခွဲတိုက်ခိုက်မှုကြောင့် ကောင်စစ်ဝန်ရုံး အဆောက်အအုံမှာ အပျက်အစီးကြီးမားခဲ့ကြောင်း၊ ဗုံးဖောက်ကွဲရာနေရာမှ ငါးကီလိုမီတာ (သုံးမိုင်) အကွာအဝေးအတွင်းရှိ အဆောက်အအုံများမှ ပြတင်းမှန်များကွဲကြေခဲ့ရကြောင်း၊ အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် လက်နက်အပြည့်အစုံ တပ်ဆင်ထားသော တာလီဘန် တိုက်ခိုက်ရေးသမားသည် အာဖဂန်နှင့် ဂျာမန်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ညနက်ပိုင်းအထိ တိုက်ခိုက်ခဲ့ကြောင်း နေတိုးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ကုန်တင်ယာဉ်တစ်စင်းပေါ်တွင် ပေါက်ကွဲစေနိုင်သောပစ္စည်းများ အပြည့်တင်ကာ ဖောက်ခွဲတိုက်ခိုက်သည့်ဖြစ်ရပ်မျိုး မာဇာအီရှရစ်ဖ်မြို့တွင် ယခင်က တစ်ကြိမ်မျှဖြစ်ပွားခဲ့ခြင်းမရှိကြောင်း ဘယ်လက်စ်ပြည်နယ်ရဲတပ်ဖွဲ့ ဒုတိယအကြီးအကဲ အဗ္ဗဒယ်ရာဇက် ကွာဒါရီက ပြောကြားသည်။

ယင်းဗုံးခွဲတိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရသူဦးရေ ၁၂၀ ရှိပြီး လေးဦးသေဆုံးကြောင်း၊ ဒဏ်ရာရသူအများစုမှာ လွင့်စဉ်လာသောမှန်ကွဲစများ ထိရှမှုကြောင့် ဒဏ်ရာရခြင်းဖြစ်ကြောင်း မာဇာအီ ရှရစ်ဖ်မြို့ရှိ ပြည်နယ်ဆေးရုံမှ ဆရာဝန်နူးမိုဟာမက်ဖဇ်က ပြောကြားသည်။

**ဆင်ဟွာ။**



ဗုံးခွဲတိုက်ခိုက်ခြင်းမခံရမီ အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း မာဇာအီရှရစ်ဖ်မြို့ရှိ ဂျာမနီကောင်စစ်ဝန်ရုံးကို တွေ့ရစဉ်။

## ကမ္ဘာကြီးပူနွေးလာမှု တိုက်ဖျက်ရေးလှုပ်ရှားမှုတွင် တရုတ်နိုင်ငံ ဦးဆောင်မှုပေးလာရဖွယ်ရှိ

**ပေကျင်း နိုဝင်ဘာ ၁၁**

အမေရိကန်ပြည်ထောင်စုတွင် သမ္မတအဖြစ် ဒေါ်နယ်ထရန့် ရွေးကောက်တင်မြှောက်ခံရခြင်းသည် ကမ္ဘာကြီးပူနွေးလာမှု တိုက်ဖျက်ရေး နိုင်ငံတကာလှုပ်ရှားမှုတွင် အမေရိကန်၏ ဦးဆောင်မှုကို အဆုံးသတ်စေဖွယ်ရှိကြောင်း၊ ကမ္ဘာကြီးပူနွေးမှု တိုက်ဖျက်ရေးလုပ်ငန်းကို တရုတ်နိုင်ငံက ဦးဆောင်မှုပေးလာရဖွယ်ရှိကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြသည်။

ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပါရီသဘောတူညီချက် ပေါ်ထွက်လာရေးအတွက် တရုတ်နိုင်ငံသည် သမ္မတဘားရက် အိုဘားမား၏ အစိုးရအဖွဲ့နှင့် ပူးပေါင်းလုပ်ကိုင်ခဲ့ကြောင်း၊ ကမ္ဘာပေါ်တွင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု အများဆုံးနိုင်ငံကြီး နှစ်နိုင်ငံဖြစ်ကြသော တရုတ်နှင့် အမေရိကန်တို့၏ ပူးပေါင်းဆောင်ရွက်မှုအရ ၂၀၁၅ ခုနှစ် ပါရီသဘောတူညီချက်ကို ကမ္ဘာ့နိုင်ငံပေါင်း ၂၀၀ ခန့်က ထောက်ခံလာစေရန် အကြောင်းဖြစ်စေကြောင်း တရုတ် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ မဟာဗျူဟာဌာန၏ ဒုတိယညွှန်ကြားရေးမှူး ကျူလီက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

**ရိုက်တာ။**

# ၂၀၁၅ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု ထုတ်ပြန်ကြေညာ တက္ကသိုလ်ဝင်းမွန်နှင့် တက္ကသိုလ်တင်ခတို့ ရရှိ

**ရန်ကုန် နိုဝင်ဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံးအားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် ဆရာကြီးဦးဝင်းမွန်(တက္ကသိုလ်ဝင်းမွန်)နှင့် ဆရာကြီးဦးတင်ခ (တက္ကသိုလ်တင်ခ)တို့အား ၂၀၁၅ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်လိုက်သည်။

အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဝင် ၆၈ဦးကို ဘာသာရပ်အလိုက်အဖွဲ့ငယ် (၁၃)ဖွဲ့ ဖွဲ့စည်းပြီး စာပေဆုရွေးချယ်စေခဲ့ပါသည်။ အဖွဲ့ငယ်တစ်ဖွဲ့လျှင် အမျိုးသားစာပေတစ်သက်တာဆုချီးမြှင့်ရန် ဆရာကြီးသုံးဦးစီ အမည်စာရင်းကို အဆိုပြုတင်သွင်းစေပြီး အဆိုပြုတင်သွင်းခြင်းခံရသော ဆရာကြီးများကို ကော်မတီဝင်တစ်ဦးချင်းစီက ကော်မတီဝင်စာပေပညာရှင်အားလုံး ရှေ့မှောက်၌ ပွင့်လင်းမြင်သာစွာ ဆန္ဒမဲပေးရွေးချယ်ခဲ့ခြင်းဖြစ်သည်။

အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၀၁ ခုနှစ်ကပင် စတင်ချီးမြှင့်ခဲ့ပြီး ဆုရရှိပြီးသော ပညာရှင်ကြီးများမှာ စည်သူဦးလှကြိုင်(ပါရဂူ)(ကွယ်လွန်)၊ စည်သူဦးထင်ဖတ် (မောင်ထင်) (ကွယ်လွန်)၊ စည်သူဦးငွေမောင်(ငွေမောင်)၊ စည်သူဦးလေးမြိုင်(လေးမြိုင်)၊ စည်သူဒေါ်ရင်ရင် (စောမုံညင်း)(ကွယ်လွန်)၊ စည်သူဒေါ်ကြန်(မကြန်)၊ စည်သူဦးကြည်အေး (ဆင်ဖြူကျွန်းအောင်သိန်း)၊ စည်သူဒေါက်တာကျော်စိန်(ဒေါက်တာကျော်စိန်) (ကွယ်လွန်)၊ စည်သူဒေါက်တာခင်မောင်ညွန့်၊ စည်သူဒေါက်တာသော်ကောင်း၊ ဦးဝင်းမောင် (မင်းယုဝေ)၊ ဒေါ်ခင်ဆွေဦး(ခင်ဆွေဦး)၊ ဦးအောင်သင်း(အောင်သင်း)(ကွယ်လွန်)၊ ဦးတင်မောင် (သိပ္ပံမျိုးတင်)(ကွယ်လွန်)၊ ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)၊ စည်သူဦးတင်လှိုင်(လယ်တွင်းသားစောချစ်)၊ ဦးမြင့်ကြည်(တက္ကသိုလ်မြတ်စိုး)၊ ဦးဝင်းဖေ(မြဇင်)၊ ဦးခင်မောင်စိုး (မောင်ပေါ်ထွန်း)၊ ဦးကိုလေး (ကိုလေး အင်းဝဂုဏ်ရည်) တို့ဖြစ်ကြသည်။ ၂၀၁၂ ခုနှစ်မှစ၍ အမျိုးသားစာပေတစ်သက်တာဆုရှင် သုံးဦးအထိ တိုးမြှင့်ချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှေးရှုသောအားဖြင့် စာပေပညာရှင်ကြီးနှစ်ဦးကို ဆက်လက်ရွေးချယ် ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆုငွေများချီးမြှင့်ရာတွင် ယခင်အမျိုးသားစာပေတစ်သက်တာဆုကို တစ်ဦးလျှင် ကျပ် ခြောက်သိန်းအထိ ချီးမြှင့်ခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် ကျပ် ၁၀သိန်းအထိလည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် ကျပ် ၁၅သိန်းအထိလည်းကောင်း၊ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် ကျပ် ၂၅သိန်းအထိလည်းကောင်း အဆင့်ဆင့်တိုးမြှင့်ခဲ့ပြီး ယခုနှစ်တွင်လည်း ကျပ် ၂၅သိန်း ချီးမြှင့်သွားမည်ဖြစ်သည်။

အဆိုပါဆုများကို နိုဝင်ဘာ ၃၀ ရက် (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ပြန်ကြားရေး၊ ဆက်သွယ်ရေးနှင့် သတင်းမီဒီယာနယ်ပယ်၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲတက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ဝင်များ ပြင်သစ်နိုင်ငံ ပါရီမြို့သို့ ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၁၁**

ပြင်သစ်နိုင်ငံ ပါရီမြို့၌ကျင်းပမည့် ပြန်ကြားရေး၊ ဆက်သွယ်ရေးနှင့် သတင်းမီဒီယာနယ်ပယ်၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲသို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံရုံးမှ ဒုတိယသံအမတ်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အတူ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေ၊ ပြည်သူ့လွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ကျော်နှင့် ဦးအောင်ရှင်(မုံရွာအောင်ရှင်)တို့ လိုက်ပါသွားကြသည်။

**(သတင်းစဉ်)**

❒

# ၂၀၁၅ ခုနှစ်အတွက် အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ

**ရန်ကုန် နိုဝင်ဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၁၅ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခြင်းခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတိုပေါင်းချုပ်စာပေဆုတွင် သတိုးရေးသားသည့် ပတ္တမြားလုံ့တံ ဝတ္ထုတိုများ(ကောင်းဆုသာစာပေတိုက်)၊ ကဗျာပေါင်းချုပ်စာပေဆုတွင် ဇော်မျိုးဟန်(ငါးသိုင်းချောင်း) ရေးသားသည့် ပန်းနုကြည်ပြာကဗျာများ(နိုင်ငံ့ဂုဏ်ရည်စာပေတိုက်)၊ စာပဒေသာစာပေဆုတွင် ဒေါက်တာမခင်မြင့် ရေးသားသည့် ကျမ်းများအဆီဘာရတီနှင့် အခြားဆောင်းပါးများ (ဂန္ထဝင်စာပေတိုက်)၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုတွင် သုတေသီမောင်မောင် ရေးသားသည့် မြန်မာနိုင်ငံဓာတ်ပြားသမိုင်းသုတေသနကျမ်း(၁၈၅၇-၁၉၇၇) (ချမ်းသာစာပေတိုက်)၊ ကလေးစာပေဆုတွင် ချမ်းဝဏ္ဏစိုးဝင်း(တိုက်ကြီး) ရေးသားသည့် တာဝန်ကိုယ်စီရှိကြသည်နှင့် ကလေးဝတ္ထုတိုများ (တော်ဝင်ပန်းစာပေတိုက်)၊ ဘာသာပြန်(သုတ)စာပေဆုတွင် ညိုအုံ့ရေးသားသည့် ခရီးကန္တာ (ရွက်စိမ်းစာပေတိုက်)၊ သုတပဒေသာ(ဝိဇ္ဇာ)စာပေဆုတွင် မောင်လေးတင့်ရေးသားသည့် တနင်္သာရီတိုင်းဒေသကြီးနောက်ခံသမိုင်းမှတ်စု(ပါရမီစာပေတိုက်)၊ သုတပဒေသာ (အသုံးချသိပ္ပံ)စာပေဆုတွင် ဒေါက်တာခင်မျိုးဟန်(ကလေးအထူးကုဆရာဝန်ကြီး) ရေးသားသည့် ရင်သွေးတို့အရွယ်သဘာဝအလိုက်ပြုစုပျိုးထောင်ရေး (Wisdom House)၊ နိုင်ငံရေးစာပေဆုတွင် ပါမောက္ခဒေါက်တာဒေါ်စန်းစန်းမြင့် ရေးသားသည့် ဖဆပလခေတ်မြန်မာ့နိုင်ငံရေးသမိုင်း (၁၉၄၈-၁၉၅၈)(သီဟရတနာစာပေတိုက်)၊ အင်္ဂလိပ်ဘာသာရပ်(သုတ) စာပေဆုတွင် Terence Tan ရေးသားသည့် Ancient Jewellery of Myanmar from Prehistory to Pyu Period (မုဒိုစာပေတိုက်)၊ အင်္ဂလိပ်ဘာသာရပ်(ရသ)စာပေဆုတွင် အောင်မျိုးမင်းရေးသားသည့် Beloved Country (မင်းမျိုးအောင်စာပေတိုက်)တို့ ဖြစ်သည်။

အမျိုးသားစာပေဆုဘာသာရပ်များကို အမျိုးအစားတိုးမြှင့်ချီးမြှင့်ခဲ့ရာ ၂၀၁၀ ပြည့်နှစ်မှစတင်၍ အင်္ဂလိပ်ဘာသာစာပေဆုကိုလည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် အဆိုပါ အင်္ဂလိပ်ဘာသာစာအုပ်ဆုကို သုတနှင့်ရသ ခွဲခြား၍လည်းကောင်း ချီးမြှင့်ခဲ့သည့်အတွက် စုစုပေါင်းဘာသာရပ် ၁၆မျိုး ဖြစ်လာခဲ့သည်။ အင်္ဂလိပ်ဘာသာစာအုပ်ဆု ချီးမြှင့်ရာတွင် ၂၀၁၄ ခုနှစ်မှစ၍ မြန်မာဘာသာ (သို့မဟုတ်) တိုင်းရင်းသားဘာသာဖြင့် ရေးသားထားသောစာအုပ်ကို အင်္ဂလိပ်ဘာသာအဖြစ်ရေးသားထားသည့် စာအုပ်များကိုပါ ထည့်သွင်းရွေးချယ် ချီးမြှင့်ခဲ့သည်။

၂၀၁၅ ခုနှစ်အတွက် အမျိုးသားစာပေဆုတွင် ဝတ္ထုရှည်၊ ပြဇာတ်၊ လူငယ်စာပေ၊ ဘာသာပြန်(ရသ)၊ သုတပဒေသာ(ရိုးရိုးသိပ္ပံ)၊ စာပေဆု ငါးမျိုးကို ရွေးချယ်ချီးမြှင့်နိုင်ခြင်း မရှိကြောင်း သိရသည်။

အမျိုးသားစာပေဆုကို ယခင်က ကျပ်သုံးသိန်း ချီးမြှင့်ခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် ကျပ်ငါးသိန်း အထိလည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် ကျပ် ၁၀ သိန်းအထိလည်းကောင်း၊ ၂၀၁၃ ခုနှစ် နှင့် ၂၀၁၄ ခုနှစ်တို့တွင် ကျပ် ၁၅ သိန်းအထိလည်းကောင်း အဆင့်ဆင့်တိုးမြှင့်ခဲ့သည်။ ယခုနှစ်တွင်လည်း ကျပ် ၁၅သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများပါဝင်သောပုဂ္ဂိုလ် (၆၈) ဦးဖြင့် ဖွဲ့စည်းထားသည်။ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနက အမျိုးသားစာပေဆုရွေးချယ်ရေးအတွက် စာအုပ်များပေးပို့နိုင်ခြင်း မရှိတော့သဖြင့် စာရေးသူများ၊ ထုတ်ဝေသူများက ပေးပို့သောစာအုပ်များကို သက်ဆိုင်ရာဘာသာရပ်အလိုက် ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့် သုံးဆင့်ဖြင့် စနစ်တကျ ရွေးချယ်ခဲ့ကြခြင်း ဖြစ်သည်။

ဆုရရှိသူများသည် ရန်ကုန်တွင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း၊ စာပေဗိမာန်ရှိ စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ တယ်လီဖုန်းအမှတ် ၀၁-၃၇၆၅၆၉၊ ၀၁-၃၇၄၅၃၂၊ ၀၁-၃၈၁၄၄၉ တို့သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅ × ၇)လက်မ ရောင်စုံဓာတ်ပုံ နှစ်ပုံနှင့် ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ နှစ်ပုံစီကို ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်တကွ ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း ပေးပို့ရန်နှိုးဆော်ထားကြောင်း သိရသည်။

ဆုရစာအုပ်များကို ထုတ်ဝေသည့် စာပေတိုက်များကိုလည်း ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်နိုင်ရေးအတွက် ဖိတ်ကြားသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါဆုများကို နိုဝင်ဘာ ၃၀ ရက် (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

**ရန်ကုန် နိုဝင်ဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသောစာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ပထမဆုကို ဈာန်လင်းထက်၏ "ရက်ကန်းစင်တောင်ခြေတွင် ရှင်မွေးလွန်းနေသည်" ကလည်းကောင်း၊ ဒုတိယဆုကို တောင်တွင်းကိုရင်ဩ၏ "မီးငှက်တစ်ကောင်ရဲ့ခြသေ့်လည်ပြန်" ကလည်းကောင်း၊ တတိယဆုကို ဇော်လွင်ဦး(ဟသ်ာတ)၏ "အရာတော်ကမ်းကလွမ်းမပြေ"ကလည်းကောင်း ရရှိကြသည်။

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို သုတိဩဘာ(ဆင်ပေါင်ဝဲ)၏ "ယောပုဆိုးနှင့် ကြွခဲ့ပါ အပါအဝင် အခြားဝတ္ထုတိုများ" ကလည်းကောင်း၊ ဒုတိယဆုကို မောင်နေခြည်(ပြည်)၏ "နှလုံးသားထဲက ခဲလက်ရေးနှင့် အခြားဝတ္ထုတိုများ"ကလည်းကောင်း၊ တတိယဆုကို ကံမြင့်မော်၏ "အရုဏ်ကျင်းလို့ လင်းလုပြီကိုနှင့် အခြားဝတ္ထုတိုများ" ကလည်းကောင်း ရရှိကြသည်။

ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို ချမ်းမြသော်၏ "မိုးသောက်ဂီတကဗျာများ"ကလည်းကောင်း၊ ဒုတိယဆုကို ခက်လှိုင်းကျော်၏ "ဝေရဲရဲကြွေရဲရဲ စေတနာပန်းပွင့်များ"ကလည်းကောင်း၊ တတိယဆုကို ဆန်းလွင်(မြန်မာစာ)၏ "မြန်မာ့ဂုဏ်ရည်"ကလည်းကောင်း ရရှိကြသည်။

သုတပဒေသာ(ဝိဇ္ဇာ)ဆုတွင် ပထမဆုကို နန္ဒာမင်းလွင်၏ "စည်းခုံတော်သမိုင်းနှင့်စစ်ကိုင်းတွင် မော်ကွန်းတင်ခဲ့သည့် ပုဂ္ဂိုလ်များ"ကလည်းကောင်း၊ ဒုတိယဆုကို ဇွဲသန်းသျှင်း(သုံးဆယ်)၏ "သူ့ကျွန်မခံဆရာစံ" ကလည်းကောင်း၊ တတိယဆုကို မောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်)၏ "စက်တော်ရာအနုပညာ"ကလည်းကောင်း ရရှိကြသည်။

သုတပဒေသာ(သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်)ဆုတွင် ပထမဆု အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)၏ "မြန်မာ့သိပ္ပံနည်းကျတိရစ္ဆာန်ဆေးကုပညာ"ကလည်းကောင်း၊ ဒုတိယဆုကို ဒေါက်တာစန်းဝင်း(သစ်တောတက္ကသိုလ်)၏ "စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအားလုံး၏ ရည်ရွယ်ချက်" ကလည်းကောင်း၊

**စာမျက်နှာ ၆ သို့** ❑

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Gorizia ပြည်နယ် Villesse ရှိ Goriziane Group သို့ သွားရောက်လေ့လာ

**နေပြည်တော် နိုဝင်ဘာ ၁၁**

အီတလီနိုင်ငံ ဗင်းနစ်မြို့၌ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့သည် အီတလီနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမြင့်နောင်နှင့်အတူ နိုဝင်ဘာ ၁၀ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် Gorizia ပြည်နယ် Villesse ရှိ Goriziane Group သို့သွားရောက်လေ့လာသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား Goriziane Group ၏ President and Chief Executive Officer ဖြစ်သူ Mr.Pierluigi Zanin နှင့် တာဝန်ရှိသူများက ကုမ္ပဏီအစည်းအဝေးခန်းမ၌ ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား ကုမ္ပဏီမှ တာဝန်ရှိသူများက အစည်းအဝေးခန်းမ၌ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး စက်ရုံအတွင်းလှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် Danieli ကုမ္ပဏီရုံးချုပ်သို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ကုမ္ပဏီရုံးချုပ်အနီးရှိ စတီးလ်ပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံနှင့် ABS Steel Works စက်ရုံများသို့လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

# တစ်သက်တာစာပေဆုရ တက္ကသိုလ်ဝင်းမွန်နှင့် တက္ကသိုလ်တင်ခ

ရန်ကုန် နိုဝင်ဘာ ၁၁

**ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီသည် မြန်မာစာပေကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး ရေးသားပြုစုလာသည်ကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် ဆရာကြီး ဦးဝင်းမွန်(တက္ကသိုလ်ဝင်းမွန်)နှင့် ဆရာကြီးဦးတင်ခ(တက္ကသိုလ်တင်ခ)တို့အား ၂၀၁၅ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်လိုက်သည်။**



ဆရာကြီးဦးတင်ခ(တက္ကသိုလ်တင်ခ)။



ဆရာကြီးဦးဝင်းမွန်(တက္ကသိုလ်ဝင်းမွန်)။

ဆရာကြီးဦးဝင်းမွန် (တက္ကသိုလ်ဝင်းမွန်)သည် ၁၉၅၉ ခုနှစ် မတ်လမှစတင်ကာ စာပေများစတင်ရေးသားခဲ့ခြင်းဖြင့် စာပေလောကသို့ စတင်ဝင်ရောက်လာခဲ့သည်။ စာပေရေးသားရာတွင် မြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါး၊ စာတမ်း၊ စာအုပ်များကို တက္ကသိုလ်ဝင်းမွန် ကလောင်အမည်ဖြင့် ရေးသားခဲ့ခြင်းဖြစ်သည်။ ၁၉၆၈ ခုနှစ်တွင် "ခေတ်သစ်ကဗျာမိတ်ဖွဲ့" စာအုပ်ဖြင့် အမျိုးသားစာပေ၊ စာပဒေသာဆုများ ချီးမြှင့်ခံခဲ့ရသည်။ ၁၉၆၈ ခုနှစ်တွင် ဆာဝေါလတာစကော့၏ Quentin Durward ဝတ္ထုကို ရဲသွေးနီနီ အမည်ဖြင့် မြန်မာပြန်ရာ ထိုဘာသာပြန်ဝတ္ထုဖြင့် ၁၉၆၈ ခုနှစ်တွင် အမျိုးသားစာပေ၊ ဘာသာပြန်စာပေဆုကို ရရှိခဲ့သည်။

ဆရာကြီးဦးဝင်းမွန်(တက္ကသိုလ်ဝင်းမွန်)သည် အောင်ခန့်ကလောင်အမည်ဖြင့်လည်း ဆာရိုက်ဒါ ဟက်ဂက် ဝတ္ထုအမြောက်အမြားနှင့် အခြားကမ္ဘာ့ဝတ္ထုဆရာကြီးများ၏ ဂန္ထဝင်ဝတ္ထုများ၊ စွန့်စားခန်းဝတ္ထုများကို မြန်မာပြန်ဆို၍ စာပေလောကအကျိုးကို သယ်ပိုးခဲ့သည်။ ထိုသို့ဘာသာပြန်ရာ စာအုပ်ပေါင်း ၆၀ ကျော်ကို ရေးသားထုတ်ဝေထားသည်။

ဆရာကြီးကို ၁၉၃၉ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ပဲခူးတိုင်း သနပ်ပင်မြို့နယ် ကမာစဲကျေးရွာ၌ အဘ ဦးအောင်သန်းခင်၊ အမိ ဒေါ်သန်းကြည်တို့က မွေးဖွားခဲ့သည်။ အမည်ရင်းမှာ ဦးဝင်းမြင့်(ခေါ်) ဦးဝင်းဆွေ ဖြစ်သည်။

ပဲခူးမြို့နယ် အစိုးရအထက်တန်းကျောင်းမှ ၁၉၅၆ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ခဲ့ပြီး ၁၉၆၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။

ဆရာကြီး တက္ကသိုလ်ဝင်းမွန်သည် နောက်ဆုံးအချိန် အနားယူခဲ့သည်အထိ မြန်မာစာကျွမ်းကျင်သူအဖြစ် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ မြန်မာစာပါရဂူသင်တန်းသားများကို စာပေပို့ချသည့် တာဝန်ထမ်းဆောင်ခဲ့သည်။

အမျိုးသားစာပေ တစ်သက်တာစာပေဆု ချီးမြှင့်ခံခဲ့ရသော ဆရာကြီးတက္ကသိုလ်တင်ခသည် ၁၉၅၇ ခုနှစ် ဧပြီလ၏ သကြ်န်အထူးထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြခဲ့သော "ပွဲသဘင် မန္တလေးချင် ဆင်နွှမ်းကာပ" အချိုးကဗျာဖြင့် စာပေလောကသို့ စတင်ဝင်ရောက်လာခဲ့သည်။ ဆရာကြီးသည် ၁၉၅၉ ခုနှစ် သက်လျာမဂ္ဂဇင်း ကဗျာပြိုင်ပွဲတွင် "ပညာ"ဆိုသော ကဗျာဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာမှ တက္ကသိုလ်တင်ခ ကလောင်အမည်ကို စတင်ရယူခဲ့ပြီး အဆိုပါကလောင်ဖြင့်ပင် ကဗျာနှင့် ဆောင်းပါးများစွာကို ရေးသားခဲ့ခြင်းဖြစ်သည်။ ပြည်ထောင်စုနေ့ လုပ်သားပြည်သူ့ နေ့စဉ်အထူးထုတ်များတွင်လည်း ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်မှစတင်ကာ "မြန်မာဟူသောဝေါဟာရကို မြန်မာစာပေတွင် တွေ့ရှိချက်များ" ခေါင်းစဉ်ဖြင့် ဆောင်းပါးများရေးသားခဲ့သည်။

၁၉၉၃ ခုနှစ်တွင် မြန်မာ့ဇာတိမာန် အဘိဓာန်စာအုပ်ဖြင့် အမျိုးသားစာပေဆု ချီးမြှင့်ခံခဲ့ရပြီး ၁၉၉၅ ခုနှစ်တွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး တာဝန်များကိုလည်း ထမ်းဆောင်ခဲ့သည်။ ထို့အပြင် ၁၉၉၅ ခုနှစ်မှစတင်ကာ စစ်တက္ကသိုလ်တွင် မြန်မာစာဌာနမှူး၊ ပါမောက္ခတစ်ဦးအနေဖြင့် ၂၀၀၅ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုကာလများတွင် "ချီလေတဲ့ချီလေ" တိုင်းကျိုးပြည်ပြု ဆောင်းပါးများကို မြန်မာနှင့် အင်္ဂလိပ်လို ရေးသားခဲ့သည်။ ဤသို့ဖြင့် ၁၉၉၄-၁၉၉၅ ခုနှစ်တွင် ခရီးသွားပြီး ရေးသားခဲ့သည့်ဆောင်းပါးများထဲမှ ၃၄ ပုဒ်ကို ရွေးထုတ်ပြီး "ချီလေတဲ့ချီလေ" ဆောင်းပါးပေါင်းချုပ်ကို ထုတ်ဝေခဲ့သည်။ တက္ကသိုလ်တင်ခသည် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ(၁) တာဝန်များကိုလည်း ထမ်းဆောင်ခဲ့ပြီး ၁၉၉၅-၂၀၀၄ ခုနှစ်အထိ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့တွင် ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့သည်။

ဆရာကြီးသည် တက္ကသိုလ်တင်ခ ကလောင်အပြင် စာနယ်ဇင်းလင်းအောင်၊ နောင်စစ်သည်၊ တက္ကသိုလ်ဆရာတစ်ဦး၊ ဆရာခစသည့် ကလောင်များစွာဖြင့်လည်း စာပေတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ဆရာကြီးသည် စာအုပ်ပေါင်း ၁၂ အုပ်ကို ရေးသားထုတ်ဝေထားပြီးဖြစ်သည်။

တက္ကသိုလ်တင်ခသည် ၂၀၁၃ ခုနှစ်တွင် ပခုက္ကူ ဦးအုန်းဖေ တစ်သက်တာစာပေဆုကို ချီးမြှင့်ခံခဲ့ရပြီး ၂၀၁၅ ခုနှစ်တွင် ထွန်းဖောင်ဒေးရှင်း၏ တစ်သက်တာစာပေဆုကိုလည်း ချီးမြှင့်ခံခဲ့ရသည်။

ဆရာကြီးကို ၁၉၄၀ ပြည့်နှစ် ဇန်နဝါရီ ၂၇ ရက်တွင်မွန်ပြည်နယ် သထုံခရိုင် ကျိုက်ကော်သိမ်ဆိပ်မြို့ရှိ တိုက်ကလေးကျေးရွာတွင်မွေးဖွားခဲ့သည်။ အထက(၂) တာမွေမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပြီး ၁၉၇၄-၇၈ ခုနှစ်တွင် တက္ကသိုလ်မြန်မာစာနည်းပြစစ်မှုထမ်း ဗိုလ်ကြီးဘဝဖြင့် မဟာဝိဇ္ဇာတက်ခွင့်ရခဲ့ပြီး မဟာဝိဇ္ဇာ(ဂုဏ်ထူး) ဖြင့် ဘွဲ့ရရှိခဲ့သည်။

**သတင်း - ညီညီ**
**ဓာတ်ပုံ - ဌေးအောင်**

**❑စာမျက်နှာ ၅ မှ**

တတိယဆုကို ဒေါက်တာမြင့်သန်း(ညောင်လေးပင်)၏ "အိပ်စက်ခြင်းနှင့်ကျန်းမာရေး" ကလည်းကောင်း ရရှိကြသည်။

စာပဒေသာဆုတွင် ပထမဆုကို ရွှေညောင်မြေမောင်စန်းမြင့်၏ "မဲဇာမြိုင်ဂနိုင်တွင်းမှာ ပန်းတစ်ခင်းပျိုးခဲ့တယ်"ကလည်းကောင်း၊ ဒုတိယဆုကို ဇော်လွင်ဦး(ဟသ်ာတ)၏ "ကန္ဒရဝတီ ငွေတောင်ပြည်သို့"ကလည်းကောင်း၊ တတိယဆုကို ဦးသောင်းငွေ၏"မေရှင့်ဘဝဂီတရုပ်ရှင်" ကလည်းကောင်း ရရှိကြသည်။

မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေဆုတွင် ပထမဆုကို ပန်းချီမိုးကျော်သန့်၏ "မြန်မာနှင့်ပန်းချီအနုပညာပြတိုက်များ" က လည်းကောင်း၊ ဒုတိယဆုကို ဇော်လွင်ဦး(ဟသ်ာတ) ၏ "ပန်းပဲစွမ်းအားမြန်မာ့မင်းလမ်းခါး" ကလည်းကောင်း၊ တတိယဆုကို ဝိသဇ္ဇက(ပဲခူး)၏ "ရက္ခပူရယဉ်ကျေးမှုအလှ" ကလည်းကောင်း ရရှိကြသည်။

ကလေးစာပေဆုတွင် ပထမဆုကို မေဇွန်အေး၏ "နေခြည်နုနုပန်းကလေးများ" ကလည်းကောင်း၊ ဒုတိယဆုကို ဝမ်းထက်မိုး(ဇီနဲ့-အောင်လံ)၏ "ဖူးငုံပန်းကလေးများ လန်းလန်းရွှင်ရွှင် အပြုံးဝေဝေလွင်နှင့် အခြားကလေးဝတ္ထုတိုများ" ကလည်းကောင်း၊ တတိယဆုကို နန္ဒာမိုးကြယ်၏ "ငြိမ်းချမ်းတဲ့ဆု ကလေးကဗျာများ" ကလည်းကောင်း ရရှိကြသည်။

လူငယ်စာပေဆုတွင် ပထမဆုကို အောင်နှင်း၏ "စာသင်ခွင့်ရတစ်ခဏနှင့် ပညာတော်သင်ကာလ အမှတ်တရပေးစာများ" ကလည်းကောင်း၊ ဒုတိယဆုကို ကိုရွှေသံ (မြန်မာစာ)၏ "မြစ်ရောနဒီကြောဝယ်" ကလည်းကောင်း ရရှိကြသည်။

ပြဇာတ်စာပေဆုတွင် ပထမဆုကို ဝဇီရာဝင်းကြည်၏ "ရာမယဏ ဆိုငို၊ ပြော ဇာတ်တော်ကြီး" ကလည်းကောင်း၊ ဒုတိယဆုကို ကြာညိုချစ်ဝေ(ရွှေသုတ်မြေ)၏ "မခြွေရက် ကြွေရက်ကယ်မျော" ကလည်းကောင်း၊ တတိယဆုကို ဝတ်ရည်ခင်(ပဲခူး)၏ "ပန်သစ္စာဆိုခဲ့ ဖူးပါသည်နှင့် ပြဇာတ်တိုများ" ကလည်းကောင်း ရရှိကြသည်။

အင်္ဂလိပ်စာမူဆုတွင် ပထမဆုကို မေဂျီစိုး၏ "Amnesty Winning Poems During Myanmar Monarchy" ကလည်းကောင်း၊ ဒုတိယဆုကို Ye Dway ၏ "Myanmar Ramayana (Manuscript)" ကလည်းကောင်း၊ တတိယဆုကို Dr. Saw Mra Aung ၏ "Wanderings in and aroung Yangon and Other Articles" ကလည်းကောင်း ရရှိကြသည်။

ဘာသာပြန်စာပေဆုတွင် ပထမဆုကို တင်မောင်သန်း(ရွာမ)၏ "အုပ်ချုပ်မှုနှင့် နိုင်ငံသားဖြစ်မှု" က ရရှိသည်။

၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုတွင် နိုင်ငံရေးစာပေဆုကို ရွေးချယ်ချီးမြှင့်နိုင်ခြင်းမရှိကြောင်း သိရသည်။

ဆုချီးမြှင့်ငွေများနှင့်ပတ်သက်၍ ယခင်က စာပေဗိမာန်စာမူဆုများကို ပထမဆု ကျပ် ၁ ဒသမ ၅ သိန်း၊ ဒုတိယဆု ကျပ် တစ်သိန်း၊ တတိယဆု ကျပ် ၇၅၀၀၀ ချီးမြှင့်ခဲ့ရာမှ ၂၀၁၁ ခုနှစ် တွင် တစ်ကြိမ်၊ ၂၀၁၂ ခုနှစ်တွင် တစ်ကြိမ် ဆုငွေတိုးမြှင့်ချီးမြှင့်ခဲ့ပြီး ၂၀၁၃ ခုနှစ် နှင့် ၂၀၁၄ ခုနှစ်တို့တွင် ပထမဆု ကျပ် ခုနစ်သိန်း၊ ဒုတိယဆု ကျပ် ငါးသိန်း၊ တတိယဆု ကျပ် သုံးသိန်းအထိ တိုးမြှင့်ချီးမြှင့်ခဲ့သည်။ ယခုနှစ်တွင်လည်း ယင်းနှုန်းအတိုင်း ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူ ၃၆ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၁၅ ခုနှစ်အတွက် ပြိုင်ပွဲသို့ တင်သွင်းလာသော စာမူ ၂၆၉ ခုကို သက်ဆိုင်ရာဘာသာရပ်အလိုက်ခွဲခြားပြီး ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူ၍ အဆင့် သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

ဆုရရှိသူများသည် ရန်ကုန်တွင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန်ရှိ စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ တယ်လီဖုန်းအမှတ် ၀၁-၃၇၆၅၆၉၊ ၀၁-၃၇၄၅၃၂၊ ၀၁-၃၈၁၄၄၉ တို့သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅ × ၇) လက်မ ရောင်စုံဓာတ်ပုံ နှစ်ပုံနှင့် ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ နှစ်ပုံစီကို ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်တကွ ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဆုများကို နိုဝင်ဘာ ၃၀ ရက် (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**ဇီးကုန်း နိုဝင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေတွင် ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် နိုဝင်ဘာ ၁၀ရက်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရန်နိုင်ဝင်း ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဇီးကုန်းမြို့ အမှတ်(၄) ရပ်ကွက် ကုန်သည်လမ်းနှင့် မြို့ပတ်လမ်းထောင့်တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးမြေစိုက်ပိုစတာစိုက်ထူပြီး လျှပ်စစ်အသုံးပြုလျှင်သတိပြုဖွယ်ရာအချက်များပါဝင်သော ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(၄၉၇)

# စားသုံးသူအကျိုးစီးပွားကာကွယ်ရေးနှင့် ထုတ်ကုန်များ အရည်အသွေးမှန်ကန်မြင့်မားရေး

နိုင်ဦး၊ မြင့်မြင့်ချို

လူတို့တွင် စားရေး၊ ဝတ်ရေး၊ နေရေးဆိုသော အရေး (၃) ပါးရှိသည်။ အဆိုပါအရေး(၃)ပါးကို အန္တရာယ်ကင်းရှင်းစွာ ရင်ဆိုင်၍ ကျန်းမာစွာဖြင့် ရှင်သန်ရပ်တည်နိုင်ရန် အထူးအရေးကြီးလှပါသည်။ ယနေ့အချိန်အခါသည် ကမ္ဘာနှင့်အဝှမ်း ခေတ်မီတိုးတက်လာသည်နှင့်အမျှ စားရေး၊ ဝတ်ရေး၊ နေရေးတို့မှာလည်း ခေတ်နှင့်အညီ လျင်မြန်စွာပြောင်းလဲလျက်ရှိပါသည်။ ပြောင်းလဲလာမှုနှင့်အညီ နည်းပညာများအကူအညီဖြင့် ဓာတုဆေးဝါးများ အသုံးပြုကာ ဆောင်ရွက်လာကြသဖြင့် စားရေး၊ ဝတ်ရေး၊ နေရေးတို့တွင် အန္တရာယ်ရှိသော ဘေးထွက်ဆိုးကျိုးများ ကြုံတွေ့လာရပါသည်။

စားသုံးသူပြည်သူများ အန္တရာယ်ကင်းသော အစားအသောက်များ အသုံးအဆောင်များ ဝယ်ယူစားသုံး သုံးစွဲနိုင်ရန်နှင့် လုပ်ငန်းရှင်များမှလည်း ဘေးထွက်ဆိုးကျိုးများ ကင်းရှင်းပြီး စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် ကုန်စည်၊ ဝန်ဆောင်မှုများ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် အရေးကြီးလှပါသည်။ ထို့ကြောင့် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို ဌာနဆိုင်ရာ အင်အားတစ်ခုတည်းနှင့် မအောင်မြင်နိုင်ဘဲ ဌာနဆိုင်ရာများ၊ NGOs၊ စားသုံးသူပြည်သူလူထု၊ စီးပွားရေးလုပ်ငန်းရှင်ဆိုသည့် လေးဦးလေးဖလှယ်တာဝန်ကိုယ်စီဆောင်ရွက်မှသာ ထိရောက်အောင်မြင်နိုင်မည်ဖြစ်သဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပြည်သူဗဟိုပြုဆောင်ရွက်ရန် လိုအပ်လာပါသည်။ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများတွင် အစားအသောက်သာမက လူသုံးကုန်ပစ္စည်း၊ လျှပ်စစ်နှင့် ဆောက်လုပ်ရေးသုံးပစ္စည်း၊ အလှကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှု လုပ်ငန်းများပါ ပါဝင်ပါသည်။

စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများအား ပိုမိုထိရောက်အောင်မြင်စွာ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနလက်အောက်တွင် စားသုံးသူရေးရာဦးစီးဌာနကို ဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိပါသည်။ စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက်(Vision)မှာ စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရန်ဖြစ်ပြီး ရည်မှန်းချက်(Mission)များမှာ စားသုံးသူအခွင့်အရေးနှင့် စားသုံးသူအကျိုးစီးပွားကာကွယ်ရေးဆောင်ရွက်ရန်၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေး ဆောင်ရွက်ရန်၊ ကုန်စည်နှင့်ဝန်ဆောင်မှုများ၏ အရည်အသွေးစီမံခန့်ခွဲမှု နှင့်သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်စသည့် မျှော်မှန်းချက်၊ ရည်မှန်းချက်များ ချမှတ်ကာ ပြည်သူဗဟိုပြု ဆောင်ရွက်လျက်ရှိပါသည်။

ကုလသမဂ္ဂ၏ ရည်မှန်းချက်(၁၇)ချက်တွင် နံပါတ်တစ်သည် ဆင်းရဲမှုလျှော့ချရေးပင်ဖြစ်သည်။ဆင်းရဲမှုလျှော့ချရန်မှာ အဓိကကျန်းမာအောင် နေထိုင်ဖို့လိုပါသည်။ ကျန်းမာအောင်ဆိုလျှင် ဘေးဥပဒ်အန္တရာယ်ကင်းစွာနေထိုင်စားသောက်ရန်လိုသည်။ မကျန်းမာပါက ဆေးကုသစရိတ်ကြီးမြင့်ခြင်းကြောင့် ပုံမှန်ဝင်ငွေရှိသော မိသားစုမှာဆေးဖိုးကုန်သဖြင့် အရာရာချွေတာရကာ ဆင်းရဲမှုသံသရာမှ ရုန်းမထွက်နိုင်ကြတော့ပေ။ ဆင်းရဲ၍ ဈေးချိုတာကိုသာ အဓိကရွေးချယ်စားသောက်ရခြင်းကြောင့် ရောဂါဖြစ်ကာ ဆေးကုရသဖြင့် ဆင်းရဲမှုသံသရာလည်နေပါတော့သည်။ ဆေးရုံတက်၍ ဆေးကုသစရိတ်မကုန်ရင်တောင် လူနာစောင့်မှာလည်း လုပ်ခများဆုံးရှုံးပြီး ဝင်ငွေမရှိဘဲ မိသားစုအာဟာရပြည့်အောင် စားရဖို့ပင်မဖြစ်နိုင်တော့သဖြင့် ရောဂါဖြစ်သူသည် မိသားစုကို ဝန်ပိစေတော့သည်။ ထိုဆင်းရဲမှုသံသရာမှ ရုန်းထွက်ဖို့ရာ တစ်ခုတည်းသောနည်းလမ်းမှာ ကျန်းမာအောင်နေထိုင်စားသောက်နိုင်ဖို့ ဘေးဥပဒ်အန္တရာယ်ကင်းစေသော အစားအသောက်များကို ရွေးချယ်စားသုံးနိုင်ခွင့်ရဖို့ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းသည် နိုင်ငံတော်နှင့်အများပြည်သူအတွက် အလွန်အရေးကြီးလှသည်။ လူတိုင်းကျန်းမာဖို့အရေးသည် အမျိုးသားရေးတာဝန်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းမှ ထုတ်ပြန်သည့်အစီရင်ခံစာအရ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ ကင်ဆာအဖြစ်ဆုံး ၁၀ နိုင်ငံတွင် နံပါတ်(၂)နေရာသို့ ရောက်ရှိနေပြီဖြစ်သည်။ ကင်ဆာဖြစ်စေသည့် အကြောင်းအရင်းများမှာ တရားမဝင်ဓာတုပစ္စည်းများ အလွန်အကျွံသုံးစွဲထားသော ပလတ်စတစ်ပစ္စည်းများသုံးစွဲခြင်း၊ ဓာတုဆေးဝါးများပါဝင်သောနို့မှုန့်များ၊ မုန့်အမျိုးမျိုး၊ အရက်အမျိုးမျိုး၊ အချဉ်ရည်အမျိုးမျိုး၊ ခြင်ဆေးခွေအမျိုးမျိုး၊ အချိုရည်အမျိုးမျိုး၊ အလှကုန်ပစ္စည်းအမျိုးမျိုး၊ အရည်အသွေးနိမ့် ကုန်စည်အမျိုးမျိုးစသည့် ပစ္စည်းများသုံးစွဲ၍ ဖြစ်ရပါသည်။

ထို့အပြင် အစားအစာများ၊ လူသုံးကုန်ပစ္စည်းများအား ပြင်ဆင်ထုပ်ပိုးရောင်းချရာတွင်လည်း အမြင်လှ၊ အသွင်ကြွစေရန်အတွက် တာရှည်ခံဆေးများ၊ အစားအစာများတွင် သုံးစွဲခွင့်မပြုသော ဆိုးဆေးများကို သုံးစွဲလာကြသဖြင့် လူတို့၏ ကျန်းမာရေးကိုဆိုးရွားစွာ ထိခိုက်စေလျက်ရှိပါသည်။ ဆိုးဆေးတွင် သဘာဝဆိုးဆေးနှင့် ဓာတုဆိုးဆေးဟူ၍ နှစ်မျိုးရှိပြီး သဘာဝဆိုးဆေးများမှာ သဘာဝအပင်၊ အသီးအပွင့်တို့မှထုတ်လုပ်ထားသဖြင့် ဘေးထွက်အန္တရာယ်နည်းပါးပါသည်။ သို့သော် ထုတ်လုပ်ရန်ခက်ခဲခြင်း၊ ကုန်ကျစရိတ်များပြားခြင်းတို့ကြောင့် ချည်၊ သိုးမွေး၊ ပိုးထည်၊ စက္ကူ၊ သားရေ၊ ဖိနပ်တို့တွင် သုံးစွဲသည့် ဓာတုဆိုးဆေးများကိုသာ အများဆုံး သုံးစွဲလာကြပါသည်။ပို၍ဆိုးရွားသည်မှာ နို့ဆီ၊ အသား၊ ငါးများအား တာရှည်ခံရန်အတွက် လူသေကောင်များ မပုပ်သိုးအောင်ထိုးသော တာရှည်ခံဖော်မလင်ဆေးများကို အလွန်အကျွံသုံးစွဲလာကြသဖြင့် ရေရှည်တွင် ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ဆီးနှင့်ကျောက်ကပ်ဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်သဖြင့် လုပ်ငန်းရှင်များမှ အစားအသောက်များ၌ ခွင့်မပြုဓာတုဆေးများ အသုံးမပြုနိုင်ရေးကို အမြဲတမ်း စိစစ်ကြပ်မတ်နေရန် လိုအပ်သလို စားသုံးသူများကလည်း သတိထားဆင်ခြင်ကာ ဝယ်ယူသုံးစွဲကြရန် လိုအပ်မည်ဖြစ်ပါသည်။

လူတိုင်းကျန်းမာပျော်ရွှင်စွာဖြင့် သက်တမ်းစေ့နေနိုင်ရေးအတွက် စားသုံးသူရော ထုတ်လုပ်သူပါ လူတိုင်းတွင် တာဝန်ကိုယ်စီရှိကြပါသည်။ လူတိုင်းတာဝန်ကိုယ်စီရှိသည်ဟုဆိုရာတွင် စတင်စိုက်ပျိုး၊ မွေးမြူထုတ်လုပ်သည်မှ ဈေးကွက်ထဲရောက်သည်အထိ အဆင့်ဆင့်တိုင်းသည် ဘေးဥပဒ်အန္တရာယ်ကင်းသော ကောင်းမွန်သောကျင့်စဉ်များနှင့်ထုတ်လုပ်ရန် လိုအပ်သည်။ ၎င်းကျင့်စဉ်များ ဆောင်ရွက်နိုင်ရန် အသိတရားနှင့်ပြည့်စုံရန် လိုအပ်သည်။အသိတရားမှာ အသိနှင့် တရားကို သေချာသိရန်လိုသည်။ အသိဟုဆိုရာတွင် မိမိထုတ်လုပ်မည့် လုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းအောင် ထုတ်လုပ်မှုနည်းပညာ အသိပညာပြည့်စုံနှံ့စပ်စွာ သိဖို့လိုသည်။ တရားဆိုသည်မှာ ကိုယ်ချင်းစာတရားပင်ဖြစ်သည်။ မိမိကိုယ်တိုင်

**ပို၍ဆိုးရွားသည်မှာ နို့ဆီ၊ အသား၊ ငါးများအား တာရှည်ခံရန်အတွက် လူသေ ကောင်များ မပုပ်သိုးအောင်ထိုးသော တာရှည်ခံဖော်မလင် ဆေးများကို အလွန်အကျွံသုံးစွဲလာကြသဖြင့် ရေရှည်တွင် ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါများ၊ အသက်ရှူ လမ်းကြောင်းဆိုင်ရာရောဂါများ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ဆီးနှင့်ကျောက်ကပ်ဆိုင်ရာရောဂါများ ဖြစ်ပွား နိုင်သဖြင့် လုပ်ငန်းရှင်များမှ အစားအသောက်များ၌ ခွင့်မပြုဓာတုဆေးများ အသုံးမပြုနိုင်ရေး ကို အမြဲတမ်းစိစစ်ကြပ်မတ်နေရန် လိုအပ်သလို စားသုံးသူများကလည်း သတိထားဆင်ခြင်ကာ ဝယ်ယူသုံးစွဲကြရန် လိုအပ်မည်ဖြစ် ...**

မစားသောက် မသုံးစွဲရဲသော ကုန်စည်ကို မထုတ်လုပ်ဘူးဆိုသော ကိုယ်ချင်းစာတရားလေးရှိစေချင်သည်။ ၎င်းအသိတရားများနှင့် ထုတ်လုပ်ပါက ကုန်စည်အားလုံးသည် ဘေးဥပဒ်အန္တရာယ်ကင်းမည်ဖြစ်ပါသည်။

ယနေ့ ၎င်းအသိတရားများကို လျစ်လျူရှုခဲ့ကြရာ အန္တရာယ်ရှိသောကုန်စည်များသာ များပြားနေသဖြင့် စားသုံးသူများအနေဖြင့် ရွေးချယ်စရာအခွင့်အလမ်းများ ရှားပါးလာသည်။ မစားဘဲ၊ မသုံးဘဲနေ၍လည်းမဖြစ်နိုင်ပေ။ ဒါကြောင့်လည်း စားသုံးရန်၊ သုံးစွဲရန်မသင့်သည့် စားသောက်ကုန်နှင့် ကုန်စည်များနှင့်ပတ်သက်၍ ဖော်ပြခဲ့ကြသည့်အပေါ် ငါတို့တွေ ဘာတွေစားရ၊ ဘာတွေသုံးရတော့မှာလည်းဆိုသည့် ပြည်သူလူထု၏ တုံ့ပြန်သံများကို ကြားသိမြင်တွေ့နေရပေသည်။ စီးပွားရေးလုပ်ငန်းရှင်တွေထုတ်လုပ်သလောက်ကို ရွေးချယ်စရာမရှိဘဲ ဝယ်ယူသုံးစွဲနေရသည်။ ထို့ကြောင့် စားသုံးသူများကို အကာအကွယ်ပေးသော ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန် လိုအပ်ချက်ရှိလာသည်နှင့်အညီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ၂၀၁၄ ခုနှစ်မတ်လ ၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၀) ဖြင့် ပြဋ္ဌာန်းလာနိုင်ခဲ့သည်။ ၎င်းစားသုံးသူအကာအကွယ်ပေးရေး ဥပဒေသည် စားသုံးသူများကိုသာ အကာအကွယ်ပေးပြီး ထုတ်လုပ်သူစီးပွားရေးလုပ်ငန်းရှင်များကို ဖိနှိပ်ထားသော ဥပဒေမဟုတ်ဘဲ စီးပွားရေးလုပ်ငန်းရှင်များကို စီးပွားရေးကျင့်စဉ်များနှင့်အညီ ထုတ်လုပ်မှုကို အလေးပေးပြီး စားသုံးသူများကို အကာအကွယ်ပေးထားသော ဥပဒေဖြစ်သည်။

စားသုံးသူအကာအကွယ်ပေးရေးဥပဒေအရ စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီကို သက်ဆိုင်ရာဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ဖွဲ့စည်းထားသည်။ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီမှ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအား နိုင်ငံတစ်ဝန်း လွှမ်းခြုံဆောင်ရွက်နိုင်စေရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်အဆင့်အထိ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းထားပြီး ထိုအဖွဲ့အောက်တွင် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးကော်မတီနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီနှစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ စားသုံးသူများ နစ်နာဆုံးရှုံးမှုများရှိပါက စာဖြင့်ဖြစ်စေ၊ ဖက်(စ်)ဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ သွားရောက်တိုင်ကြားနိုင်သည့်နေရာများကို လက်ကမ်းစာစောင်များ၌ ဖော်ပြထားပြီးဖြစ်၍ အချိန်မရွေးလာရောက်တိုင်ကြား သတင်းပေးနိုင်ပါသည်။ တိုင်ကြားမှုများကို ညှိနှိုင်းပေးပြီး ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄) ပြဋ္ဌာန်းပြီးသည်မှစ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ဌာနဝန်ထမ်းများမှ ၅၁ သန်းကျော်သောပြည်သူများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သဘောထားကာ ဆွေးနွေးပညာပေးရေးလုပ်ငန်းများ၊ ပြည်တွင်း၊ ပြည်ပအလုပ်ရုံဆွေးနွေးပွဲများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ စားသုံးသူများနှင့်တွေ့ဆုံဆွေးနွေးခြင်း၊ အငြင်းပွားမှုများကို ဖြေရှင်းပေးခြင်းများအား တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်အထိ အပင်ပန်းခံကာ တက်ကြွစွာဖြင့်ဆောင်ရွက်လျက်ရှိခဲ့၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အထိုက်အလျောက်အောင်မြင်မှုရှိနေပြီဖြစ်ပါသည်။ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယခုဘဏ္ဍာနှစ် ပထမခြောက်လပတ်အတွင်း စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်ပြီး တက္ကသိုလ်ကောလိပ်၊ သိပ္ပံ၊ အခြေခံပညာကျောင်းများ၊ ရပ်ကွက်၊ ကျေးရွာ၊ စက်ရုံအလုပ်ရုံ၊ ဌာနဆိုင်ရာနှင့် ဈေးများရှိ ပြည်သူများကို အသိပညာများမျှဝေပေးနိုင်ခဲ့ပါသည်။

သို့ပါ၍ကမ္ဘာတည်သရွေ့ မြန်မာပြည်သူများ သက်ရှည်ကျန်းမာစွာဖြင့် သက်တမ်းစေ့နေထိုင်နိုင်ရေးအတွက် ကိုယ်နားမလည်သည့်စာသားများပါသော မုန့်ပဲသရေစာ၊ အချိုရည်များ မစားမသောက်ကြရေး၊ ပြန်ကြော်ဆီနှင့်ကြော်ထားသောအာလူးကြော်နှင့်အခြားဆီကြော်မုန့်များကို မစားသောက်ရေး၊ ရောင်စုံဓာတုဆိုးဆေးဆိုးထားသော အစားအသောက်များ ဥပမာ- မျှစ်၊ တုတ်ထိုး၊ ယိုစုံ၊ ငါးခြစ်၊ ချိုချဉ် စသည်များ၊ အစေးချွတ်ဆေးဖြင့် စိမ်ထားသော ပိန္နဲကွင်းများ မစားသောက်ရေး၊ ကော်ဖီမစ်များကို (အိတ်အခွံ၊ ပလတ်စတစ်၊ ကော်ဇွန်း) တို့ဖြင့် မဖျော်ဘဲ စတီးဇွန်းဖြင့်သာမွှေပြီးမှ သောက်ရေး၊ ဆေးလိပ်၊ ကွမ်းယာ၊ အရက်၊ ဘီယာတို့ကိုရှောင်ရှားရေး၊ သီးနှံများမှည့်စေရန်အတွက် ရော်ဘာပင်များတွင်အသုံးပြုသော အီသလဲဆေးစိမ်ထားသည့် အသီးအနှံများကိုမစားရေး၊ ခူးပြီး ခရမ်းချဉ်သီးများ အရောင်အမြန်တက်စေရန် (ETN) ပိုးသတ်ဆေးဖျန်းထားသော ရဲရဲတောက်အသီးများ မစားရေး၊ ကွမ်းရွက်များကိုပျော့စေရန်အတွက် ဖျူရာဒန် (3G) စိမ်ထားတာတွေကို မစားရေး၊ ကွမ်းသီးများ မှိုမတက်စေရန်အတွက် ကန့်နှင့်မှိုင်းတိုက် ထားတာတွေကို မစားရေး၊ ငါးပိ၊ ငါးခြောက်များတွင် ယင်မနားစေရန်အတွက် ယင်မနားဆေးသုံးထားတာတွေမစားရေး၊ လူသေကောင်များ အနံ့မထွက်စေရန်နှင့် မပုပ်မသိုးစေရန်အတွက် အသုံးပြုသော ဖော်မလင်ဆေးများ သုံးထားသည့်အသား၊ ငါးများ၊ ပဲပြား၊ မုန့်ဟင်းခါးဖတ်များကို မစားရေးစသည့် အချက်များကို လိုက်နာကာ အသိတရားလက်ကိုင်ထားပြီး သတိထားစားသောက်ကြရေးအတွက် စားသုံးသူရေးရာဦးစီးဌာနမှ ကွင်းဆင်း၍ အသိပညာပေးလုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပ အသိပညာရှင်၊ အတတ်ပညာရှင်၊ လုပ်ငန်းရှင်၊ အသင်းအဖွဲ့၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိသဖြင့် စားသုံးသူပြည်သူများကလည်း ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းဖော်ပြအပ်ပါသည်။ ။



ဈေးများသို့ စားသုံးသူအကာအကွယ်ပေးရေးအတွက် ကွင်းဆင်းဆောင်ရွက်စဉ်။

# ဘူးသီးတောင်မြို့နယ် အထက်တန်းကျောင်းလေးသည် ပြန်လည်အသက်ဝင်လျက်ရှိပြီး ဒေသ၏စိုးရိမ်မှုကိုလျှော့ချပေး



ဘူးသီးတောင်အထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများ စာသင်ကြားနေစဉ်။



ဘူးသီးတောင်မြို့နယ်အထကမှ ကျောင်းအုပ်ဆရာကြီး ဦးအောင်ဇံကျော်။

"ကျွန်တော်ကဒီကျောင်းကို ဩဂုတ်လကမှရောက်တယ်ဆိုပေမယ့် ဒီကျောင်းဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ကလေးတွေ ပညာသင်ကြားနိုင်ဖို့အတွက် ဆရာ ဆရာမတွေနဲ့ ညှိနှိုင်းပြီး ကလေးတွေ ကျောင်းနေပျော်အောင် နောက်ပညာရေးပိုင်းမှာမညံ့အောင် အတတ်နိုင်ဆုံးကြိုးစားပြီးဆောင်ရွက်ပေးနေပါတယ်"ဟု ဘူးသီးတောင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးအောင်ဇံကျော်က ပြောသည်။

ဦးအောင်ဇံကျော်သည် လွန်ခဲ့သည့် သုံးလခန့်ကမှ သံတွဲမြို့နယ်မှ ရာထူးတိုးဖြင့် ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်သည်။

လက်ရှိတွင် ဘူးသီးတောင်အထက်တန်းကျောင်းသို့ ကျောင်းသား ကျောင်းသူ ၉၀ ရာခိုင်နှုန်းအထိတက်ရောက်လျက်ရှိကြောင်း၊ ကျောင်းတက်ရောက်ခြင်းမပြုသေးသည့် ကလေးများအား အတန်းပိုင် ဆရာ ဆရာမများမှ တစ်ဆင့် မိဘများထံဆက်သွယ်၍ ကျောင်းသို့ စေလွှတ်ရန် မှာကြားနေကြောင်းသိရသည်။

ဘူးသီးတောင်မြို့နယ်သည် အောက်တိုဘာလက အကြမ်းဖက်မှု ဖြစ်ပွားခဲ့သည့် မောင်တောမြို့နယ်နှင့် အနီးဆုံးတွင်ရှိသည့် မြို့နယ်ဖြစ်သော်လည်းတစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုလျော့ကျမသွားစေရန်၊ နယ်မြေတည်ငြိမ်အေးချမ်းရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်စေရန် ပိုမိုလုပ်ဆောင်လျက်ရှိသည်ကိုတွေ့ရသည်။

ဘူးသီးတောင်မြို့နယ်တွင် အထက်တန်းကျောင်းတစ်ကျောင်းသာရှိပြီး သူငယ်တန်းမှ အထက်တန်းအထိ ကျောင်းသား ကျောင်းသူပေါင်း နှစ်ထောင်ကျော်တက်ရောက်ပညာသင်ကြားလျက်ရှိသည်ဟု သိရသည်။ ယင်းကျောင်းတွင် တိုင်းရင်းသားကျောင်းသား ကျောင်းသူ ၅၇၀ ခန့်ရှိသည်ဟု သိရသည်။

ဦးအောင်ဇံကျော်က "ကျွန်တော်အပါအဝင် ဒီကျောင်းမှာအထက်တန်း၊ အလယ်တန်း၊ မူလတန်းဆရာ ဆရာမနဲ့ ရုံးအဖွဲ့တွေရယ် အားလုံးပေါင်းရင် ၈၅ ယောက်တာဝန်ထမ်းဆောင်နေပါတယ်။ ဒီကျောင်းမှာပဋိပက္ခတစ်ခါမှ မဖြစ်ဖူးဘူးလို့ သိရပါတယ်။ အရင်ကတည်းက ဒီလိုပဲ အတူတူနေလာကြတဲ့ကျောင်းဆိုတော့ ဘာမှပြဿနာမရှိပါဘူး"ဟုပြောသည်။

အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်နှင့် ပတ်သက်၍ ပြောကြားရာတွင် "ကျွန်တော်တို့ ဘူးသီးတောင်မြို့နယ်ကအေးချမ်းပါတယ်။ ပညာရေးလည်းမထိခိုက်ပါဘူး။ မောင်တောမှာပဲဖြစ်သွားတာပါ။ ကလေးတွေရော၊ ဆရာ ဆရာမတွေရော သတိ၊ ဝီရိယရှိကြပါတယ်။ ကျွန်တော်တို့ ကျောင်းပတ်ချာလည်မှာ အကုန်လုံးက အစ္စလာမ်ဘာသာဝင်တွေ နေထိုင်တဲ့ကျေးရွာတွေပါ။ ကျောင်းရှေ့မှာလည်းဒီလိုပါပဲ။ ကျွန်တော်တို့က အဲဒီကျေးရွာတွေမှာနေထိုင်တဲ့ လူကြီးတွေ၊အုပ်ချုပ်ရေးမှူးတွေနဲ့ ညှိနှိုင်းပြီး ကြိုတင်ကာကွယ်ထိန်းသိမ်းနိုင်ခဲ့ပါတယ်။

"ကျွန်တော်တို့ကျောင်းမှာ အောက်တိုဘာ ၈ ရက်က စာမေးပွဲစစ်တယ်။ အောက်တိုဘာ ၉ ရက်နောက်ပိုင်းမှာတော့ ကျောင်းကိုယာယီသဘောမျိုးပိတ်ထားခဲ့ပါတယ်။ ကျွန်တော်တို့ ယာယီကျောင်းပိတ်တဲ့ အချိန်နဲ့ အောက်တိုဘာလကျောင်းပိတ်ရက်က တစ်ဆက်တည်းဖြစ်သွားတာပေ့ါ။ အောက်တိုဘာလကျောင်းပိတ်ရက်မှာ အိမ်ပြန်ကြပေမယ့် ကျောင်းဖွင့်ချိန်တော့ အားလုံးအမီပြန်လာကြပါတယ်။ ဆရာ ဆရာမတွေပြန်လာပြီး ကျောင်းဖွင့်ရက် အောက်တိုဘာ ၂၄ ရက်မှာ ကျောင်းဖွင့်ပေမယ့် စိုးရိမ်စိတ်အချို့ရှိလို့ ကလေးတွေတော့ စုံစုံညီညီ မရောက်နိုင်ခဲ့ပါဘူး။ ကျွန်တော်တို့ ဆရာ ဆရာမတွေကိုကော ကျောင်းသားမိဘတွေကိုကောအကြောင်းကြားတော့ အခုချိန်မှာ အားလုံးနီးပါးကျောင်းတက်နေကြပါပြီ"ဟုပြောသည်။

ဘူးသီးတောင်မြို့နယ် အထက်တန်းကျောင်းတွင် အစ္စလာမ်ဘာသာဝင် ဆရာ ဆရာမလေးဦးရှိကြောင်း သိရသည်။

ကျောင်းအုပ်ဆရာကြီးက "ကျွန်တော်တို့ကျောင်းမှာ အစ္စလာမ်ဘာသာဝင် အထက်တန်းပြဆရာ နှစ်ယောက်၊ အလယ်တန်းပြဆရာမတစ်ယောက်နဲ့ မူလတန်းပြဆရာတစ်ယောက်ရှိပါတယ်။ အဲဒီဆရာ ဆရာမတွေကိုလည်း သူတို့ကလေးတွေကိုစည်းကမ်းပိုင်းနဲ့ ပတ်သက်လို့ ထိန်းသိမ်းရှင်းပြပေးဖို့ ကျွန်တော်တို့ကမှာပါတယ်။ ကျောင်းသား ကျောင်းသူအားလုံးကိုလည်း ကျောင်းနေပျော်အောင်၊ စည်းလုံးညီညွတ်စွာနေတတ်အောင်သွန်သင်ဆုံးမပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ကာယလေ့ကျင့်ခန်းတွေ ဘာတွေဝင်လုပ်ပြီး ပျော်ပျော်ပါးပါးနဲ့နေတော့ ကျောင်းသား ကျောင်းသူတွေကြားမှာ ဘာမှအခက်အခဲမရှိဘူးလို့ မြင်ပါတယ်"ဟုပြောသည်။

ယင်းကျောင်း၏ (၃၄) ကြိမ်မြောက် ကထိန်ခင်းရန်အတွက် ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကထိန်ပဒေသာပင်သီးသူသီး၊ စုစည်းထားရှိမည့်ကျောင်းခန်းမသို့ ပဒေသာပင်အားရွှေ့သူရွှေ့နှင့် ပြုံးပျော်လျက်ရှိသည့်မြင်ကွင်းကိုလည်း တွေ့ခဲ့ရသည်။ နောက်နေ့နံနက်ပိုင်း ကျောင်းဘုံကထိန်အတွက် ပဒေသာပင်များပြင်ဆင်နေပုံက ဒီဒေသတွင် ဘာသာ၊ သာသနာ ထွန်းလင်းဖြာဝေနေသည့် သဘောကိုအပြည့်အဝဆောင်သည်။ ကျောင်းဘုံကထိန်ပြုလုပ်မည့် ဘုန်းတော်ကြီးကျောင်းသို့ ဆရာ ဆရာမများနှင့်အတူ မနက်ဖြန်တွင် သွားရောက်ပို့ဆောင်ကြမည်ဟု ကျောင်းသား ကျောင်းသူများက အားတက်သရောဆိုသည်။

"ကျောင်းသားအားလုံးကို ရောနှောသင်ကြားပေမယ့် ပြဿနာမရှိပါဘူး။ ဒီလို ဖြစ်အောင်လည်း ဆရာ ဆရာမတွေကို အဖွဲ့လိုက်တာဝန်ပေးပါတယ်။ ဂျူတီချပေးထားပါတယ်။ ဘူးသီးတောင်အထက်တန်းကျောင်းအနေနဲ့ ဆရာ ဆရာမတွေကော ကျောင်းသားကျောင်းသူတွေကော ပုံမှန်စာသင်ကြားနေတဲ့ပုံစံမျိုး ရှိနေပါတယ်။ ဒါပေမယ့် တချို့ကလေးတွေကတော့ ပွဲလမ်းသဘင်နဲ့ ကျန်းမာရေးကြောင့် ပျက်တဲ့ကလေးတွေတော့ ရှိပါတယ်။ ကျွန်တော်ကတော့ ကျောင်းသားသုံး၊လေးယောက်လောက် ပျက်ပြီဆိုတာနဲ့ ဆရာ ဆရာမတွေနဲ့တိုင်ပင်ပြီး မိဘတွေခေါ်ယူတာတွေရှိပါတယ်"ဟု ကျောင်းအုပ်ဆရာကြီးက ပြောသည်။

စာသင်ခန်းတစ်ခန်းတွင်တော့ အလယ်တန်းကျောင်းသား ကျောင်းသူများအား အင်္ဂလိပ်ဘာသာပြဆရာမက Lesson 8၊ How to study သင်ခန်းစာသင်ကြားလျက်ရှိသည်ကိုတွေ့ခဲ့ရသည်။ ကျောင်းသား ကျောင်းသူများကလည်း ဆရာမတိုင်ပေးသည့်အတိုင်း နောက်မှ ညီညာစွာရွတ်ဆိုလျက်။

ပညာရေးနှင့် စည်းကမ်းကိုလိုက်နာစေ၍ အတူတကွယှဉ်တွဲနေထိုင်နိုင်ခြင်းကြောင့် ဘူးသီးတောင်မြို့နယ်အထက်တန်းကျောင်းလေးသည် ပြန်လည်အသက်ဝင်လျက်ရှိပြီး ဒေသ၏ စိုးရိမ်မှုကိုလျှော့ချပေးသည့် ဥပမာတစ်ခုအဖြစ် ဆိုလိုက်ချင်ပါကြောင်း။

**ဆောင်းပါး-ကိုကိုသက်နှင့်အဖွဲ့**
**ဓာတ်ပုံ-ရဲခေါင်၊ မင်းထက်**

❖



ကျောင်းသား ကျောင်းသူများဖြင့် အသက်ဝင်လျက်ရှိနေသည့် ဘူးသီးတောင်အထက်တန်းကျောင်း။

# နဝင်းချောင်းရေကြီးရေလျှံမှုကြောင့် ကျေးရွာများအတွင်း ရေများဝင်ရောက်ပြီး စပါးခင်းများ ရေနစ်မြုပ်

**တပ်ကုန်း နိုဝင်ဘာ ၁၁**

နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်း၍ မုန်ချောင်း၊ နတ်ကင်ချောင်း၊ နဝင်းချောင်းတို့ ပေါင်းဆုံကာ နဝင်းချောင်းရေကြီးရေလျှံဖြစ်မှုကြောင့် နိုဝင်ဘာ ၁၀ရက် ည ၇ နာရီခန့်မှ စတင်ကာ ကင်းသာကျေးရွာအုပ်စု သပြေကုန်းကျေးရွာ အိမ်ခြေ ၄၆ အိမ်၊ ကြို့ကုန်းကျေးရွာအိမ်ခြေ ၄၅ အိမ်တွင် ရေများ သုံးပေခန့်ဝင်ရောက်ခဲ့ပြီး ကင်းသာအုပ်စုအတွင်း ကွင်းအမှတ် (၁၄၅၃၊ ၁၄၅၄၊ ၁၄၅၇၊ ၁၄၅၈)တွင် လယ်ဧက ၂၂၀၊ ယာဧက ၃၂၀ ရေနစ်မြုပ်၍လည်းကောင်း၊ ရှောက်ကုန်းကျေးရွာအုပ်စု ရှောက်ကုန်းကျေးရွာ အိမ်ခြေ ၃၅၀ တွင် ရေများ လေးပေခန့် ဝင်ရောက်ခဲ့ပြီး ရှောက်ကုန်းကျေးရွာကွင်းအမှတ် (၁၄၁၁-က)တွင် လယ်ဧက ၁၅၀၊ ယာဧက၁၅ဧက၊ နောင်ခမ်းကျေးရွာကွင်းအမှတ် (၁၄၁၂) တွင် ယာဧက ၁၅ ဧက၊ ပုဏ္ဏမာကျေးရွာကွင်းအမှတ်(၁၄၁၀)တွင် လယ်ဧက ၃၀၊ ယာဧက၂၀ရေနစ်မြုပ်လျက်ရှိသည်။

အဆိုပါ ရေဝင်ရောက်သည့် ကျေးရွာများသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်ဦးစီးမှူး ဦးစနေထွန်း ဦးဆောင်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာများ ကွင်းဆင်းကြီးကြပ်ကူညီဆောင်ရွက်ပေးကြသည်။ ယင်းကျေးရွာများ၌ နိုဝင်ဘာ ၁၁ရက် မွန်းတည့် ၁၂နာရီခန့်တွင် ရေများပြန်လည်လျော့ကျသွားပြီး လူနှင့်တိရစ္ဆာန်များအန္တရာယ်မရှိကြောင်း သိရသည်။ **တင်စိုးလွင်(ပြန်/ဆက်)**



# ပြည်ထောင်စုနယ်မြေအတွင်း အဆင့်မြင့်ယာဉ်လိုင်းများ လက်ဝဲလမ်းကြောင်း၊ လက်ယာလမ်းကြောင်းဖြင့်စတင်ပြေးဆွဲ

**နေပြည်တော် နိုဝင်ဘာ ၁၁**

နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်း အဆင့်မြင့်ယာဉ်လိုင်းများ စတင်ပြေးဆွဲခြင်းအခမ်းအနားကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဇည့်ရိပ်သာ(၂)ရှေ့ရှိ ယာဉ်လိုင်းဂိတ်တွင် ယမန်နေ့ နံနက် ၈ နာရီက ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် နေပြည်တော် ကောင်စီဝင်များ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော် မ. ထ. သ (မြို့တွင်း) ယာဉ်လိုင်းဥက္ကဋ္ဌ ဦးအောင်မြင့်ကျော်တို့ တက်ရောက်ကြသည်။



အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က နေပြည်တော် မြို့တော်စတင်တည်ဆောက်ပြီးကတည်းက ထည့်သွင်းစဉ်းစားထားခဲ့ပြီး ယနေ့တွင် အကောင်အထည်ဖော်ခြင်း ဖြစ်ကြောင်း၊ နေပြည်တော် ရှစ်မြို့နယ်ကို ဆက်သွယ်ပို့ဆောင်နိုင်ရန် ရေရှည်စီမံကိန်းကိုလည်း နေပြည်တော်ကောင်စီအနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ သက်သာသော ကားခနှုန်းထားဖြင့် ခုတင်(၁၀၀၀) ဆေးရုံကြီးနှင့် ဆေးရုံကြီးနှစ်ရုံ၊ မြို့မဈေး၊ ဝန်ထမ်းအိမ်ရာများကို အဓိကစတင်ပြေးဆွဲခြင်းဖြစ်ကြောင်း၊ ပြည်သူများက ယာဉ်စီးခနှုန်းထား လျှော့ပေးဆိုကလည်း လျှော့ပေးမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့်လည်း ဝိုင်းဝန်းအကြံပြုနိုင်ပါကြောင်း ပြောကြားသည်။

နေပြည်တော်ရှိ ဝန်ကြီးရုံးများ၊ ဝန်ထမ်းအိမ်ရာများ၊ မြို့မဈေး၊ ခုတင်(၁၀၀၀)ဆေးရုံ၊ ဥတ္တရသီရိမြို့နယ်နား၊ နှာခေါင်း၊ လည်ချောင်း အထူးကု ဆေးရုံကြီးများသို့ ပြေးဆွဲရန် နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ အဆင့်မြင့်မော်တော်ယာဉ် ခုနစ်စီး၊ နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မြို့တွင်း)မှ အဆင့်မြင့်မော်တော်ယာဉ်ခြောက်စီး၊ တော်ဝင်ခရီးသည် ပို့ဆောင်ရေး မော်တော်ယာဉ်အသင်းမှ အဆင့်မြင့်မော်တော်ယာဉ်သုံးစီး စုစုပေါင်း ၁၆ စီးဖြင့် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ကားခနှုန်းထား ကျပ် ၅၀၀ နှင့် ကျပ် ၁၀၀၀ ဖြင့် ယနေ့စတင်ပြေးဆွဲခဲ့သည်။

"နိုင်ငံတော်ရဲ့ ပံ့ပိုးမှုနဲ့အတူ နောက်ပိုင်းမှာလည်း ဆက်လက်တိုးချဲ့ပြေးဆွဲသွားမှာပါ။ ဒီနေ့မှာလက်ယာရစ်အနေနဲ့ စည်ပင်ဧည့်ရိပ်သာ(၂) အရှေ့ဂိတ်စကနေစပြီး ဝန်ကြီးရုံးများ၊ သပြေကုန်းအဝိုင်း၊ ရေပန်းဥယျာဉ်၊ ဝင်းသူဇာလမ်းဆုံ၊ ရုံးအမှတ်(၄၇)၊ မဟာသကျရံသီဘုရားက ပြန်လှည့်ပြီး ဝင်းသူဇာလမ်းဆုံကနေ ခရေအိမ်ရာ၊ မြို့မဈေး၊ စည်ပင်ရိပ်သာ၊ ဂိတ်ဆုံးကို လက်ဝဲရစ်အနေနဲ့ ဝန်ထမ်းရပ်ကွက်တွေကို မြို့မဈေးဂိတ်စက ဓာတုဇယဓာတ်ပေါင်းစေတီ၊ MICC-2၊ ဂန္ဓမာဈေး၊ ချယ်ရီဈေး၊ တောင်ညိုလမ်းမကြီးအတိုင်း၊ ထိုမှ ပြန်လှည့်ကာ ၈ နာရီတွင် တစ်စီး၊ ၉ နာရီတွင် တစ်စီး၊ ညနေ ၃ နာရီတွင် တစ်စီး၊ ၄ နာရီတွင်တစ်စီး ယာဉ်စီးခ ဂိတ်စ-ဆုံး ကျပ် ၁၀၀၀၊ အတက် အဆင်း ၅၀၀ နဲ့ ပြေးဆွဲမှာပါ"ဟု နေပြည်တော် မ. ထ. သ(မြို့တွင်း) ယာဉ်လိုင်းဥက္ကဋ္ဌ ဦးအောင်မြင့်ကျော်က ပြောသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အဆင့်မြင့်ယာဉ်လိုင်းတွင် ပြေးဆွဲမည့် မီနီဘတ် ၁၆ စီးအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီးနောက် ယာဉ်လိုင်းများ စတင်ပြေးဆွဲခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကျောချောင်းတစ်ဖက်ကမ်းကျေးရွာရှိ ခရီးသွားပြည်သူများ ကားကျွတ်နှင့် ဝါးများဖြင့် ဖွဲ့စည်းထားသည့် ဘောကွင်းဖောင်များဖြင့် ဖြတ်သန်းသွားလာနေရ

**ပေါက် နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်သည် အဓိကချောင်းမကြီး နှစ်ချောင်းဖြစ်သည့် ယောချောင်းနှင့် ကျောချောင်းတည်ရှိရာ မြို့နယ်တစ်ခုဖြစ်ပြီး ယောချောင်း ဘေးတစ်လျှောက်ရှိ ကျေးလက်နေပြည်သူများသည် နိုင်ငံတော်မှ တံတားကြီး နှစ်စင်း တည်ဆောက်ပေးထားသည့်အတွက် မြို့ပေါ်သွားလာရေး အဆင်ပြေလျက်ရှိပြီး ကျောချောင်းဘေးတစ်လျှောက်ရှိ ကျေးလက်နေပြည်သူများ မိုးတွင်းကာလ ရေကြီးချိန်တွင် သွားလာရေးအခက်အခဲဖြစ်လျက်ရှိပြီး ကျောချောင်းဘေး တစ်ဖက်ကမ်းရှိ မြောက်ဘက်ကျေးရွာ၊ ရွှေဘုံသာကျေးရွာ၊ ကျောက်တန်းကျေးရွာတို့မှ ခရီးသွားပြည်သူများမှာ မိမိတို့၏ စီးပွားရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စရပ်များနှင့်ပတ်သက်၍ ပေါက်မြို့ပေါ်သို့ လာရောက်သည့်အခါ ကားကျွတ်နှင့် ဝါးများဖြင့်ဖွဲ့စည်းထားသည့် ဘောကွင်းဖောင်များဖြင့် ဖြတ်သန်းသွားလာနေရကြောင်း သိရသည်။

ထိုသို့ဖြတ်သန်းသွားလာရာတွင် မြောက်ဘက်ကျေးရွာမှ ပရဟိတစေတနာလူငယ်အဖွဲ့မှ အလှည့်ကျပို့ဆောင်ပေးလျက်ရှိရာ ခရီးသွားပြည်သူများက ပြန်လည်ကူညီကြပြီး ရရှိလာသည့်အလှူငွေများကို မိမိကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြန်လည်လုပ်ဆောင်ကြခြင်းနှင့် နွေရာသီပေါက်မြို့ပေါ်သို့ ပြည်သူများ အလွယ်တကူ ဖြတ်သန်းသွားလာနိုင်ရေးအတွက် လူကူးဝါးတံတားတည်ဆောက်ရန်ဖြစ်ကြောင်း မြောက်ဘက်ကျေးရွာနေ ပရဟိတလူငယ်တစ်ဦး၏ ပြောပြချက်အရ သိရသည်။

**ညဏ်တိုး(ပေါက်)**



## ❍ ဒေသတွင်းမှ

၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်မှ စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း၊ တံတားအရှည် ပေ ၉၆၀၊ တံတားအကျယ် စုစုပေါင်း ပေ ၃၀၊ ရေလမ်းကင်းလွတ်အကျယ်ပေ ၉၀၊ ရေလမ်းကင်းလွတ်အမြင့် ၁၉ ပေခွဲ၊ တံတားခံနိုင်ဝန်တန် ၆၀၊ ဘူးသီးတောင်ဘက်ခြမ်း ချဉ်းကပ်လမ်းအရှည် ၅၆၅ ပေ၊ ရသေ့တောင်ဘက်ခြမ်း ချဉ်းကပ်လမ်းအရှည် ၈၇၅ ပေရှိကာ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်ဘိုးပိုင်နှင့် ယာဉ်သွားလမ်းမှာ နှစ်လမ်းမောင်းဖြစ်ကြောင်း၊ တံတားတည်ဆောက်မှုကာလကိုလည်း သုံးနှစ်အတွင်း တည်ဆောက်ရန် လျာထားဆောင်ရွက်ခဲ့ပြီး လာမည့် ၂၀၁၇ နှစ်ဆန်းပိုင်းတွင် ပြီးစီးရန် ရည်မှန်းဆောင်ရွက်လျက်ရှိကာ စီမံကိန်းကုန်ကျငွေ(ခန့်မှန်း)မှာ မြန်မာငွေကျပ်သန်း ၄၀၁၀ ဖြစ်ကြောင်း ဒေါ်စုစုမာက ဆက်လက်ရှင်းပြသည်။

"ပြောရရင် ကျွန်တော်တို့ဒေသ အခုလို ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့တာ လမ်းပန်းဆက်သွယ်ရေးကြောင့်ပါ။ လမ်းပန်းဆက်သွယ်ရေးမကောင်းတော့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနဲ့ လူမှုရေးပိုင်းဆိုင်ရာကအစ အခြားဒေသတွေနဲ့ နှိုင်းယှဉ်လိုက်ရင် နောက်ကျကျန်ရစ်ခဲ့ရတယ်။ ပြည်နယ်မှာ တိုင်းရင်းသားတွေ လျော့ပါးသွားတာလည်း ဒီလမ်းပန်းဆက်သွယ်ရေးကြောင့်ပါ။ ဒေသတွင်း လမ်းပန်းဆက်သွယ်ရေးမကောင်းတော့ တိုင်းရင်းသားတွေက ရေကြည်ရာ မြက်နုရာကို ရွှေ့ပြောင်းပြီး သွားရောက်လုပ်ကိုင်နေကြတာ။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ဖို့အတွက် အခုလို တံတားတွေဆောက်မယ်၊ ကုန်းလမ်းခရီးတွေ ဖောက်လာမယ်ဆိုရင် ဒေသတွင်း တစ်ပိုင်တစ်နိုင်လုပ်ငန်းတွေ ပိုများလာပြီး ဒေသဖွံ့ဖြိုးတိုးတက်လာမှာ အမှန်ပါပဲ။ အဲဒီလိုဖြစ်အောင် နိုင်ငံတော်က ကူညီထောက်ပံ့ဖို့လည်း လိုအပ်ပါတယ်"ဟု ဒေသခံတစ်ဦးဖြစ်သူ ဦးစံမြသာက ပြောသည်။

ယခုအကောင်အထည်ဖော် တည်ဆောက်သည့် ဘူးသီးတောင်- ရသေ့တောင် လမ်းပိုင်းသည် ၃၆ မိုင်ကျော်ရှည်လျားပြီး ဒေသတွင်း ကုန်းလမ်းပိုင်းဖောက်လုပ်တည်ဆောက်ရာတွင် ပထမဆုံးလမ်းဖြစ်သည်။ အဆိုပါကုန်းလမ်းခရီးပေါက်ပါက နာရီပိုင်း၊ မိနစ်ပိုင်းအတွင်း ဘူးသီးတောင်နှင့် ရသေ့တောင်ကို ကူးလူးသွားရောက်နိုင်မည်ဖြစ်ကာ အနီးဝန်းကျင်နေပြည်သူများ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးပိုင်းဆိုင်ရာမှအစ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ လမ်းကြောင်းတစ်လျှောက် ကျေးရွာပေါင်း မြောက်မြားစွာရှိပြီး မှီတင်းနေထိုင်သော ပြည်သူများအနေဖြင့် ယခုအခါ ရှပ်ပြေး၊ သုံးထပ်သင်္ဘောတို့ဖြင့် သွားလာနေရခြင်းကြောင့် အချိန်ကြန့်ကြာခြင်း၊ အချိန်ပြည့်သွားလာနိုင်မှုမရှိခြင်း၊ ကာလပိုင်းခြားပေါ်လိုက်၍ ကူးသန်းသွားလာနေရခြင်းတို့ကြောင့် ကုန်စည် စီးဆင်းမှုမှအစ ဘက်ပေါင်းစုံမှ စိန်ခေါ်မှုများဖြင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရသည်။

"ဒီတံတားကို ပြည်တွင်း အင်ဂျင်နီယာတွေနဲ့ပဲ ဆောက်လုပ်တာပါ။ တပ်ဆင်တဲ့ သံပေါင်တွေကိုတော့ မြန်မာ-ဂျပန် ဖက်စပ်ထုတ်လုပ်တဲ့စက်ရုံက မှာယူအသုံးပြုတာပါ။ ဆောက်လုပ်ရေးပိုင်းမှာတော့ ဒီဇိုင်းကအစ မြန်မာနိုင်ငံက အင်ဂျင်နီယာတွေနဲ့ တည်ဆောက်တာပါ။ ဒီတံတားပြီးသွားရင် ဘူးသီးတောင်နဲ့ ရသေ့တောင်ကို ကုန်းလမ်းခရီး ပေါက်သွားမယ်။ အရင်က ကုန်းလမ်းမရှိဘူး။ ဒီလမ်းမှာက ဒီတံတားအပါအဝင် တံတား ၁၀ စင်းတည်ဆောက်သွားမှာပါ။ ဒီ ၁၀ စင်းထဲက ဒီနှစ်မှာ လေးစင်း တည်ဆောက်သွားဖို့ စီစဉ်ထားပါတယ်။ လောလောဆယ် ဘတ်ဂျက်ပေါ်မူတည်ပြီး လျာထားတည်ဆောက်သွားမှာပါ။ တံတားအားလုံးကိုတော့ ဘတ်ဂျက်အခြေအနေအပေါ် မူတည်ပြီး လုပ်ဆောင်သွားမှာပါ။ လုံလောက်တဲ့ ရန်ပုံငွေရမယ်ဆိုရင် လာမယ့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်လောက်မှာ အားလုံးပြီးသွားမှာပါ"ဟု ဒေါ်စုစုမာက ပြောသည်။

ဘူးသီးတောင်မြို့ပေါ်နေ မခိုင်မြရည်က "အခု ဘူးသီးတောင်နဲ့ ရသေ့တောင်ကို သွားမယ်ဆိုရင် အချိန်ပြည့်သွားလို့မရဘူး။ သွားရင်လည်း ရေလမ်းကြောင်းက သွားရတာဆိုတော့ တော်တော်လေး အခက်အခဲဖြစ်ပါတယ်။ အခုလို လမ်းတွေဖောက်၊ တံတားတွေ ဆောက်လိုက်မယ်ဆိုရင် မိုင်ကလည်း သိပ်ဝေးတာမဟုတ်တော့ ကျွန်မတို့အတွက် တော်တော်လေးကို အဆင်ပြေမှာပါ။ ကုန်းလမ်းဆိုတော့ ရေလမ်းကြောင်းထက် ပိုမိုလျင်မြန်မှာပါ။ ကုန်သွယ်စီးဆင်းမှုကလည်း အရင်ထက် ပိုကောင်းလာမယ်လို့ ထင်ပါတယ်။ ဒီနယ်တွေမှာ အခုလို ကုန်းလမ်းကြောင်းတွေ အစိုးရအနေနဲ့ များများဖောက်လုပ်ပေးရင် နယ်မြေဟာ အေးချမ်းပြီး အမှန်တကယ် ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာမယ်လို့ မြင်ပါတယ်"ဟု ပြောသည်။

ဘူးသီးတောင် - ရသေ့တောင်လမ်း ဝန်းကျင်အနီးနေရွာမှ ဦးကျော်စံလှက "အခုတော့ ဘူးသီးတောင်နဲ့ ရသေ့တောင် ဆက်စပ်သွားလာရတာခက်တာပေ့ါ။ သွားလာရတာခက်ခဲတော့ ကုန်စည်စီးဆင်းမှုလည်း လျင်မြန်မှုမရှိသလို မလိုအပ်ဘဲ ဈေးကြီးမြင့်မှုတွေ ရှိနေတာပေ့ါ။ ဒီလမ်းသာ ပေါက်သွားရင် ဘူးသီးတောင်နဲ့ ရသေ့တောင်သွားရတာ မကြာတော့ဘူးလေ။ အခုရေလမ်းကြောင်း ရှပ်ပြေးစီးနေရတော့ တော်တော်လေး အချိန်ကြန့်ကြာမှုတွေရှိတယ်။ ဒါတောင် ရှပ်ပြေးနဲ့က နှစ်နာရီလောက်ပဲကြာတာ။ သင်္ဘောဆိုရင် စစ်တွေနဲ့ဒီကို ဟိုကနံနက်ထွက်တယ်ဆို ဒီကို ညနေလောက်မှ ရောက်တယ်။ တစ်နေကုန် စီးရတော့ ကုန်သွယ်စီးဆင်းမှုက အဆင်မပြေဘူး။ ဒီတံတားကြီးပြီးလို့ ကုန်လမ်းသာပေါက်သွားရင် ရသေ့တောင်နဲ့ ဘူးသီးတောင်က တော်တော်လေးကို ကူးလူးသွားလာရတာ မြန်သွားမယ်၊ အဆင်ပြေသွားမယ်"ဟု ပြောသည်။

ဘူးသီးတောင်နှင့် ရသေ့တောင် ဝန်းကျင်နေပြည်သူများမှာ ပန်ဇင်းချောင်းတံတားနှင့် လမ်းကြောင်းပေါ်ရှိ တံတားများအားလုံး ပြီးစီး၍ ကုန်းလမ်းခရီးပေါက်ပါက ၎င်းတို့၏ လူမှုစီးပွားဘဝ ပိုမိုအဆင်ပြေလာမည်ဟု ယုံကြည်မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**သတင်းဆောင်းပါး- မောင်စိန်လွင်နှင့်အဖွဲ့**
**ဓာတ်ပုံ- မင်းထက်၊ ရဲခေါင်**



## ✪ ကျောဖုံးမှ

ယင်းရက် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲခန့်က ဖုန်းဆက်ပြီး မေးမြန်းခဲ့ရာ ထိုင်းအစိုးရရှေ့နေဘက်မှ ခရိုင်တရားရုံး၏ ငြင်းပယ်ချက်ကို အယူခံမတင်သွင်းရသေးကြောင်းဖြင့် အကြောင်းပြန်ခဲ့ကြောင်း သိရသည်။

ဗန်ကောက် မြန်မာသံရုံးအထူးစုံစမ်းရေးကော်မတီအဖွဲ့မှ ဦးမင်းဦး (FED) က "လိပ်ကျွန်းအမှုနဲ့ပတ်သက်ပြီး ပြောရရင် ဒီနေ့နောက်ဆက်တွဲသိရသမျှကတော့ အစိုးရရှေ့နေဘက်ကို အယူခံတင်ခိုင်းတာ မတင်နိုင်သေးဘူးလို့ သိရပါတယ်။ ဒါကြောင့် အယူခံတရားရုံးကို မိမိတို့ရှေ့နေများဘက်ကတင်ထားတဲ့ အယူခံကိုပဲတင်ပြီး တရားရုံးကနေ အမှုကို ပြန်လည်စစ်ဆေးမှုပြုလုပ်ကာ စီရင်ချက်ကို ချရမယ့်သဘောဖြစ်သွားပါပြီ"ဟု ယနေ့ညပိုင်းက ဆက်သွယ်ပြောကြားသည်။

ထိုင်းနိုင်ငံ တောင်ပိုင်း စူရတ်ဌာနီခရိုင်အတွင်းရှိ လိပ်ကျွန်း (ခိုတောင်ကျွန်း)တွင် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်က ကမ္ဘာလှည့်ခရီးသည် ဗြိတိန်နိုင်ငံသားနှစ်ဦးဖြစ်သော David Miller နှင့် Hannah Witheridge တို့နှစ်ဦး သေဆုံးမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ အစွပ်စွဲခံရသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်ဦးဖြစ်သော ဝင်းဇော်ထွန်းနှင့် ဇော်လင်းတို့အား ကော့စမွေခရိုင် တရားရုံးတော်မှ လူသတ်မှု၊ မုဒိမ်းမှုတို့ အပါအဝင်ပုဒ်မ ၇ ခုတို့ဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအနေအထားအရ အမှုတွဲအတွက် အယူခံအမှုကို အယူခံတရားရုံးက ကိုင်တွယ်စစ်ဆေးနေဆဲဖြစ်ကြောင်း ဗန်ကောက်မြန်မာသံရုံး အထူးစုံစမ်းရေးကော်မတီအဖွဲ့မှ သိရသည်။

**(စိုးဝင်း-MLA)**

## ■ မြန်မာ-ထိုင်းမှ

ထိုင်း-မြန်မာ ရိုးရာလက်ဝှေ့ ငါးချီစိန်ခေါ်ပွဲကြီးတွင် ဖိုးလပြည့် (မြန်မာ)နှင့် သူဝမ်းကျန်(ထိုင်း)၊ ရန်နိုင်အောင်(မြန်မာ)နှင့် ဒွဲနောင်ခန်း(ထိုင်း)၊ သွေးသစ်ဝင်းလှိုင်(မြန်မာ)နှင့် ဟိုစန်လတ်(ထိုင်း) တွဲဆိုင်းအားလုံးမှာ သရေပွဲများဖြင့်သာ အဆုံးသတ်ခဲ့သည်။ ပွဲစဉ် သုံးပွဲလုံးမှာ ငါးချီပြည့် အလူးအလဲ သူတစ်ပြန်ကိုယ်တစ်ပြန် အနားမတောင်းရဘဲ ထိုးသတ်ယှဉ်ပြိုင်ကြရာမှ ပူးတွဲသရေများဖြင့်သာ ရရှိခဲ့ခြင်းဖြစ်သည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ဆက်သွယ်ရေးဥပဒေဖြင့် အမှုဖွင့်ခံထားသော Eleven Media Group ၏ CEO နှင့် တာဝန်ရှိသူတို့ သက်ဆိုင်ရာသို့ လာရောက်အဖမ်းခံ၊ တရားရုံးသို့ပို့ဆောင်ကာ ချုပ်ရက်ရမန်ယူ



**ရန်ကုန်  နိုဝင်ဘာ  ၁၁**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဆက်သွယ်ရေးဥပဒေဖြင့် အမှုဖွင့်ထားသော Eleven Media Group ၏ CEO ဒေါက်တာသန်းထွဋ်အောင်နှင့် Eleven Media Group မှ အယ်ဒီတာချုပ် ဦးဝေဖြိုးတို့သည် ယနေ့ မွန်းလွဲပိုင်းက သက်ဆိုင်ရာသို့ လာရောက်အဖမ်းခံခဲ့သဖြင့် တာမွေမြို့နယ်တရားရုံးသို့ ပို့ဆောင်ကာ ချုပ်ရက်ရမန်ယူခဲ့ကြောင်း သိရသည်။

"ဒီအမှုနဲ့ပတ်သက်လို့ အမှုဖွင့်ခံထားရတဲ့သူတွေ အနေနဲ့ ဒီနေ့ မွန်းလွဲ ၂ နာရီမှာ ကျွန်တော့်ရုံးကို လာရောက်အဖမ်းခံခဲ့ပါတယ်။ ဒါကြောင့် ဒီအမှုကို ကြီးကြပ်ဆောင်ရွက်ပေးတဲ့ ကျွန်တော်က အမှုစစ်ရှိတဲ့ တာမွေမြို့နယ်ရဲစခန်းကို လာပို့တာပါ။ ပြီးရင် အမှုနဲ့ပတ်သက်ပြီး အမှုတွဲတည်ဆောက်မယ်။ သက်သေခံပစ္စည်းတွေကို သိမ်းဆည်းမယ်။ ၆၆(ဃ)နဲ့ပတ်သက်ပြီး ရမန်ယူမယ်။ ရဲလုပ်ငန်းပြည့်စုံပြီး ဥပဒေအကြံပြုချက်ကျလာရင် တရားစွဲဆိုဖို့ အမြန်ဆုံးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီအမှုဟာ ရဲအရေးပိုင်တဲ့အမှု ဖြစ်ပါတယ်။ အဲဒီအတွက် ဥပဒေနဲ့အညီ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ထွေးက တာမွေမြို့မရဲစခန်းတွင် မီဒီယာများကို ပြောကြားသည်။

"ဝန်ကြီးချုပ်တစ်ဦး ဒေါ်လာတစ်သိန်းခန့်တန်သည့် Patek Philipeနာရီဝတ်ဆင်သည်။ ယင်းနာရီကို လက်ဆောင်ပေးသူမှာ မူးယစ်ဆေးဝါးမှုဖြင့် မကြာသေးမီက ထောင်ကလွတ်လာခဲ့သော သူဌေးတစ်ဦးဖြစ်ပြီး အစိုးရအကူးအပြောင်းကာလတွင် မြို့သစ်စီမံကိန်းကို တင်ဒါအောင်မြင်ခဲ့သူ တစ်ဦးဖြစ်ကြောင်း သိရသည်"ဟု Eleven Media Group ၏ CEO နှင့် Eleven Media Group လူမှုကွန်ရက် စာမျက်နှာတွင် ဖော်ပြခဲ့မှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က နိုဝင်ဘာ ၉ ရက်တွင် တာမွေမြို့မရဲစခန်း၌ ဆက်သွယ်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ တာမွေမြို့မရဲစခန်းက ဆက်သွယ်ရေးဥပဒေပုဒ်မ-၆၆(ဃ)ဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုဝင်ဘာ ၁၀ ရက် နေ့လယ်ပိုင်းတွင် သက်ဆိုင်ရာအနေဖြင့် အမှုဖွင့်ခံရသူ Eleven Media Group ၏CEO ဒေါက်တာသန်းထွဋ်အောင်နှင့် အယ်ဒီတာချုပ် ဦးဝေဖြိုးတို့အား လိုက်လံစုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့သော်လည်း မတွေ့ရှိသည့်အတွက် Eleven Media Group ၏ တာဝန်ရှိသူတို့ထံ အကြောင်းကြားခဲ့ကြောင်း၊ ရောက်လာပါက သက်ဆိုင်ရာသို့ ပို့ဆောင်ပေးရန် တာဝန်ရှိသူတို့အား ဆင့်ခေါ်စာပေးပို့ခဲ့ကြောင်း၊ သက်ဆိုင်ရာ အနေဖြင့်လည်း ပူးပေါင်းအဖွဲ့များဖြင့် ပိတ်ဆို့ရှာဖွေ စစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း၊ ယနေ့တွင် ၎င်းတို့လာရောက်အဖမ်းခံခဲ့သဖြင့် လုပ်ထုံးလုပ်နည်းများအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ထွေးက ပြောကြားသည်။

ယင်းဖြစ်စဉ်နှင့်စပ်လျဉ်း၍ နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Novotel ဟိုတယ်၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည့် စီးပွားရေးလုပ်ငန်းရှင် ဦးမောင်ဝိတ်ကို နိုဝင်ဘာ ၁၀ ရက် ညနေပိုင်းတွင် သက်ဆိုင်ရာက တာမွေမြို့မရဲစခန်း၌ ခေါ်ယူစစ်ဆေးမှုများပြုလုပ်ခဲ့သည်။

၎င်းတို့နှစ်ဦးအား ခရိုင်ရဲတပ်ဖွဲ့က သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့သို့ လွှဲအပ်ခဲ့ပြီးနောက် ညနေပိုင်းတွင် တာမွေမြို့နယ်တရားရုံး၌ ချုပ်ရက်ရမန်ရယူခဲ့ကြောင်း သိရသည်။ **သတင်း-ဇော်ကြီး(ပဏီတ)၊ဓာတ်ပုံ-ဖေဇော်**

# မြန်မာနှင့် တောင်ကိုရီးယားတို့ ချစ်ကြည်ရေးတည်တံ့စေရန် ရည်ရွယ်သော ကိုရီးယားထုတ်ကုန်ပြပွဲကြီး ကျင်းပလျက်ရှိ

**ရန်ကုန်  နိုဝင်ဘာ  ၁၁**

မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံ ချစ်ကြည်ရေး တည်တံ့ခိုင်မြဲစေရန်၊ ကုန်သွယ်မှုမြှင့်တင်နိုင်ရန်နှင့် နှစ်နိုင်ငံ ယဉ်ကျေးမှုချင်းဖလှယ်ရန် ရည်ရွယ်၍ ကိုရီးယားထုတ်ကုန်ပြပွဲကြီး (Korea Products Fair 2016)ကို ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ နိုဝင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ခင်းကျင်းပြသလျက်ရှိသည်။

Korea Association in Myanmar ၏ အထောက်အပံ့ဖြင့် Funtential Factory ကုမ္ပဏီက ကြီးမှူးကျင်းပသည့် ကိုရီးယားထုတ်ကုန်ပြပွဲတွင် ကိုရီးယားနိုင်ငံအခြေစိုက်ကုမ္ပဏီများနှင့် မြန်မာနိုင်ငံရှိ ကိုရီးယားကုမ္ပဏီများအပါအဝင် ကုမ္ပဏီ ၅၀ ကျော်၊ ဆိုင်ခန်းပေါင်း ၁၅၀ ပါဝင်ပြသထားပြီး ဒုတိယအကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံရဲ့ စီးပွားရေးဈေးကွက်ကို တအားစိတ်ဝင်စားတယ်။ မြန်မာ Skincare Society ကို ကိုရီးယားထုတ်ကုန်တွေနဲ့ ထိုးဖောက်ဝင်ရောက်ချင်တယ်။ ကိုရီးယားသီချင်းတွေ၊ စတိုင်တွေက မြန်မာနိုင်ငံမှာ ခေတ်စားလာသလိုပဲ မြန်မာနိုင်ငံမှာ ရှိတဲ့ ကလေးတွေကို ကျွန်တော်တို့ရဲ့ ထုတ်ကုန်ပစ္စည်းတွေနဲ့ ကြီးပြင်းလာစေချင်တယ်။ အခုထုတ်လိုက်တဲ့ ကလေးသုံးလိုးရှင်းလေးတွေက ဒီနှစ်မှထုတ်တာဖြစ်တဲ့အတွက် မြန်မာနိုင်ငံမှာ အခုမှ လာရောက်မိတ်ဆက်တာပါ။ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံမှာရှိတဲ့ အဝယ်တော်တွေနဲ့ ချိတ်ဆက်ပြီး ဒီထုတ်ကုန်ကို Online Store ရော Offline Store ပါလုပ်ဖို့ ရှိတယ်"ဟု HUJ International Incorporation မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြပွဲသို့ လာရောက်လေ့လာသူ လူငယ်တစ်ဦးကလည်း "Cosmetic ကို အဓိကအားပေးချင်လို့ပါ။ များသောအားဖြင့် Cosmeticတွေက ဈေးကြီးတယ်လေ။ ဒီမှာက ဈေးနည်းနည်းသက်သာတော့ ညီမတို့လို လူငယ်တွေအတွက် တော်တော်အဆင်ပြေသွားတယ်"ဟု ပြောသည်။

အဆိုပါပြပွဲတွင် ကိုရီးယားနိုင်ငံမှ လူသုံးကုန်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၊ အခန်းအလှဆင်ပစ္စည်းများ၊ ဆေးဝါးများနှင့် စားသောက်ကုန်များ အပါအဝင် ကိုရီးယားထုတ်ကုန်ပစ္စည်းများနှင့် အပျော်တမ်း တက်တူးစတစ်ကာကပ်ခြင်း၊ ကိုရီးယားဓလေ့ရိုးရာကစားနည်းများ၊ ကိုရီးယားရိုးရာဝတ်စုံများ ဝတ်ဆင်၍ အလှဓာတ်ပုံများရိုက်ခြင်း စသည့် ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်ပြသလျက်ရှိသည်။

**(ခင်ဇာသွယ်နှင့်အဖွဲ့)**




# မောင်တောမြို့နယ်အတွင်း မသင်္ကာဖွယ်တွေ့ရှိသူများအား ဖမ်းဆီး

**နေပြည်တော်  နိုဝင်ဘာ  ၁၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တပ်မတော်(ရေ)မှ နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ယနေ့ နံနက် ၄ နာရီ ၁၅ မိနစ်ခန့်တွင် မကျီးချောင်းဝကျေးရွာနှင့် မောင်နီကျေးရွာအကြား နတ်မြစ်အတွင်း၌ တစ်ဖက်နိုင်ငံသို့ ဖြတ်ကူးနေသော လောင်းလှေတစ်စင်းအား တွေ့ရှိ၍ လိုက်လံဖမ်းဆီးရာ လှေပေါ်ပါအမျိုးသားလေးဦးအနက် သုံးဦးမှာ နတ်မြစ်အတွင်းသို့ ခုန်ချထွက်ပြေးသွားပြီး ကျန်ရှိသူ မာမွတ်ရှော်ရှိ(ဘ) ဟာမိအမ်ဆမ်ကို ဖမ်းဆီးရမိသည်။

အလားတူ လှဖိုးခေါင်ကျေးရွာတစ်ဝိုက် တပ်မတော်သားများနှင့် နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ယနေ့နံနက် ၄ နာရီ ၁၅ မိနစ်ခန့်တွင် လှဖိုးခေါင်ကျေးရွာမှ ထွက်ခွာလာသော မသင်္ကာဖွယ် မော်စတာရ် (ဘ)အဒူရော်ရိတ်ကို ဖမ်းဆီးရမိသည်။ ထို့ပြင် ယနေ့ညနေပိုင်းတွင် ဘဂုံးနားကျေးရွာသို့ ဝင်ရောက်ရှာဖွေရှင်းလင်းရာ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ဖေ့ဘုတ်အကောင့် Ma Swe Zin အမည်ဖြင့် နိုင်ငံတော်နှင့်တပ်မတော်အပေါ် အကြည်အညိုပျက်စေမည့် မဟုတ်မမှန် သတင်းလွှင့်သူ ရော်ဟီးမူလာ (ဘ)နော်ဇီရာမောက်နှင့် ညီဖြစ်သူ အာမာန်အူလာ တို့အား တယ်လီဖုန်းနှင့်အတူ ဖမ်းဆီးရမိသည်။

နိုဝင်ဘာ ၁၀ ရက် မွန်းလွဲ ၃ နာရီခွဲခန့်ကလည်း ပူးပေါင်းအဖွဲ့များက သတင်းအရ ခမောင်းဆိပ်ကျေးရွာသို့ သွားရောက်ရှင်းလင်းရာ သက်ဆိုင်ရာကျေးရွာနေ မသင်္ကာဖွယ်ဘင်္ဂါလီများဖြစ်ကြသည့် ဒီမိုဟာမက် (ဘ) မူဆာဟာလီ၊ မော်လဝီဆော်ပီဟာလောင် (ဘ)မူလာဟူစိန်နှင့် မာမတ်အာလောင်(ဘ) မော်ဟီအာမတ်တို့ သုံးဦးအား ဖမ်းဆီးရမိသည်။

အဆိုပါ ဖမ်းဆီးရမိသူများအား တရားဥပဒေအရ စစ်ဆေးအရေးယူဆောင်ရွက်နိုင်ရေး မောင်တောမြို့မရဲစခန်း၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်း (ကျီးကန်းပြင်)နှင့် ခမောင်းဆိပ်ရဲစခန်းများသို့ စနစ်တကျ လွှဲပြောင်းအပ်နှံပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



ဖမ်းဆီးရမိ မသင်္ကာဖွယ် ဘင်္ဂါလီ မာမတ်အာလောင် ၅၂နှစ်(ဘ) မော်ဟီအာမတ်၊ ဒီမိုဟာမက် ၄၃နှစ်(ဘ) မူဆာဟာလီ၊ မော်လဝီဆော်ပီဟာလောင် ၃၅ နှစ်(ဘ)မူလာဟူစိန်။ (မသစ/ရသစ)

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထပ်မံလျှောက်ထားလာမည့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများအား ခွင့်ပြုမည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထပ်မံလျှောက်ထားလာမည့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှု လုပ်ငန်းများအား ခွင့်ပြုသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းဆွေက ပြောကြားသည်။

ယခုအခါ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပထမဦးဆုံး မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းအား Wave Money မှ ပြီးခဲ့သည့် အောက်တိုဘာ ၃ ရက်က မှတ်ပုံတင်လက်မှတ်ရရှိခဲ့ပြီး မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်ပေါင်း ၁၆၀ တွင် Wave ဆိုင်ပေါင်း ၄၀၀၀ ကျော်ထားရှိကာ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုပြုလုပ်ရန်အတွက် ငွေပေးပို့သူ၏ မှတ်ပုံတင်နှင့်ငွေပေးပို့မည့် ငွေသားပမာဏကို Wave ဆိုင်များမှတစ်ဆင့် ပေးပို့နိုင်ပြီဖြစ်ကြောင်း သိရသည်။ ငွေလက်ခံမည့်သူ၌ မှတ်ပုံတင်ရှိရမည်ဖြစ်ပြီး အခြားသူထံမှ လွှဲပေးသော ငွေသားပမာဏကို နီးစပ်ရာ ဖွင့်လှစ်ထားသော Wave ဆိုင်များ၌ အလွယ်တကူ ချက်ချင်းငွေထုတ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းဆွေက “မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကတော့ ပြည်သူလူထုတွေကို ဘယ်လောက်ထိ ငွေရေးကြေးရေးကဏ္ဍမှာ ထိထိရောက်ရောက် အကောင်အထည်ဖော်ပေးနိုင်မလဲဆိုတာ ဆောင်ရွက်နေပါတယ်။ နောက်တစ်ခုကတော့ နိုင်ငံအတွင်းမှာ မည်သူမဆိုဘဏ္ဍာရေးဆိုင်ရာ Service တွေကို ဘယ်နေရာမှာပဲဖြစ်ဖြစ် ရယူနိုင်ဖို့အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ target ထားထားတာရှိပြီးသားပါ။ ဒါကြောင့် တချို့သူတွေမှာ ဘဏ်အကောင့်မရှိဘူးဆိုတော့ ဒီ Wave Money နဲ့ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်ပေးလိုက်တာပါ။ ဈေးသည်တွေ၊ အလုပ်လုပ်တဲ့သူတွေကျတော့ ဘဏ်ကိုမလာနိုင်ကြဘူးဆိုတော့ ဘယ်လိုငွေကြေးဝန်ဆောင်မှုလုပ်ပေးနိုင်မလဲဆိုပြီး နိုင်ငံတော်က ချမှတ်ထားတဲ့ ငွေရေးကြေးရေးအကောင်အထည်ဖော်မှုမြင့်မားဖို့ ဆိုတဲ့အတိုင်း လုပ်ဆောင်နေတာပါ။ ဗဟိုဘဏ်ကလည်း ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့အတွက် ဒီသီးခြားတည်ထောင်ထားတဲ့ Wave Money နဲ့ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်လိုက်တာဖြစ်ပြီး Wave Money ကလည်း ပထမဆုံးလိုင်စင်ရရှိခဲ့တာဖြစ်ပါတယ်”ဟု ရှင်းပြသည်။

“ဒီလို မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ဆောင်ပေးနေတဲ့အတွက် ကျေးလက်ဒေသများအတွက် အများကြီးအကျိုးရှိပါတယ်။ ဥပမာအနေနဲ့ဆိုရင် အခြားတစ်နေရာမှာအလုပ်လုပ်ကိုင်သူက ဘဏ်ကနေ ငွေလွှဲဖို့ကို ဘဏ်အကောင့်မရှိရင် မရဘူးလေ။ ခုလိုဖုန်းနဲ့ငွေလွှဲတာကျတော့ ချက်ချင်းလွှဲလိုက်တော့ လက်ခံရယူမယ့်သူက ချက်ချင်းရရှိပါတယ်။ တယ်လီနောရဲ့ Connectivity ကောင်းရင်ကောင်းသလို ချက်ချင်းငွေလွှဲ၊ ငွေထုတ်ယူနိုင်ကြမှာပါ”ဟု ဆိုသည်။

မြန်မာနိုင်ငံ၏လူဦးရေ ၂၀ ရာခိုင်နှုန်းသာ ဘဏ်ဝန်ဆောင်မှုကို ရရှိလျက်ရှိပြီး ယခုကဲ့သို့သော ကျေးလက်ဒေသများအတွက် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ထွက်လာပြီဖြစ်သောကြောင့် ကျေးလက်နေပြည်သူများအတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်စရာအကြောင်းရှိကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

# (၅၈)ကြိမ်မြောက် အမျိုးသားတံခွန်စိုက်စက်ဘီးပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ၁၁**

စက်ဘီးအားကစားနည်းကို ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားလာစေရန်၊ စက်ဘီးစီးခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်၊ မျိုးဆက်သစ် စက်ဘီးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် Myan Shwe Pyi Tractors Ltd တို့ ပူးပေါင်း၍ (၅၈)ကြိမ်မြောက် အမျိုးသားတံခွန်စိုက်စက်ဘီးပြိုင်ပွဲ (ပုဂံ-မိတ္ထီလာ-နေပြည်တော်) တာဝေး စက်ဘီးစီးပြိုင်ပွဲကို ဒီဇင်ဘာ ၂ ရက်မှ ၄ ရက်အထိလည်းကောင်း၊ နေပြည်တော် Mount Pleasant စက်ဘီးကွင်း၌ ဒီဇင်ဘာ ၅ ရက်မှ ၆ ရက်အထိ BMX, Down Hill, Cross Country(MTB) ပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် အသင်းတစ်သင်းလျှင် ကစားသမား လေးဦးစီဖြင့် နိုဝင်ဘာ ၂၅ ရက် နောက်ဆုံးထား၍ ဖုန်း-၀၉-၂၅၀၂၀၅၆၅၁ သို့ ဆက်သွယ်စာရင်းပေးစုံစမ်းနိုင်ပါကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

# နိုင်ငံတကာ မွေးမြူရေးနှင့် စိုက်ပျိုးရေးပြပွဲ မန္တလေးတွင် ပထမဆုံးအကြိမ်ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၁**



နိုင်ငံတကာမွေးမြူရေးနှင့် စိုက်ပျိုးရေးပြပွဲကို မန္တလေးမြို့တွင် ပထမဆုံးအကြိမ်အဖြစ် mandalay hill resort တွင် နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီမှ စတင်ကာ နိုဝင်ဘာ ၁၁ ရက်အထိ နှစ်ရက်တာ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲကို မန္တလေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငွေပင်လယ်မီဒီယာတို့မှ ဦးစီးပြုလုပ်ခြင်းဖြစ်ပြီး နိုင်ငံပေါင်း ၁၄ နိုင်ငံမှ လာရောက်ခင်းကျင်းပြသကြောင်း သိရသည်။

“ဒီလိုမျိုး ပြုလုပ်ပေးတာကောင်းပါတယ်။ ဒီထက်ကြီးကြီးမားမားလုပ်ပေးမယ်ဆိုရင် ပိုကောင်းပါတယ်။ များသောအားဖြင့် တောင်သူတွေပိုပြီးသိရှိနိုင်မယ်ဆို ပိုကောင်းပါတယ်”ဟု မြန်မာ့ရွှေသရက်သီးလုပ်ငန်းကုမ္ပဏီ ဒါရိုက်တာ ဒေါ်လဲ့လဲ့ဦးက ပြောသည်။

ယင်းပြပွဲတွင် မွေးမြူရေးပစ္စည်းဆေးဝါးများ၊ စိုက်ပျိုးရေးသုံးစက်ပစ္စည်းများ၊ ဆေးဝါးများ၊ အသီးအနှံများစသည်တို့ကို ဆိုင်ခန်း ၃၀ ကျော်ခင်းကျင်းပြသခဲ့ပြီး လာရောက်ကြည့်ရှုသူများက သိလိုသည်များကို မေးမြန်းခဲ့ပြီး မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ်မှ ပြခန်းများလည်း ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။ **(မင်းထက်အောင်)**

# ချင်းပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူလူထု တွေ့ဆုံပွဲကျင်းပ

**မင်းတပ် နိုဝင်ဘာ ၁၁**

ချင်းပြည်နယ် မင်းတပ်မြို့၌ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်း၊ ပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ပြည်သူလူထုနှင့် တွေ့ဆုံပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက်က မင်းတပ်မြို့ အထက(၁) ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ချင်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးက တွေ့ဆုံပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင် ရွက်ချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ ယင်းနောက်တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းတင်ပြကြရာ တာဝန်ရှိသူအသီးသီးက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေမှ မင်းတပ်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ပေးအပ်သော ဗလာစာအုပ် ဒါဇင်ပေါင်း ၃၀၀၀ ကို ပြည်နယ်လွှတ်တော် ဒု-ဥက္ကဋ္ဌနှင့် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးတို့က ကိုယ်စားပေးအပ်ရာ ပညာရေးဌာနမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး လွှတ်တော် ဒု-ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# လယ်ယာလုပ်ငန်းခွင်လုပ်သားများ အကြွေးဖြင့်သာ လုပ်ကိုင်ကြရခြင်းကြောင့် အခက်အခဲများစွာရှိနေ

**ရေတာရှည် နိုဝင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် လယ်ယာလုပ်ငန်း၌ လုပ်ကိုင်ကြသူများမှာ အကြွေးစနစ်ဖြင့်သာ လုပ်ကိုင်နေကြရခြင်းကြောင့် စားဝတ်နေရေးအတွက် အခက်အခဲများစွာ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ အရောင်းအဝယ်အေးစက်ခဲ့သော စပါးဈေးမှာ နိုဝင်ဘာ ပထမပတ်မှ စတင်၍ တင်း ၁၀၀ လျှင် ကျပ် လေးသိန်း နှစ်သောင်း ဈေးနှုန်းမြင့်တက်လာသော်လည်း ပွဲစားများက စရန်သာပေးချေကာ အကြွေးဖြင့်သာ ရောင်းချရကြောင်း တောင်သူတစ်ဦးက ပြောသည်။

“သူတို့က စပါးဆိုလည်း ခြောက်မှ သန့်မှဝယ်တာ၊ တစ်ခါထဲ လက်ငင်းမရှင်းပါဘူး၊ စရန်ပေးပြီး အကြွေးဝယ်တာ။ အချို့ဆိုရင် တစ်လလောက်ကြာတဲ့အထိ မရကြလို့ တောင်သူတွေ ချာလည်ပတ်လည်ရိုက်နေတယ်။ လုပ်အားခတွေကတောင်း၊ ကိုယ်ကမပေးနိုင် အဲဒီလိုကိုဖြစ်နေတာ”ဟု အထက်ပါတောင်သူကပင် ဆက်၍ပြောသည်။

လယ်ယာလုပ်ငန်းခွင်တွင် လုပ်ကိုင်ကြသူအများစုမှာ တစ်နေ့လုပ်တစ်နေ့စာ ရှာဖွေသူများအနေဖြင့် ယခုကဲ့သို့ အကြွေးစနစ်များကြောင့် အခက်အခဲများနှင့်ပတ်သက်၍ “ကျွန်မတို့ဆို မိသားစုသုံးယောက် တစ်မနက်လုပ်ရင် တစ်ယောက်ကို ကျပ်နှစ်ထောင်စီဆိုတော့ ခြောက်ထောင်ဝင်ငွေရှိပါတယ်။ ဒါပေမယ့် အကြွေးဆိုတော့ ဆန်ဝယ်၊ဆီဝယ်၊ ဟင်းချက်စရာဝယ်တဲ့အခါ အခက်အခဲဖြစ်တယ်။ ကျောင်းသားကလည်းရှိသေး၊ မနက်ကျောင်းသွားရင် မုန့်ဖိုးကမပေးလို့လည်းမရဘူးလေ။ တောင်သူတွေအကြွေးပတ်တာက ဆန်စပါးရှိတော့တော်သေးတယ်။ ကျွန်မတို့ကျတော့ ဒီကရမှစားရမှာလေ၊ အခက်အခဲတွေ အများကြီးဖြစ်ရပါတယ်”ဟု ပြောသည်။

စပါးဈေး တက်ရိပ်ပြကာ အရောင်းအဝယ်များလာသော်လည်း တောင်သူအများစုမှာ လက်ကျန်စပါးနည်းပါးသွားပြီဖြစ်၍ နောက်ပိုင်းကာလများ၌ ဆန်ဈေးမြင့်တက်ဖွယ်ရှိနေကြောင်း သုံးသပ်ခန့်မှန်းမှုများလည်း ရှိနေသည်။

**ကိုလွင်(ဆွာ)**



# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်(ရွှေဈေး) ၈၇၄၈၀၀ - ၈၇၅၈၀၀ မန္တလေး(ရွှေဈေး) ၈၇၄၆၀၀ - ၈၇၅၆၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၂၀/၆၄၀ ကျပ်၊ | ၆၂၀/၆၅၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၆၀/၆၉၀ ကျပ်၊ | ၇၅၀/၇၈၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၁၅/၆၃၀ ကျပ်၊ | ၆၆၀/၆၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၄၅/၆၆၀ ကျပ်၊ | ၆၆၀/၆၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၈၂ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၅၄၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၉၈. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၈၈. ၉၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၆. ၄၂၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၈. ၇၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၂၁၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၀၂. ၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၀. ၃၃ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၇၇. ၉၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၀. ၁၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**



## တရုတ်ကဖျော်ဖြေပွဲကို ဖျက်သိမ်းခဲ့တဲ့ ကတ်တီပါရီ

အေး ပြည့် စု စည်း ရေး သား သည်။

ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ကတ်တီပါရီက တရုတ်နိုင်ငံမှာ သွားရောက်ဖျော်ဖြေဖို့ စီစဉ်ထားခဲ့တဲ့ သူ့ရဲ့ဖျော်ဖြေပွဲကို ဖျက်သိမ်းခဲ့ကြောင်းနဲ့ ဒီလို ဖျက်သိမ်းရတာဟာ သူ့ရဲ့မိသားစု အရေးပေါ်ကိစ္စ ကြောင့်ဖြစ်ကြောင်း ဖောက်ဇ်နယူးစ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ကတ်တီပါရီဟာ သောကြာနေ့မှာ ဖျော်ဖြေဖို့ စီစဉ်ထားခဲ့တဲ့ပွဲကို ဖျက်သိမ်းခဲ့တာဖြစ်ပြီး ကတ်တီပါရီအတွက် ဘောလုံးအကျော်အမော် ဒေးဗစ်ဘတ်ခမ်းက အစားထိုးဖျော်ဖြေပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

တရုတ်နိုင်ငံမှာ ပရိသတ်များစွာ ရရှိထားတဲ့ ကတ်တီပါရီက ယခုလိုဖျော်ဖြေပွဲဖျက်သိမ်းခဲ့ရတာနဲ့ပတ်သက်ပြီး သူ့ရဲ့ပရိသတ်တွေအတွက် တကယ့်ကို စိတ်မကောင်းဖြစ်ရကြောင်းနဲ့ အနူးအညွတ်တောင်းပန်ပါကြောင်း၊ ပရိသတ်ကိုစိတ်ပျက်စေခဲ့တဲ့အတွက် ဝမ်းနည်းရကြောင်းနဲ့ မကြာမီမှာ တရုတ်နိုင်ငံက ပရိသတ်တွေနဲ့ ပြန်လည်တွေ့ဆုံသွားမှာဖြစ်ကြောင်း သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

## April ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် မြင်တွေ့ရတော့မယ့် ယွန်းချေယန်း

တောင်ကိုရီးယားပေါ့ပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ ယွန်းချေယန်းဟာ အမျိုးသမီးတေးဂီတအဖွဲ့ "April"ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် အနုပညာလှုပ်ရှားမှုတွေကို ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ယခင်က ဂျပန်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Puretty"အဖွဲ့မှာ ပါဝင်လှုပ်ရှားခဲ့တဲ့ ယွန်းချေယန်းဟာ "April"ရဲ့ နုတ်ထွက်သွားတဲ့ အဖွဲ့ဝင်နှစ်ဦးဖြစ်တဲ့ စိုမင်နဲ့ ဟွန်ဂျူးတို့ရဲ့နေရာမှာ အစားထိုးဝင်ရောက်ကာ ခြောက်ယောက်မြောက်အဖွဲ့ဝင်ဖြစ်လာတော့မှာဖြစ်ကြောင်း သိရပါတယ်။

ယွန်းချေယန်းဟာ "April" တေးဂီတအဖွဲ့နဲ့ စိမ်းတဲ့သူတော့မဟုတ်ပါဘူး။ ယခင်က "April"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဟွန်ဂျူးကျန်းမာရေးပြဿနာနဲ့ ကြုံနေရစဉ်က အဖွဲ့မှာ ပါဝင်လှုပ်ရှားခဲ့ဖူးသူလည်းဖြစ်ကာ ရုပ်သံအစီအစဉ်တွေမှာလည်း ပါဝင်သရုပ်ဆောင်နေသူလည်း ဖြစ်ပါတယ်။



## ရွှေကမ္ဘာလုံးဆုပေးပွဲရဲ့ အလှမယ်များအဖြစ် စတားလုံး၏သမီးသုံးဦး ရွေးချယ်ခံရ

ဟောလိဝုဒ်ရဲ့ နာမည်ကျော်မင်းသားကြီး ဆီဗက်စတာစတားလုံးရဲ့ သမီးတွေဖြစ်ကြတဲ့ ဆိုဖီယာ၊ စစ်စတင်းနဲ့ စကားလက်စတားလုံးတို့သုံးဦးဟာ လာမယ့် ရွှေကမ္ဘာလုံးဆုပေးပွဲကြီးမှာ ဆုတွေကိုကြယ်ပွင့်တွေဆီ အရောက်သယ်ဆောင်ပေးမယ့် အလှမယ်တွေအဖြစ် ရွေးချယ်ခြင်းခံခဲ့ရကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာ ၁၀ ရက်မှာ ဟောလိဝုဒ်နိုင်ငံခြားရေးစာနယ်ဇင်းအသင်းက စတားလုံးရဲ့ သမီးသုံးဦးဖြစ်တဲ့ ဆိုဖီယာစတားလုံး (၂၀)နှစ်၊ စစ်စတင်းစတားလုံး(၁၈)နှစ်နဲ့ စကားလက်စတားလုံး (၁၄)နှစ်တို့ကို လာမယ့်ရုပ်ရှင်ထူးချွန်ဆုပေးပွဲ ရွှေကမ္ဘာလုံးဆုပေးပွဲကြီးမှာ ဗန်းကိုင်အလှမယ်တွေအဖြစ် ရွေးချယ်ခဲ့ကြောင်း ထုတ်ပြန်ပြောကြားခဲ့တာဖြစ်ပါတယ်။

ဒီလိုဗန်းကိုင်အလှမယ်သုံးဦးကို တစ်ပြိုင်နက်ရွေးချယ်ခဲ့တာဟာ ရွှေကမ္ဘာလုံးသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်ဖြစ်ကာ အဆိုပါအလှမယ်တွေနဲ့ ရွှေကမ္ဘာလုံးဆုပေးပွဲရဲ့ ဂုဏ်ပြုတဲ့ပုံစံအစဉ်အလာကို ပြောင်းလဲဖန်တီးလိုက်တာဖြစ်ကြောင်းလည်း အဆိုပါအဖွဲ့အစည်းရဲ့ ဥက္ကဋ္ဌဖြစ်သူ လောရန်းဇိုးဆိုရီယာက ပြောကြားခဲ့ပါတယ်။

ရွေးချယ်ခံခဲ့ရတဲ့အလှမယ်တွေဟာ စာပေ၊ ဖက်ရှင်နဲ့ အားကစားနယ်ပယ်တွေမှာ အသီးသီးအောင်မြင်မှုတွေ ရရှိထားသူတွေဖြစ်ကြကာ ရွေးချယ်ခံခဲ့ရတဲ့အတွက် ဂုဏ်ယူကြောင်းနဲ့ ပထမဦးဆုံးသော တစ်ပြိုင်နက် ဆုဗန်းကိုင်ခွင့်ရခဲ့တဲ့ မွေးချင်းတွေအဖြစ် ရွှေကမ္ဘာလုံးဆုပေးပွဲရဲ့ သမိုင်းသစ်ရေးထိုးနိုင်ခဲ့တဲ့အတွက် အလွန်စိတ်လှုပ်ရှားရင်ခုန်မိကြောင်းလည်း သူတို့က ဖွင့်ဟခဲ့ကြပါတယ်။

လာမယ့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၈ ရက်မှာ ကျင်းပသွားမယ့် (၇၄) ကြိမ်မြောက် ရွှေကမ္ဘာလုံးဆုပေးပွဲကြီးကို NBCရုပ်သံလိုင်းက တိုက်ရိုက်ထုတ်လွှင့်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။



## လမ်းခွဲလိုက်ပြီဖြစ်တဲ့ သယ်ဝိခ်ကန်းနဲ့ ဘယ်လာဟတ်ဒီ

ဂရမ်မီဆုရှင် အာရန်ဘီအဆိုတော် သယ်ဝိခ်ကန်းနဲ့ ဟောလိဝုဒ်ရဲ့ ထိပ်တန်းမော်ဒယ်တစ်ဦးဖြစ်တဲ့ ဘယ်လာဟတ်ဒီတို့နှစ်ဦးရဲ့ အချစ်ဇာတ်လမ်းဟာ တစ်ခန်းရပ်သွားပြီဖြစ်ကြောင်း အီးတီအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

မကြာသေးမီက ဂလာမောမဂ္ဂဇင်းနဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ဘယ်လ်လာဟတ်ဒီက သူတို့နှစ်ဦး လမ်းခွဲခဲ့ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ဒီအချစ်ဇာတ်လမ်းဟာ ဒုတိယအကြိမ်မြောက် တစ်ခန်းရပ်ခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းကလည်း အဆိုပါကြယ်ပွင့်နှစ်ဦး ခေတ္တလမ်းခွဲခဲ့ပါသေးတယ်။

အသက် (၂၅)နှစ်အရွယ် အဆိုတော်နဲ့ အသက် (၂၀)အရွယ် မော်ဒယ်တို့ဟာ သူတို့ရဲ့ များပြားလွန်းတဲ့ အနုပညာလှုပ်ရှားမှုတွေကြောင့် တစ်ယောက်နဲ့တစ်ယောက် အချိန်မပေးနိုင်ဖြစ်ကာ အချစ်ရေးမှာ ပြဿနာခဏခဏတက်ကြတာဖြစ်ပါတယ်။ ဘယ်လာဟတ်ဒီဟာ ယခုလကုန်ပိုင်းမှာ ကျင်းပသွားမယ့် "Victoria's Secret" ဖက်ရှင်ပြပွဲအတွက် အလုပ်တွေများလျက်ရှိပြီး သယ်ဝိခ်ကန်းကလည်း နိုဝင်ဘာ ၂၅ ရက်မှာ ထွက်ရှိမယ့် တေးအယ်လ်ဘမ်သစ် "Starboy" အတွက် မအားမလပ်ဖြစ်နေကြတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၆ ဂရမ်မီဆုပေးပွဲကို သူတို့နှစ်ဦးအတူ တက်ရောက်ခဲ့ပြီး ယင်းဆုပေးပွဲမှာ သယ်ဝိခ်ကန်းက အိမ်အပြန်ဆုလက်ဆောင်တွေ ယူသွားနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့လအတွင်းကလည်း နှစ်ဦးသား ဂျပန်နိုင်ငံ တိုကျိုမှာ ရိုက်ကူးထားတဲ့ပုံကို ဘယ်လာဟတ်ဒီက သူ့ရဲ့ လူမှုကွန်ရက်မီဒီယာ တစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ဖော်ပြခဲ့ပါသေးတယ်။

သယ်ဝိခ်ကန်းနဲ့ ဘယ်လာဟတ်ဒီတို့ဟာ ပြီးခဲ့တဲ့နှစ် မေလအတွင်း စတင်လက်တွဲခဲ့ကြတာဖြစ်ပြီး ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလအတွင်းမှာ လမ်းခွဲလိုက်ပြီလို့ ဖွင့်ဟခဲ့သေးပါတယ်။ အဲဒီနောက် ချစ်သူတွေအဖြစ် ပြန်လည်လက်တွဲခဲ့ပြီး ချစ်သူသက်တမ်းတစ်နှစ်ကျော်အကြာမှာ လမ်းခွဲလိုက်ပြီလို့ ဒုတိယအကြိမ် ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ဒီလို ရန်ဖြစ်လိုက်၊ ပြန်ချစ်လိုက်ဖြစ်နေတဲ့ သူတို့စုံတွဲရဲ့အချစ်ဇာတ်လမ်းနဲ့ပတ်သက်ပြီး ဟောလိဝုဒ်မီဒီယာတွေကတော့ မကြာမီပြန်လည်ပေါင်းစည်းကြဦးမှာဖြစ်တယ်လို့ ထင်ကြေးပေးနေကြပါတယ်။

## မြဝတီရုပ်မြင်သံကြား

**၁၂-၁၁-၂၀၁၆(စနေနေ့)**

- ၆း၀၃ တရားတော်
- ၇း၀၀ မေတ္တာပို့
- ၇း၁၀ ဓမ္မပူဇာတေး
- ၈း၁၀ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၉း၁၀ လူတိုင်းကျန်းမာသိမှတ်စရာ
- ၉း၃၅ ခရီးလည်းသွားစကားလည်းဆို
- ၁၀း၃၀ Cooking Art
- ၁၀း၄၅ Happy Time
- ၁၁း၁၀ English For Myanmar
- ၁၁း၂၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
- ၁၂း၀၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် - သွေးကျည်တစ်တောင့် နေမျိုးအောင် ၊ ဆုပန်ထွာနှင့်သရုပ်ဆောင်များ
- ၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရေသူမရဲ့ခြေရာများ အပိုင်း(၁၂)
- ၁၄း၃၀ သံစဉ်များနှင့်ကမ္ဘာ
- ၄း၂၅ မြန်မာသံစဉ်ချိုနားဝင်
- ၄း၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၅၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၀၀ Run & Cook
- ၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဖေဖေကြီးကိုချစ်တယ် အပိုင်း(၆၉)
- ၅း၄၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း
- ၆း၁၀ စားဖိုဆောင်ချစ်သူ
- ၆း၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - မြစ်တစ်စင်းရဲ့အလင်္ကာ အပိုင်း(၆၆)
  - အင်္ဂလိပ်စာသင်ခန်းစာ
  - လူ့ရွှင်တော်စတား
  - ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
  - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - အကြင်နာမျက်ဝန်း အပိုင်း(၂၀)

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၁၂-၁၁-၂၀၁၆(စနေနေ့)**

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ Hyper Sports
- ၈း၃၅ ပန်းပျိုးခင်း (အပိုင်း-၅)
- ၉း၃၅ Business News
- ၁၀း၃၅ ကဗျာရိပ်မြုံ "မြတ်ကထိန်"
- ၁၁း၁၅ "ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး" (တည်သီးနှင့် ကြွက်နားရွက်မှို)
- ၁၁း၃၅ ချစ်စရာ့အရွယ် ကစားကြမယ်
- ၁း၁၅ အနုပညာသတင်းအစီအစဉ်
- ၂း၂၀ "ရုပ်ရှင်ရိုက်မယ်" (လူ့အခွင့်အရေးလူ့ဂုဏ်သိက္ခာနိုင်ငံတကာ ရုပ်ရှင်ပွဲတော်) (ပုံပြောသူ၊ စစ်တုရင်) (A Story teller၊ The Chess)
- ၃း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို" (အပိုင်း-၄၀)
- ၄း၃၅ NHK Programme "ဂျင်နည်းပညာ" (ဂျင်များဖြင့်ကစားခြင်း)
- ၅း၁၅ "ကလေးတို့အနာဂတ် စာပေနဲ့ချိတက်"
- ၅း၃၅ "လမြတ်တန်ဆောင်ရဲ့ ကုသိုလ်ပွဲတော်" (သန်းထိုက်၊ ဥမ္မာထွန်း၊ သက်ပိုင်စိုး၊ သင်းသင်းစိုး၊ နန်းစုသဥ္ဇာဇော်၊ ဖြူခင်ချို)
- ၆း၃၅ Tasty Trip
- ၇း၁၅ အိန္ဒိယဇာတ်လမ်းတွဲ "မြွေပျိုမယ်ရဲ့မာယာကလဲ့စား" (အပိုင်း-၆)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၈း၃၅ "အောင်မြင်မှုပန်းတိုင်ဆီချိတက်ပြည်သူ့အတွက်"
- ၉း၀၀ ပြည်တွင်းသတင်း
  - ဂီတတံခါးလေးဖွင့်ပါဦး
  - ဂီတသမား၊ ဂီတစကား "မဟာဂီတနှင့် ခေတ်ဟောင်း"

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# အဂ္ဂူရိုနှင့် တော့တီထက် ဒေးဗစ်ဆေးလ်ဗားပိုကောင်းသည်ဟု ဇက်ကို ယုံကြည်



ရိုးမားတိုက်စစ်မှူး အေဒင်ဇက်ကိုက သူ၏ကစားသမားဘဝတစ်လျှောက် တွဲဖက်ကစားခဲ့ဖူးသည့် ကစားသမားများထဲတွင် ဒေးဗစ်ဆေးလ်ဗားမှာ အရည်အသွေးအပြည့်ဝဆုံး ကစားသမားဖြစ်ပြီး ဆေးလ်ဗား၏ အံ့သြဖွယ်ရာ နည်းစနစ်ကြွယ်ဝမှုကြောင့် အဂ္ဂူရို၊တော့တီအစရှိသည့် ကစားသမားများထက် ပိုမိုပြီးပြည့်စုံသည့် ကစားသမားဖြစ်ကြောင်း သူ၏ ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားလိုက်သည်။

ဇက်ကိုသည် မန်စီးတီး၊ ဝုဖ်ဘတ်နှင့် ရိုးမားအသင်းတို့တွင် ထိပ်တန်းကစားသမား မြောက်မြားစွာနှင့် တွဲဖက်ကစားခွင့်ရရှိခဲ့သလို ဘော့စနီးယား ဟာဇီဂိုဗီးနားလက်ရွေးစင် အသင်းတွင်လည်း စွမ်းဆောင်ရည်မြင့်မားသည့် ကစားသမားများနှင့် တွဲဖက်ကစားခွင့်ရခဲ့သော်လည်း ဒေးဗစ်ဆေးလ်ဗားသာလျှင် နည်းစနစ်ပိုင်းအကြွယ်ဝဆုံး ကစားသမားဖြစ်ကြောင်း ဇက်ကိုက ယုံကြည်သည်။

ဇက်ကိုက "ကျွန်တော့် ကစားသမား သက်တမ်းတစ်လျှောက်မှာ တွဲဖက်ကစားဖူးတဲ့ အကောင်းဆုံးကစားသမားတစ်ဦးကို ရွေးချယ်ပြပါဆိုရင် ဒါဟာ အင်မတန်ခက်ခဲတဲ့ ကိစ္စရပ်ဖြစ်ပါတယ်။ ဒီလိုဆိုရင်တော့ ဒေးဗစ်ဆေးလ်ဗားကိုပဲ ရွေးချယ်ပြရမှာဖြစ်ပါတယ်။ သူ့ကို မှော်ဆန်တဲ့ ခြေစွမ်းပိုင်ရှင်လို့လည်း ပြောလို့ရပါတယ်။သူ့ခြေထောက်နှစ်ချောင်းက အရာအားလုံးကို လုပ်ဆောင်နိုင်စွမ်းရှိသလို ဘယ်လိုအနေအထားက မဆိုပေးတဲ့ဘောလုံးကို အကောင်းဆုံး ထိန်းယူနိုင်သူ၊ အကောင်းဆုံး ဘောလုံးဖြန့်ဝေနိုင်သူ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အားလုံးဟာ လေ့ကျင့်ရေး အစီအစဉ်တွေပြုလုပ်ရင် သူ့ရဲ့စွမ်းဆောင်ရည်နဲ့ ပတ်သက်ပြီး အမြဲအံ့သြချီးကျူးရပါတယ်" ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။



# တာဇံတဲ့လား ဘေးလ်ရယ်

ရီးယဲလ်မက်ဒရစ်နဲ့ ဝေလအသင်းစူပါစတား ဂါရတ်ဘေးလ်ကို ဝေလအသင်းဖော်တွေက ချစ်စနိုးနဲ့ ခေါ်ဝေါ်တဲ့ အမည်ပြောင်က တာဇံဖြစ်ပါသတဲ့။ အရင်ကတော့ ဒီနာမည်ကို ဂါရတ်ဘေးလ် ပိုင်ဆိုင်ခြင်းမရှိပေမယ့် ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းကမှ ဒီနာမည် ပေးခြင်းခံခဲ့ရတာပါ။

အကြောင်းကတော့ ဂါရတ်ဘေးလ်က အရင်က ပွဲကစားချိန်တွေအတွင်း သူ့ရဲ့ ဆံပင်ရှည်ကို စုစည်းထားတတ်သူဖြစ်ပေမယ့် ပြီးခဲ့တဲ့ အောက်တိုဘာလ ဂျော်ဂျီယာအသင်းနဲ့ တစ်ဂိုးစီ သရေကျခဲ့တဲ့ ပွဲစဉ်မှာတော့ သူ့ရဲ့ အညိုရောင်ဆံပင်ရှည်တွေကို စည်းနှောင်ခြင်းမရှိခဲ့တာပါ။ ဘေးလ်ရဲ့ ပြေးလွှားလှုပ်ရှားရင်းဆံပင်တလွင့်လွင့်ဖြစ်နေတဲ့ ပုံစံဟာ တောတွင်းသားလေးတာဇံရဲ့ အညိုရောင်ဆံရှည်တွေနဲ့ အသွင်သဏ္ဍာန်တူတာကြောင့် ဝေလအသင်းကစားဖော်တွေက သူ့ကို အဝတ်လဲခန်းအရောက်မှာ တာဇံလို့ ချစ်စနိုးအမည်ပြောင်ပေးခဲ့တာဖြစ်တယ်လို့ ခရစ္စတယ်ပဲလေ့စ် ကွင်းလယ်လူ လက်ဒလေက ထုတ်ဖော်ပြောကြားလိုက်တာဖြစ်ပါတယ်။

ဂါရတ်ဘေးလ်ဟာ မကြာခင်ကမှ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ခြောက်နှစ် သက်တမ်းတိုးစာချုပ်ဖြစ်ပြီး သူ့ရဲ့အခွန်မဆောင်ရသေးမီ တစ်ပတ်လုပ်ခလစာက ပေါင် ၆၀၀၀၀၀ ဖြစ်ပါတယ်။ လက်ဒလေကတော့ ဘေးလ်အနေနဲ့အခုလို လစာမြောက်မြားစွာရရှိနေတဲ့ ကစားသမားဖြစ်နေခြင်းအပေါ် အသင်းမှာရှိတဲ့ ဘယ်သူတစ်ဦးတစ်ယောက်ကမျှ မနာလိုမဖြစ်ကြဘဲ ဘေးလ်ကို ဆောက်သမ်တန်အသင်းကစားသမားဘဝက ဘေးလ်လို့ပဲ မြင်ကြောင်းလည်း ဆိုခဲ့ပါတယ်။

ဘေးလ်ဟာ ဆောက်သမ်တန်ကနေ စပါးအသင်းကို ပြောင်းရွှေ့လာပြီးနောက် ခြေစွမ်းပြသနိုင်ခဲ့လို့ သူ့ကို ရီးယဲလ်မက်ဒရစ်အသင်းက အဲဒီအချိန်က ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်နဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ခုအချိန်မှာတော့ ဘေးလ်ဟာ အသက်(၂၇)နှစ်ရှိပြီဖြစ်ပြီး စီရိုနယ်လ်ဒိုရဲ့နေရာကို အကောင်းဆုံး ဆက်ခံနိုင်သူဖြစ်မယ်လို့ ထင်ကြေးပေးခံရတဲ့ ကစားသမားလည်း ဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့ ရက်ပိုင်းကမှ ဝေလဘောလုံးအဖွဲ့ချုပ်က ချီးမြှင့်တဲ့ ၂၀၁၆ ခုနှစ် ဝေလတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးရရှိခဲ့သူဖြစ်သလို အာဆင်နယ်ကွင်းလယ်ကစားသမား ရမ်ဆေးရဲ့ အရည်အချင်းအမြင့်မားဆုံး ကစားဖော်အဖြစ် ရွေးချယ်ခဲ့ရသူလည်း ဖြစ်ပါတယ်။

မေလှဲ့သင်း - စု စည်း ရေး သား သည်

# ကော်တင်ဟိုကို ခေါ်ယူရန် ဇီဒန်းစိတ်ဝင်စား



လီဗာပူးကွင်းလယ်ကစားသမားကော်တင်ဟိုမှာ ယခုနှစ် ဘောလုံးရာသီတွင် မြင့်မားသည့် စွမ်းဆောင်ရည်တစ်ရပ်ပြသထားနိုင်သည်ဖြစ်ရာ ကော်တင်ဟို၏ စွမ်းဆောင်ရည်များက ရီးယဲလ်နည်းပြ ဇီဒန်းကို အမှန်တကယ် စွဲဆောင်နိုင်ခဲ့ကြောင်း အိုင်းဖွတ်ဘော ဒေ့ါကွန်း သတင်းဌာနက ဖော်ပြသည်။ ကော်တင်ဟိုမှာ ကွင်းလယ်နှင့် တိုက်စစ်ပိုင်း ချိတ်ဆက်မှုကို အကောင်းဆုံး ထိန်းကျောင်းနိုင်ရုံသာမက ကိုယ်တိုင်ဂိုးသွင်းယူနိုင်စွမ်းလည်းရှိရာ ရီးယဲလ်မက်ဒရစ်နည်းပြ ဇီဒန်းက ဂျိမ်းစ်ရိုဒရီဂွက်ဇ်၏ နေရာတွင် အစားထိုးရန်စောင့်ကြည့်နေခြင်း ဖြစ်သည်။

ဂျိမ်းစ်ရိုဒရီဂွက်ဇ်မှာ ရီးယဲလ်၏ အရေးပါသည့် ကစားသမားအဖြစ် ဆက်လက်ရှိနေသော်လည်း တိုနီခရူးစ်၊ လူကာမိုဒရစ်နှင့် ကက်စီမီရိုတို့မှာ ဇီဒန်း စိတ်ကြိုက် ကွင်းလယ်ကစားသမား သုံးဦးဖြစ်ရာ ရိုဒရီဂွက်ဇ် ကစားချိန်ကန့်သတ်မှုရှိနေခြင်းဖြစ်သည်။ ဂျိမ်းစ်မှာ ရီးယဲလ်မက်ဒရစ်မှ ထွက်ခွာရန် ဆန္ဒမရှိသော်လည်း ၎င်းကို အာဆင်နယ်၊ မန်ယူနှင့် ချယ်လ်ဆီးတို့မှ ခေါ်ယူရန် ချိတ်ဆက်မှုများရှိနေသည်။

လီဗာပူးသည် ကလပ်အသင်းကြယ်ပွင့် ကစားသမားများဖြစ်သော ဖာနန်ဒိုတောရက်စ်၊ ဆွာရက်ဇ်တို့ကို ချယ်လ်ဆီး၊ ဘာစီလိုနာ တို့ကို ထုတ်ရောင်းခဲ့ဖူးရာ ယခု ကော်တင်ဟိုကိုလည်း မြင့်မားသည့် ပြောင်းရွှေ့ကြေး ရရှိလျှင် ထုတ်ရောင်းနိုင်သည်ဟု ရီးယဲလ်မက်ဒရစ်ဘက်မှ မျှော်လင့်နေခြင်းဖြစ်သည်။ သို့သော် လီဗာပူးသည် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ကောင်းများ ရရှိနေပြီး ပရီမီယာလိဂ်အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်ရာ လီဗာပူး၏နှစ် ၂၀ ကျော်ကြာ ပရီမီယာလိဂ်ဖလား ပြတ်လပ်နေမှုကို ရပ်တန့်ရန် ကော်တင်ဟိုကို ထုတ်ရောင်းမည်မဟုတ်ဟု ခန့်မှန်းချက်များလည်း ရှိနေသည်။

# မန်ယူ၊ ပီအက်စ်ဂျီတို့နှင့် ပွဲစဉ်များကို အာဆင်နယ်နောက်ခံလူ ဘယ်လာရင် လွဲချော်မည်



အာဆင်နယ်အသင်း နောက်ခံလူ ဟက်တာဘယ်လာရင်မှာ ခြေချင်းဝတ် အရွတ်ကြော ဒဏ်ရာကြောင့် နိုဝင်ဘာလတစ်လလုံး အနားယူ ရတော့မည်ဖြစ်ရာ မန်ယူ၊ ပီအက်စ်ဂျီအသင်းတို့နှင့် ရင်ဆိုင်ရမည့် အာဆင်နယ်၏ အရေးကြီး ပွဲစဉ်တချို့ကို လွဲချော်တော့မည် ဖြစ်သည်။ ဘယ်လာရင်မှာ စပိန်ယူ-၂၁ အသင်းနှင့် လေ့ကျင့်ရေး အစီအစဉ်များ ပြုလုပ်ရာမှ ဒဏ်ရာကြောင့် ပြန်လာခဲ့ရရာ စပါးနှင့် တစ်ဂိုးစီသရေကျသည့် ပွဲစဉ်၌ ဘယ်လာရင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်ဟု အိုင်ဘီတိုင်းစ်သတင်းဌာနက ဖော်ပြသည်။

ဘယ်လာရင်မှာ မန်ယူ၊ ပီအက်စ်ဂျီတို့နှင့် ပွဲစဉ်များကို လွဲချော်ရန်သေချာနေခဲ့ပြီဖြစ်သလို ဘုန်းမောက်နှင့် ပရီမီယာလိဂ်ပွဲစဉ်၊ ဆောက်သမ်တန်နှင့် အီးအက်ဖ်အယ်လ်ဖလား ပွဲစဉ်များကို ဝင်ရောက်ကစားနိုင်ရန်မသေချာသည့် အနေအထားတစ်ရပ်ပင် ဖြစ်သည်။ ဘယ်လာရင်၏ ခြေချင်းဝတ်ဒဏ်ရာမှာ ပြီးခဲ့သည့်အောက်တိုဘာလအတွင်း တိုက်စစ်မှူး လူးကပ်စ်ပီရက်ဇ် ရရှိခဲ့သည့် ဒဏ်ရာနှင့် အလားသဏ္ဍာန်တူပြီး ပီရက်ဇ်မှာ ယင်းဒဏ်ရာကို ကုသရန် အသင်းဟောင်း ဒီပို့တီဗိုသို့ ထွက်ခွာသွားခဲ့ကြောင်းလည်း သိရသည်။

# ပေါ့ဘာကို မော်ရင်ဟိုနှင့် မန်ယူအကြောင်း မေးမြန်းခဲ့ဟု ဂရစ်ဇ်မန်း ဖွင့်ဟ



မန်ယူအသင်းနည်းပြ မော်ရင်ဟို၏ ထိပ်တန်းပစ်မှတ်အဖြစ် ဖော်ပြခံနေရသူ ဂရစ်ဇ်မန်းက ပြင်သစ်အသင်းကစားဖော် ပေါ့ဘာကို နည်းပြ မော်ရင်ဟိုနှင့် မန်ယူအသင်းအကြောင်း မေးမြန်းခဲ့သည်ဟု ဖွင့်ဟလိုက်သည်။ ဂရစ်ဇ်မန်းက သူနှင့် ပေါ့ဘာတို့ ပြောကြားခဲ့သည့်အကြောင်းများကို အသေးစိတ်ပြန်လည် ပြောကြားခဲ့သော်လည်း ယင်းသို့ပြောကြားမှုများသည် အက်သလက်တီကိုမှ ထွက်ခွာရန် ရည်ရွယ်ထားခြင်းမဟုတ်ကြောင်း ဆိုခဲ့သည်။ ဂရစ်ဇ်မန်းက တစ်ချိန်ချိန်တွင် ပေါ့ဘာနှင့် ကလပ်အသင်းကစားဖော်အဖြစ် ကစားရန် ရည်ရွယ်ထားသော်လည်း နီးကပ်သည့် အနာဂတ်ကာလအတွင်း မဖြစ်နိုင်သေးကြောင်း ဆိုခဲ့သည်။

ဂရစ်ဇ်မန်းက "ကျွန်တော် ပေါ့ဘာကို မန်ယူအကြောင်း အမြဲမေးမြန်းလေ့ရှိပါတယ်။ ဒါကလည်း မန်ယူအသင်းဟာ ကြီးကျယ်ခမ်းနားတဲ့ ကလပ်အသင်းဖြစ်သလို အခြေခံအဆောက်အအုံကောင်းကောင်းရှိတဲ့ အသင်းတစ်သင်း ဖြစ်နေတာကြောင့်ပါ။ မန်ယူ၊ ပီအက်စ်ဂျီအသင်းတွေက ကျွန်တော့်ကို စောင့်ကြည့်နေကြတယ်ဆိုတာ ခင်ဗျားတို့လည်း ကြားမှာပဲ။ ဒါပေမယ့်လောလောဆယ် အသင်းပြောင်းဖို့တော့ အစီအစဉ်မရှိသေးပါဘူး။ ဒါပေမယ့် တစ်ချိန်ချိန်မှာတော့ ပေါ့ဘာနဲ့ တစ်သင်းတည်း ကစားဦးမှာပါ"ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

ပေါ့ဘာနှင့် ဂရစ်ဇ်မန်းတို့မှာ အင်မတန်ရင်းနှီးသည့် မိတ်ဆွေများဖြစ်ပြီး ဂရစ်ဇ်မန်း မန်ယူနှင့် ပူးပေါင်းရေးတွင် ပေါ့ဘာမှာ အဓိကသော့ချက်သဖွယ်အရေးပါသည့် အစိတ်အပိုင်းတစ်ရပ်ဟု မန်ယူအသင်းက ရှုမြင်ထားသည်။ မန်ယူအသင်းသည် လိုအပ်နေသည့် တိုက်စစ်ကွက်လပ်ကို ဖြည့်ဆည်းရန် ထိပ်တန်းတိုက်စစ်ကစားသမားတစ်ဦးကို ခေါ်ယူရန် ဆန္ဒရှိနေပြီး ဂရစ်ဇ်မန်းမှာ မော်ရင်ဟို၏ ဦးစားပေးပစ်မှတ်ဖြစ်ပြီး ရီးယဲလ်နောက်ခံလူ ပီပီ၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့ကိုပါ ခေါ်ယူရန် ချိတ်ဆက်နေကြောင်း သိရသည်။

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး




**စောင်မသည့် ရှေ့နေ**

သိပ်မကြာလှသေးပါ။ အလွန်ဆုံးမှ နှစ်နှစ်ခန့်သာရှိပါဦးမည်။ ဆွေးနွေးပွဲတစ်ပွဲတွင် ကျွန်တော်ဘာသာပြန်ပေးနေခိုက်မှာ ဖြစ်ပါသည်။ ပြောသူက authoritarian ဟုပြောသောအခါ ဘာသာပြန်သူ ကျွန်တော်က "အာဏာရှင်"၊ "အာဏာရှင် ဆန်တဲ့" အစရှိသော ဝေါဟာရများကိုသုံးစွဲ ပြန်ဆိုပေးနေပါသည်။ ထိုအခိုက်တွင် အသားဖြူစပ်စပ်၊ တရုတ်မျက်နှာကျ၊ မျက်မှန်တဝင်းဝင်းနှင့် တိုက်ပုံအဖြူ ဝတ်ထားလေသူကိုယ်တော်ကြီးတစ်ဦးက ထ ကန့်ကွက်ပါသည်။ "Authoritarian ကို အာဏာရှင်လို့ ဘာသာမပြန်ပါနဲ့" ဟု မျက်နှာထိမျက်နှာထားနှင့် ဟန့်ခြင်းဖြစ်လေတော့သတည်း။

ကျွန်တော် ထောင်းခနဲဖြစ်သွားသော်လည်းစိတ်ကိုထိန်းကာ "ဒါဖြင့် ဘယ်လို ပြန်ရပါမလဲခင်ဗျာ" ဟု ချေချေငံငံပင် ပြန်မေးလိုက်မိပါသည်။ ကျွန်တော်ကချေငံသော်လည်းထိုလူကြီးမင်းကမူ "အဘိဓာန်လှန်ကြည့်ပေါ့ကွ" ဟု ဒေါနှင့်မောနှင့်ဆက်ပြောလိုက်တော်မူလေသည်။ ကျွန်တော် အသာတေးထားလိုက်ပြီး ထိုစကားလုံးပါလာသောအခါ အင်္ဂလိပ်စကားလုံးအတိုင်းပင် ဆက်ပြောပေးနေလိုက်ပါသေးသည်။

သူ ထိုသို့ပြောပြီးမိနစ်ပိုင်းတွင်ပင် ဆွေးနွေးပွဲနားချိန်ရောက်လာသဖြင့် အဆင်ပြေသွားပါသည်။ နားချိန်မှာ ကျွန်တော် ပထမဆုံးလုပ်သောအလုပ်မှာ ထိုသူဘယ်သူလဲဟုစုံစမ်းခြင်းဖြစ်ပါသည်။ ဘယ်သူမှန်းသိရသောအခါ ကျွန်တော် ပြုံးမိရသည်။ တကယ်တော့ သူသည် အလွတ်တန်းရှေ့နေတစ်ဦးသာဖြစ်ပါသည်။ အလွတ်တန်းရှေ့နေဆိုသဖြင့် သာမန်မြို့နယ်တရားရုံးများတွင် မြင်ရသောခပ်နုပ်နုပ် ရှေ့နေမျိုးတော့ မဟုတ်ပါ။ မြင်သာအောင် ပြောရလျှင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာပင်လျှင် မာစီဒီး(ဇ်)လိုကား အကောင်းစားကြီးစီးနိုင်ခဲ့သော ရှားပါးရှေ့နေမင်းတစ်ဦးပင် ဖြစ်လေသည်တမုံ့။

**ပဏ္ဍာယူတတ်ပုံကလေး**

နှစ်တွေ ကြာသွားသဖြင့်သာ သူ့ကိုမမှတ်မိရှိလိုက်သည်။ အမှန်က သူ့ရှေ့နေရုံးခန်းနှင့် ကျွန်တော်အလုပ်သင်ရှေ့နေအဖြစ် သင်ယူနေစဉ်က နေ့စဉ်သွားခဲ့ရသော ကျွန်တော့်ဆရာ၏ ရုံးခန်းတို့မှာ မျက်နှာချင်းဆိုင်ဖြစ်ပါသည်။ ထို့ကြောင့် ထိုအချိန် ၁၉၈၀ ပြည့် လွန်စနှစ်တွေကတည်းက သူ့ကိုမြင်သိနေခဲ့ပါသည်။ နှစ်ပေါင်း ၃၀ ကြာခဲ့ပြီဖြစ်သဖြင့် သူ့ကိုရုတ်တရက် မမှတ်မိခဲ့။ ကျွန်တော့်ကိုသူက မျက်နှာထိမျက်နှာထားနှင့် ထမာန်ချိန်တွင်မူ သူသည် ဘက်လိုက်၊ မှီခိုမှု ကင်းရှင်းသင့်သည့် နိုင်ငံတော်အဖွဲ့အစည်းတစ်ခုတွင် အဖွဲ့ဝင် ဖြစ်နေလေသည်။ သို့သော် သူ့ပြောပေါက်က အာဏာပိုင်အဖွဲ့အစည်းတစ်ခုခုကဧရာမပုဂ္ဂိုလ်ကြီးလို ဖြစ်နေခဲ့သည်လည်းအမှန်။

ဒုတိယမှာသူပြောသည့်အတိုင်း ကျွန်တော့်ဖုန်းထဲမှ အင်္ဂလိပ်-မြန်မာ အဘိဓာန်မှာ authoritarian ဖွင့်ဆိုချက်ကို အသင့်ထုတ်ထားလိုက်ခြင်း ဖြစ်သည်။ မြန်မာစာအဖွဲ့ကထုတ်သည့် အဘိဓာန်မှာလည်း ယင်းကို "အာဏာရှင်ဆန်သော" ဟုပင် ဖွင့်ဆိုပေးထားပါလေသည်။

အားလုံးပြင်ဆင်ပြီးတော့မှ ကျွန်တော်သူ့ကို ချဉ်းကပ်လိုက်ပါသည်။ ပထမဆုံးက ကျွန်တော့်ကိုအလုပ်သင်ရှေ့နေအဖြစ် လက်ခံခဲ့သောဆရာ၏ အမည်ကိုပြောခြင်းဖြစ်ပါသည်။ ကျွန်တော့်ဆရာမှာ ရှေ့နေလောကတွင် လျှမ်းလျှမ်းတောက် တစ်ဦးဖြစ်သည့်အပြင် ကိုယ်ကျင့်တည်ကြည်သူအဖြစ်လည်း ထင်ရှားပါသည်။ ဒုတိယမှာ ကျွန်တော့်တရားရုံးချုပ်ရှေ့နေလိုင်စင် အမှတ်ကို ရွတ်ပြလိုက်ခြင်းပင် ဖြစ်တော့သည်။ ကျွန်တော့်ရှေ့နေလိုင်စင်သက်လည်း နှစ် ၃၀ မကပြီဖြစ်ကြောင်း မသိမသာအသိပေးလိုက်ခြင်းလည်း ဖြစ်တော့သည်။

ထိုရောအခါ တတိယအဆင့်အဖြစ် အဘိဓာန်ဖွင့်ဆိုချက်ကိုပင် ပြရန် မလိုတော့ချေ။ ပွဲလယ်မှာ ကျွန်တော့်ကိုမချေငံခဲ့သော အနှီပုဂ္ဂိုလ်သည် ဝါးလုံးကို ဝါးခြမ်းဖြစ်အောင် ပြောပါလေတော့သည်။ ကျွန်တော့်အတွက် စိုးရိမ်သဖြင့် ပြောရတာဖြစ်ကြောင်း၊ ပွဲထဲမှာတူညီဝတ်စုံဝတ် ကြီးကြီးမာစတာတွေပါနေသဖြင့် ထိုသူများရာဇမာန်ရှမှာစိုးသဖြင့် ပြောခြင်းသာဖြစ်ကြောင်း လျှောချပါလေတော့သည်။ အိမ်း. . . ဒါကြောင့်လည်းရှေ့နေတွေ နာမည်ပျက်ရတာပေကပဲဟုတွေးရင်း ကျွန်တော် ပြုံးနေလိုက်ပါသည်။

တကယ့်တကယ် သူပြောသောပွဲထဲကတူညီဝတ်စုံဝတ် ကြီးကြီးမာစတာအတော်များများမှာ ကျွန်တော်နှင့်ကြုံဖူး၊ ဆုံဖူးပေါင်းများပြီဖြစ်သဖြင့် ခင်မင်ရင်းစွဲရှိနေကြသူတွေ ဖြစ်သည်။ ကျွန်တော့်ဘက်က အမှန်တကယ်လွဲချော်နေလျှင်လည်း ထိုပုဂ္ဂိုလ်ကြီးလိုပွဲလယ်မှာဒေါနှင့်မောနှင့် ပြောမည့်အစား ကျွန်တော့်ကို လက်တို့ကာ တိုးတိုးကျိတ်ကျိတ် သတိပေးကြမည့်သူများသာ ဖြစ်ပါသည်။ အခုဟာက ကျွန်တော့်ကိုပြောချင်သည်ထက် လူပုံအလယ်မှာ သူ့ဘာသာပဏ္ဍာဝင်ယူတာ သိသာလွန်းလှပေသည်။

ဩော် "အချိန်မစီးသူပေတကား" ဟု စိတ်ထဲက ကျိတ်မှတ်ချက်ချကာ အသာပဲနေလိုက်ပါသည်။

**ဘာသာပြန်အလွဲများ**

နောက်ပိုင်းကျတော့ သူလိုလူတွေကိုပိုအတွေ့ရစိပ်လာသည်။ ကြုံလျှင်လည်း ကျွန်တော်နှင့်မှ တိုက်တိုက်ဆိုင်ဆိုင်။ ကျွန်တော် ဘာသာပြန်သည့်အခါ အင်္ဂလိပ်လို ညှပ်ပြန်ရမှာကိုလွန်စွာဝန်လေးပါသည်။ ကွန်ပျူတာလို၊ အင်တာနက်လို၊ တယ်လီဖုန်းလိုဟာမျိုးဆိုလျှင် ထားတော့။ "လောလောဆယ် စစ်ကိုင်းတိုင်းဒေသကြီးဟာ Bird flu အတွက် high risk area ပါ" ဆိုသော ဘာသာပြန်မျိုးကို အလွန်စက်ဆုပ်လှပါသည်။ အဲတော့လည်း ကျွန်တော်နှင့် ငြိပြီပေါ့။

မသင်္ကာဖွယ် (ငွေပေးငွေယူ) ဆောင်ရွက်ချက်ဟုဘာသာပြန်လိုက်သောအခါ ဟိုပုဂ္ဂိုလ်ကြီးနှယ် တစ်ယောက်ကလည်းဆွေးနွေးပွဲအလယ်တွင် အာကျယ်ပါကျယ်နှင့်အသည်းအသန် ထကန့်ကွက်သည်။ သည်တစ်ခါတော့ ဟိုပုဂ္ဂိုလ်ကြီးလို အလွတ်တန်းမဟုတ်။ ဌာနဆိုင်ရာမှ အတန်ငယ်ရာထူးရှိသူ ဖြစ်ပါသည်။ သို့သော် ဝန်ထမ်းဟုသာခေါ် ဆိုနိုင်ပါသည်။ ညွှန်ကြားရေးမှူးချုပ်တို့၊ ဒုတိယဝန်ကြီးတို့နှယ် အမိန့်ပြန်တမ်းနှင့် ခန့်ထားခံရသူမျိုးမဟုတ်သဖြင့် ထိုသို့ဆိုလိုက်ရခြင်းလည်း ဖြစ်ပါသည်။ "မသင်္ကာဖွယ်"အစား "သံသယဖြစ်ဖွယ်" ဟု ဘာသာပြန်ပါ ဟူသတတ်။

အင်္ဂလိပ်စကားမှာသံသယကို doubt ဟုပြောပြီး သံသယဖြစ်ဖွယ်ကို doubtful ဟုသုံးပါသည်။ She is having doubts about her husband's ability to cook. လိုမျိုးမှာ သုံးပါသည်။ သူ့ခင်ပွန်းဟင်းချက်တတ်ရဲ့လားလို့ သူ့ဇနီးကသံသယဝင်နေတယ် ဟူသောဝါကျမျိုးတွင် အသုံးများပါသည်။ သံသယနှင့် မသင်္ကာမှာတူမယောင်နှင့် နည်းနည်းလေးကွဲပါသည်။ သံသယဆိုတာ ဟုတ်မှဟုတ်ပါ့မလားဟု မရေရာလှသည့် စိတ်ကိုပြောပြီး ပြစ်မှုနှင့် သိပ်ဆက်စပ်လေ့ မရှိချေ။ မသင်္ကာဟုပြောပြီဆိုသည်နှင့် မဟုတ်တာလုပ်ထားတာ (ဝါ) ပြစ်မှုကျူးလွန်ထားတာဟု စွပ်စွဲသင့်/မသင့် ချိန်ဆလိုသည့် စိတ်ကိုဖော်ပြရာအလိုလိုရောက်ပြီးဖြစ်ပါသည်။

မသင်္ကာအတွက်လည်း သီးသန့်စကားလုံးရှိပါသည်။ Suspicion, suspicious စသဖြင့်ဖြစ်သည်။ ကျွန်တော်ဘာသာပြန်လိုက်သည်က Suspicious Transaction ကို ဖြစ်ပါသည်။ အတိအကျပြောလျှင် ငွေကြေးခဝါချမှု၊ အကြမ်းဖက်လုပ်ရပ်အား ငွေကြေးထောက်ပံ့မှု (ငွေခဝါ/ကြမ်းထောက်ပံ့) ဟူသောမှုခင်းကိစ္စရပ်များနှင့် ဆက်စပ်နေသောဝေါဟာရဖြစ်လေသည်။ ပြစ်မှုနှင့် ဆက်စပ်နေသောကြောင့် "မသင်္ကာမှု"ဟု ပြောလိုက်သည်နှင့် ဒက်ခနဲမှန်နေသည်မှာလည်းအသေအချာပင်။

ကျွန်တော်က ဝေါဟာရသဘောကိုရှင်းပြသည့်တိုင် ထိုဝန်ထမ်းက ခါးခါးသီးသီးမျက်နှာထိမျက်နှာထား၊ မပျော့ပြောင်းလှသောသံပြတ်ဖြင့် ကန့်ကွက်တော်မူပြန်သည်။ ရှေ့နေချုပ်ရုံးက ထိုအတိုင်းဘာသာပြန်ထားသည်ဟုပင် ကွန့်လိုက်ပါသေးသည်။ အဲတော့ ကျွန်တော်လည်းပန်လန်လက်ပေါ့။ ရှေ့နေဟူသောဝေါဟာရကို ကြားမိသည်နှင့် ပထမနမူနာက ဦးရွှေမျက်မှန်ကြီးကိုပင် ပြေးသတိရလိုက်မိပါသေးသည်။

အဆိုးဆုံးက Politically Exposed Person (အတိုကောက် ပီအီးပီ) ဟူသောဝေါဟာရကို ဘာသာပြန်ထားပုံပင် ဖြစ်လေသည်။ ငွေခဝါ/ကြမ်းထောက်ပံ့ ပြစ်မှုများအတွက် သတိထားစောင့်ကြည့်အပ်သူများထဲတွင် အဆိုပါ "ပီအီးပီ"များလည်း ပါဝင်ပြန်ပါသည်။ ပီအီးပီဆိုသည်မှာ ထင်ရှားသည့် နိုင်ငံရေးရာထူးတစ်ခုခုကိုရယူထားပြီး ငွေခဝါမှုနှင့်တကွ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူတို့အပြင် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့ခြင်းအထိ ပြစ်မှုများကို ကျူးလွန်ရန် သူတို့၏ ရာထူး၊ ဩဇာအာဏာကိုအလွဲသုံးစားပြုလုပ်နိုင်သည့် အလားအလာရှိနေသူဟု ဖွင့်ဆိုထားပါသည်။ အဟဲ. . . မြန်မာပညာကျော်တွေ ဘာသာပြန်လိုက်ပုံကတော့ ပီအီးပီကို "နိုင်ငံရေးအရ ဩဇာတိက္ကမရှိသူ"ဟူသတည်း။

Expose က ပေါ်သည်၊ ဖော်သည်၊ မြင်သာအောင်ပြသည်၊ လှစ်သည်၊ အကာအကွယ်မဲ့ဖြစ်သွားသည် စသောအနက်ရင်းများရှိသလို မကောင်းမှု၊ မရိုးဖြောင့်မှု၊ မမှန်ကန်မှုများကိုလူသိရှင်ကြားဖော်ချဖွင့်ထုတ်သည်ဟူသောအနက်ရင်းလည်းပူးတွဲပါရှိပါသည်။ ပီအီးပီတွင် သုံးထားသည့်အနက်မှာ "လူသိရှင်ကြားဖော်ချဖွင့်ထုတ်ခံထားရသော"ဟူသည့် အနက် ဖြစ်နေပေရာ "ဩဇာတိက္ကမရှိသော"ဟူသည့်အနက်နှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေပါလေသည်။ မြန်မာပညာကျော်တို့ အလိုအတိုင်းသာဆိုရင်ဖြင့် နိုင်ငံရေးအရ ဩဇာတိက္ကမရှိလှသည့် ဗိုလ်ချုပ်အောင်ဆန်းတို့၊ နယ်လဆင်(န်) မယ်(န်)ဒဲလားတို့အား ပီအီးပီစာရင်းထဲတွင် ထိပ်ဆုံးမှာထားရတော့မလို ဖြစ်ကုန်ပါလိမ့်မည်။

အမှန်က ပီအီးပီမှာ ကဒါဖီလိုပုဂ္ဂိုလ်မျိုးသာမက အကျင့်ပျက်ခြစားသည်ဟုသတင်းထွက်နေသော မြို့တော်ဝန်၊ ပြည်နယ်အုပ်ချုပ်ရေးမှူးလောက်အထိပင် အကျုံးဝင်သည်ဖြစ်ပေရာ မှုခင်းနှင့် ဆက်စပ်နေသည်ဖြစ်သောကြောင့် ပီအီးပီကို "နိုင်ငံရေးအရကျော်စောသတင်းရှိသူ"ဟု ကျွန်တော်က ပြန်ဆိုထားပါသည်။ ဥပဒေဘက်တော်သားတိုင်း"ကျော်စောသတင်းရှိသူ" ဟူသော အသုံးအနှုန်းနှင့် ယဉ်ပါးပြီး ဖြစ်သဖြင့် အခက်အခဲမရှိနိုင်ပါ။။

**စိတ်တော်သိသူများဖယ်ရှားရေး**

သို့ရာတွင်. . .

ဟုတ်ကဲ့. . . ထိုသို့ရာတွင်ကလည်း အတော်အရေးကြီးပါသည်။ ပထမဆုံးနမူနာထဲက ဦးရွှေမျက်မှန်လို "မယ်ဘော်စိတ်"တွေက သိပ်ကိုအခရာကျနေတာကို မြင်နေမိသောကြောင့်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် ၁၉၈၈ ခုနှစ်၊ လမ်းစဉ်ပါတီကိုဖျက်ခါနီး ဦးနေဝင်းပြောခဲ့သောမိန့်ခွန်းထဲမှ စကားတချို့ကို ပြန်သတိရသွားရပါသေးသည်။ သူ့ကိုအောက်က မှန်မှန်ကန်ကန် ပြန်မတင်ပြသဖြင့် အမှန်ကိုမသိခဲ့ရသောကြောင့် သူတည်ထောင်သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကြီးတစ်ခုလုံးရေစုံမျောသွားခဲ့သယောင် ပြောခဲ့ခြင်းဖြစ်သည်။ တကယ်တော့ အမှန်အတိုင်းပြောသူတွေ ဘေးထွက်ပေးရသောအဖြစ်အသီးသီးကြောင့် ဘယ်သူမှ အမုန်းခံအမှန်မပြောရဲတော့ဘဲ ကြားလိုသည်များကိုသာ ရွေးပြောခဲ့သောအစဉ်အလာ၏ စွန့်ဦးတီထွင် ဖန်တီးရှင်ကြီးကား သူသာဖြစ်ပြန်လေသည်တမုံ့။

အဆိုပါ အစဉ်အလာကြီးကို လက်ဆင့်ကမ်းလာလိုက်ကြသည်မှာ courtesy call ကိုပင် "ဂါရဝပြု လာရောက်တွေ့ဆုံ"ဟု သတင်းစာမှာ အတင်စီးကြီးနှင့် တစ်ဖက်စောင်းနင်းရေးသားနေကြသည်မှ ပီအီးပီကို "နိုင်ငံရေးအရ ဩဇာတိက္ကမရှိသူ"ဟု ပြန်ဆိုကြသည်အထိ ဖြစ်ချင်တိုင်းဖြစ်နေတော့သည်မှာ မြင်မကောင်းတော့ပေ။

အထက်က သို့ရာတွင်က အခုမှစပါသည်။ ထိုသို့ မယ်ဘော်စိတ်အပြည့်ဖြင့် ကျင့်ကြံတတ်သူတွေသာ နေရာကောင်းတွေရနေကြသည်မှာလည်း မလွဲပါပေ။ ကျွန်တော့်အားသံသယဖြစ်ဖွယ်ဟု ပြန်ရန် လူပုံအလယ်တွင် မျက်နှာထိမျက်နှာထားနှင့် အမိန့်ပေးခဲ့သူသည်လည်း ယခုအခါ သူကောင်းပြုခြင်းကို မြိန့်မြိန့်ကြီးခံစားနေသည်မှာ အထင်အရှားလည်း ဖြစ်ပါသည်။

ဦးနေဝင်းကတော့ အောက်ကလူတွေ အမှန်အတိုင်းမတင်ပြသဖြင့် သူ့လမ်းစဉ် ကျဆုံးရသည်ဟုအထွက်မှာပြောသွားခဲ့ပါသည်။ အမှန်ကိုပြောဖို့ အသာထား၊ ဘာသာပြန်ဝေါဟာရကိုပင် မူရင်းအနက်နှင့် အနီးစပ်ဆုံး၊ အမှန်ကန်ဆုံး ပြန်ဆိုပေးဖို့ထက် အထက်လူတွေအကြိုက်လိုက်ကာ အလွဲတွေ ပြန်ဆိုပေးနေကြမှတော့ တကယ့်အောက်ခြေက ဖြစ်ရပ်မှန်တွေ အထက်ကို ရောက်ဖို့က အတော်အလှမ်းဝေးနေဦးမည်ဟု မြင်မိနေရပါသည်။

ထို့အတွက် အမှန်ပြောသူတွေကိုသူကောင်းပြု၊ ဘောင်းတော်ညိတ် စိတ်တော်သိမှုဖြင့် ညာဝါးဖြီးဖြန်းနေသူတွေကို အရေးယူသည့် စနစ်ကလေး ပေါ်ထွန်းလာပါစေဟုသာ မရဲတရဲနှင့် ဆုတောင်းနေမိရပါတော့သည်။ မိမိနိုင်ငံ၊ မိမိလူမျိုးကို အမှန်တကယ်ချစ်သည်ဆိုပါလျှင်လည်း အဆိုပါစနစ်ကလေး ထွန်းကားအောင်သာ အရင်ဆုံးလုံ့လစိုက်သင့်ကြောင်းလည်း မရဲတရဲပြောကြည့်လိုက်မိရပြန်ပါသည်။ အားလုံးအတွက် တွေးဆဆင်ခြင်စရာတစ်စုံတစ်ရာ ရသွားမည်ဟု မျှော်လင့်နေပါသည်ခင်ဗျား။ ။

# အင်းစိန် ခုတင်(၁၀၀၀) ဆံ့ဆေးရုံကြီးမှ လူနာများအား နံနက်ပိုင်း အာဟာရဒါနအဖြစ် လစဉ်ကျွေးမွေးလှူဒါန်းသွားမည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ (၂၁)ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စုပေါင်းပါဝင်ပြီး အင်းစိန် ခုတင် (၁၀၀၀) ဆံ့ဆေးရုံကြီး၌ ရောဂါဝေဒနာရှင်များအား နံနက်စောစောပိုင်း အာဟာရဒါနအဖြစ် လစဉ် ခုနစ်ရက်စာအတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၈ ရက် ညနေ ၃ နာရီတွင် ပြုလုပ်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းက ပြောကြားသည်။

"အခု နိုဝင်ဘာ ၇ ရက်က စပြီး ကျွန်တော်တို့ နံနက်စောစော နံနက်စာအတွက် ကျွေးမွေးလှူဒါန်းခဲ့ပါတယ်။ အင်းစိန်မြို့နယ်အတွင်းမှာရှိတဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေ အားလုံးပါဝင်လှူဒါန်းခဲ့ကြပါတယ်။ လစဉ်တစ်ပတ်လျှင် တနင်္လာနေ့သောကြာနေ့တိုင်း ကျွေးမွေးလှူဒါန်း သွားမှာပါ" ဟု ဖော့ကန်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က အစည်းအဝေးတွင် ဆွေးနွေးပြောကြားခဲ့သည်။

ထိုသို့ လှူဒါန်းရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းက လစဉ်ကျပ် ၃၀၀၀၀၊ ရပ်ကွက်ပေါင်း ၂၁ ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူး ၂၁ ဦးက နိုင်ငံတော်မှ ထောက်ပံ့ငွေများထဲမှ တစ်ဦးလျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် ခုနစ်ရက်စာအတွက် စုစုပေါင်း လစဉ်ကျပ် ၂၄၅၀၀၀ ကို ဆေးရုံကြီးရှိ လူနာများအတွက် လစဉ်အာဟာရဒါန ကျွေးမွေးလှူဒါန်းသွားမည်ဖြစ်ကြောင်းနှင့် ဆေးရုံကြီး နံနက်စာ တစ်ရက်အတွက် အာဟာရဒါနအဖြစ် ၃၅၀၀၀ ကျပ်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခုတင် (၁၀၀၀)ဆံ့ ဆေးရုံကြီး၌ ဆေးဝါးကုသနေသော လူနာများအား မတည်အလှူရှင်များနှင့် ပရဟိတလူမှုရေး အသင်းအဖွဲ့များ အနေဖြင့်လည်း လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ဧဂ)

# ဒလမြို့နယ်တွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ပေးအပ်

**ဒလ နိုဝင်ဘာ ၁၁**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် သီရိဇေယျနော်ရထာခန်းမ၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ ပေးအပ်ပွဲကို နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဒလမြို့နယ် လွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲဝင်းက မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၏ ရန်ပုံငွေသုံးစွဲခြင်းဆိုင်ရာများအား ဆွေးနွေးပြောကြားခဲ့သည်။ ယင်းနောက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သိန်း ၁၀၀၀ အား သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများအား တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

အဆိုပါ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် ဒလမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ လုပ်ငန်းပေါင်း ၂၇ မျိုးကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူလူထု၏ ကြီးကြပ်မှုဖြင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဓိကအနေဖြင့် ကျေးလက်လမ်းတံတားများတည်ဆောက်ခြင်း၊ ကွန်ကရစ်ရေမြောင်းများဆောက်ရွက်ခြင်း၊ ရေကန်ခြံစည်းရိုးကာရန်ခြင်းတို့အား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲဝင်း၊ ဒုအုပ်ချုပ်ရေးမှူး ဦးမင်းလွင်၊ မြို့နယ်စည်ပင်သာယာရေး အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**

# ပင်လယ်ပြင် ငါးဖမ်းရာသီ၌ ရာသီဥတုဖောက်ပြန်၍ ငါးဖမ်းဆီးရရှိမှုကျဆင်း



**ရေး နိုဝင်ဘာ ၁၁**
မွန်ပြည်နယ် ရေးမြို့နယ်ပင်လယ်ပြင်ရေပိုင်နက်အတွင်း ကမ်းနီးကမ်းဝေးမှ ငါးဖမ်းရာသီချိန်စတင်နေသော်လည်း ရာသီဥတုဖောက်ပြန်၍ မုန်တိုင်းမကြာခဏဝင်ရောက်မှုနှင့် တွေ့ကြုံနေရကာ ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းများမှာ ငါးကုန်ကြမ်းရရှိမှု အဝင်နည်းသဖြင့် လုပ်ငန်းရှင်များ အလုပ်သမားစရိတ်မြင့်မားကာ အရှုံးများဖြစ်ပေါ်နေလျက်ရှိကြောင်း သိရသည်။

"အခုငါးဖမ်းရာသီဖြစ်နေပေမယ့် မိုးလေရာသီဥတုက မမှန်နေတာရယ်၊ မုန်တိုင်းကလည်း မကြာခဏဝင်ရောက်လာနေတာရယ်၊ ငါးဖမ်းလုပ်ငန်းကိုတွင်ကျယ်စွာလုပ်ကိုင်နိုင်ခြင်းမရှိတဲ့အတွက် ယခင်ငါးဖမ်းရာသီနှစ်တွေထက် ရရှိမှုက ၇၀ ရာခိုင်နှုန်းလောက် ကျဆင်းလာနေတယ်။ လုပ်ငန်းရှင်တွေက တစ်ဦးကို ပျမ်းမျှရင်းနှီးမြှုပ်နှံထားသည်မှာ ကျပ်သိန်း ၅၀၀ နဲ့ ၁၀၀၀ အကြားမှာရှိပါတယ်။ ကျားဖောင်တွေနဲ့ အဓိကဖမ်းဆီးရပါတယ်။ လတ်တလောမှာ ရေလုပ်သားလိုအပ်ချက်တွေရှိနေတယ်။ ငါးဖမ်းဆီးခွင့်က ရရှိထားပေမယ့် လုပ်ငန်းလည်ပတ်ဖို့က လုပ်ငန်းရှင်အများစုမှာ ဝင်ငွေကျဆင်းလာနေပါတယ်" ဟု ရေလုပ်ငန်းရှင် ဦးလင်းမြတ်ထိုက်က ပြောသည်။

ပြီးခဲ့သည့်ငါးဖမ်းရာသီကာလတွင် အဓိကပြည်တွင်းတင်ပို့မှုမှာ ငါးနှပ်ခြောက်၊ ပုစွန်ခြောက်၊ မီးတံသွယ်(ငါးကျုံရွက်) ကို တင်ပို့ရောင်းချနေရသော်လည်း ယခုနှစ်ငါးဖမ်းရာသီကာလတွင် ငါးအဝင်မရရှိသေး၍ ငါးကုန်ကြမ်းတင်ပို့မှု ကျဆင်းလာဖွယ်ရှိကြောင်း သိရသည်။

**ထွဋ်ထွဋ်(ရေး)**

# နားရောဂါဝေဒနာရှင်များအား အခမဲ့ စမ်းသပ်စစ်ဆေးကုသပေး



**စစ်တွေ နိုဝင်ဘာ ၁၁**
ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာန နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဌာန စစ်တွေမြို့ပြည်သူ့ဆေးရုံကြီး၌ နားလေးရောဂါဝေဒနာရှင်များအား အခမဲ့စမ်းသပ်စစ်ဆေးကုသပေးပြီး နယ်လှည့်ကွင်းဆင်းကုသမှုကို ရန်ကုန်၊ မန္တလေး ပြည်သူ့ဆေးရုံကြီးများမှ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဆရာဝန်များနှင့်အဖွဲ့၊ စစ်တွေပြည်သူ့ဆေးရုံမှ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းပြီး နားလေးရောဂါကာကွယ်တိုက်ဖျက်ရေး စီမံချက်အဖွဲ့၏ နားလေးရောဂါဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ကုသပေးခြင်းကို နိုဝင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ စစ်တွေမြို့ ပြည်သူ့ဆေးရုံ၌ နားလေးရောဂါဝေဒနာရှင်များအား အခမဲ့ စမ်းသပ်စစ်ဆေး ကုသပေးသည်။

အဆိုပါ နား၊ နှာခေါင်း၊ လည်ချောင်းကုသမှုကို ရန်ကုန်၊ မန္တလေး ပြည်သူ့ဆေးရုံများမှ နား၊ နှာခေါင်း၊ လည်ချောင်းခွဲစိတ်အထူးကု ဒေါက်တာခင်ခင်ဖြူ၊ ဒေါက်တာမိုးသီတာဝင်း၊ ဒေါက်တာသန်းသန်းဌေးနှင့်အဖွဲ့သည် စစ်တွေပြည်သူ့ဆေးရုံမှ ဆရာဝန်များ ပူးပေါင်းကာ စစ်တွေပြည်သူ့ဆေးရုံ၌ နားလေးဝေဒနာရှင်များကို အခမဲ့စမ်းသပ်စစ်ဆေးကုသပေးကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဗန္ဓုလလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းဆောင်ရွက်

**ကျုံပျော် နိုဝင်ဘာ ၁၁**
ပြည်သူများသွားလာမှုအဆင်ပြေစေရန်အတွက် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တေဇရပ်ကွက် ဗန္ဓုလလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းအား နိုဝင်ဘာ ၉ ရက်က ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းကို အကျယ် ၁၂ ပေ၊ အရှည်ပေ ၁၀၀၀ ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းကုန်ကျငွေ ကျပ်သိန်း ၁၁၀ ဖြစ်ကြောင်း၊ ဆက်လက်၍ အောင်ဆန်းရပ်ကွက်အတွင်းရှိ ရွှေနံ့သာလမ်းမှ ပျက်စီးနေသောလမ်းပိုင်းများကိုလည်း ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်းထံမှ သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေးရောဂါနှင့် ဇီကာရောဂါကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၁**
ရန်ကုန်မြို့ တာမွေမြို့နယ် မြို့မရဲစခန်းဝင်းအတွင်းရှိ ရဲတပ်ဖွဲ့ဝင်မိသားစုများအား သွေးလွန်တုပ်ကွေးရောဂါနှင့် ဇီကာရောဂါအန္တရာယ်များကာကွယ်နိုင်ရန်အတွက် နိုဝင်ဘာ ၉ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲများကို ရဲစခန်းဝင်းအတွင်း ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာဒေါ်မိမိတင်က ဝန်ထမ်းမိသားစုများကို အသိပညာပေးဟောပြောရာတွင် သွေးလွန်တုပ်ကွေးရောဂါနှင့် ဇီကာရောဂါသည် ခြင်ကြောင့်ဖြစ်ပွားသည့်ရောဂါများဖြစ်သဖြင့် ခြင်နှင့် ပိုးလောက်လန်းများကင်းစင်အောင် သုံးရေနှင့် ပတ်ဝန်းကျင်တွင် သန့်ရှင်းဖို့လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဌာနမှ ဝန်ထမ်းအိမ်ရာများရှိ ရေသိုလှောင်မှုများကို သန့်ရှင်းစွာထားရှိရေးနှင့် ခြင်နှင့်ပိုးလောက်လန်းများအန္တရာယ်ကာကွယ်နိုင်ရန်အတွက် လက်တွေ့သရုပ်ပြ၍ ပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တာမွေ(ပြန်/ဆက်)**



# အိမ်မဲမြို့တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြေပိုင်ရှင်များ တွေ့ဆုံဆွေးနွေး

**အိမ်မဲ နိုဝင်ဘာ ၁၁**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ နိုဝင်ဘာ ၉ ရက် နံနက် ၁၀ နာရီက အိမ်မဲမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြေပိုင်ရှင်များ တွေ့ဆုံဆွေးနွေးပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးက အဖွင့်အမှာစကားပြောကြားပြီး အိမ်မဲမြို့နယ်လွှတ်တော်ကိုယ်စားလှယ်များက မြေပိုင်ရှင်များအား မိမိတို့၏ဆန္ဒများကို ပွင့်ပွင့်လင်းလင်း ရှင်းလင်းဆွေးနွေးကြရန် ပြောကြားခဲ့သည်။

အဆိုပါ မြေပိုင်ရှင်များသည် အိမ်မဲမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက် ဖယ်ရှားပေးခဲ့ရသော မြေပိုင်ရှင်များဖြစ်ပြီး ဂရန်များလည်းရှိထားပါကြောင်းနှင့် မိမိတို့ဆုံးရှုံးခဲ့ရသော မြေယာများကို ယခုအချိန်တွင် ပြန်လည်ရယူလိုပါကြောင်း တင်ပြကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားသို့ မြောင်းမြခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ အိမ်မဲမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြေပိုင်ရှင်များ စုစုပေါင်း ၁၅၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိတ္ထီလာတွင် နိုင်ငံခြားသားမှတ်ပုံတင်နှစ်စဉ်လဲလှယ်ခြင်းဆိုင်ရာသင်တန်းဖွင့်

**မိတ္ထီလာ နိုဝင်ဘာ ၁၁**
မိတ္ထီလာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်နှစ်ခုမှ ဝန်ထမ်းများအား နိုင်ငံခြားသားမှတ်ပုံတင် နှစ်စဉ်လဲလှယ်ခြင်းဆိုင်ရာသင်တန်းဖွင့်လှစ်ပို့ချခြင်းကို နိုဝင်ဘာ ၉ ရက် နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းနိုင်ငံခြားသား မှတ်ပုံတင်နှစ်စဉ်လဲလှယ်ခြင်းဆိုင်ရာသင်တန်းတွင် မိတ္ထီလာခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးဦးထွန်းဦးက သင်တန်းအဖွင့်အမှာစကားပြောကြားပြီး နိုင်ငံခြားသားများမှတ်ပုံတင်ရေးအက်ဥပဒေ၊ နည်းဥပဒေနှင့်အညီ နိုင်ငံခြားသားမှတ်ပုံတင်နှစ်စဉ်လဲလှယ်ခြင်းလုပ်ငန်းကို ခရိုင်နှစ်ခုမှ ဝန်ထမ်းများအားလုံး သိရှိတတ်ကျွမ်းနားလည်စေရန် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ရမည်းသင်းခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းက ပြောကြားသည်။ သင်တန်းကို ခရိုင်နှစ်ခုမှ စုစုပေါင်းဝန်ထမ်း ၄၉ ဦးတက်ရောက်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ဆိပ်ဖြူမြို့နယ် ချင်တောင်ကျေးရွာတွင် ငွေချည်(၉)ချည်မျှင်ရှည်ဝါ စံပြကွင်းသရုပ်ပြပွဲပြုလုပ်

**ဆိပ်ဖြူ နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ချင်တောင်ကျေးရွာ ကွင်းအမှတ် ၁၁၅/၂၀၈၈၊ ဦးပိုင်အမှတ် ၁၄၆/၂ တောင်သူဦးမန်းရင်၏ ငွေချည်(၉) ချည်မျှင်ရှည်ဝါ စံပြကွင်း သရုပ်ပြပွဲကို နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီက ပြုလုပ်သည်။



အဆိုပါကွင်းသရုပ်ပြပွဲကို ငွေချည်(၉) ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားရရှိစေရန်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ သိပ္ပံနည်းကျ စိုက်ပျိုးမှုနည်းစနစ်များ သိရှိပြီး မျိုးကောင်းမျိုးသန့်များ တွင်ကျယ်စွာ စိုက်ပျိုးထုတ်လုပ်တတ်လာစေရန်၊ စိုက်ပျိုးရေးနည်းပညာများကို သိနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ရယူဆောင်ရွက် စိုက်ပျိုးတတ်စေရန် ရည်ရွယ်၍ ကွင်းသရုပ်ပြပွဲကို ဆောက်ရွက်ခြင်းဖြစ်သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေးက အမှာစကားပြောကြားခဲ့ပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးရန်နိုင်ဝင်းက စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များကို ချိတ်ဆက်ဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်းကောင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ရည်ရည်မွန်က ဝါစိုက်ပျိုးထုတ်လုပ်မှုတွင် မျိုးကောင်းမျိုးသန့် အကြောင်းနှင့် စိုက်ပျိုးနည်းစနစ်များကိုလည်းကောင်း၊ မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ငွေငွေအေးက သိပ္ပံနည်းကျစိုက်ပျိုးနည်းများ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဆန်းဦးက စံပြကွက်စိုက်ပျိုးမှု နည်းစနစ်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ဝါစိုက်ပျိုးထုတ်လုပ်သူများသည် ငွေချည် (၉) ချည်မျှင်ရှည်ဝါ စံပြကွင်းအတွင်းသို့ လေ့လာကြည့်ရှုခဲ့ပြီး သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက တောင်သူများအား ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြင်ကဝ၊ အောက်ဆိပ်၊ ချင်တောင်ကျေးရွာတို့မှ ဝါစိုက်ပျိုးထုတ်လုပ်သူတောင်သူများ တက်ရောက်ခဲ့သည်။ **စိုးလင်းနိုင်** (IPRD)

## တရုတ်မှ အဝယ်လိုက်သဖြင့် နံ့စားပြောင်း (အထွက်တိုးပြောင်းနီ )ဈေးနှုန်းမြင့်တက်

**မန္တလေး နိုဝင်ဘာ ၁၁**

တရုတ်နိုင်ငံမှ အဝယ်လိုက်နေသဖြင့် မြန်မာပြည်အလယ်ပိုင်းမှ ထွက်ရှိသောနံ့စားပြောင်း(အထွက်တိုးပြောင်းနီ) မှာ ရက်ပိုင်းအတွင်း သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၅၀၀၀ ထိ ဈေးနှုန်းမြင့်တက်သွားကြောင်း မန္တလေးပြောင်း ဈေးကွက်မှ သိရသည်။

အဆိုပါပြောင်းဈေးနှုန်းမှာ အောက်တိုဘာလက သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၈၀၀၀ ဈေးဖွင့်ခဲ့ရာမှ နိုဝင်ဘာလဆန်းမှ စတင်၍ ကျပ် ၂၃၀၀၀ အထိ မြင့်တက်ခဲ့ခြင်းဖြစ်သည်။

“မနှစ်က ဒီလိုအချိန်မှာ ကျပ် ၂၀၀၀၀ ဝန်းကျင်သာရှိပြီးတော့ ခုလောက်လဲ အဝယ်မလိုက်ခဲ့ဘူး။ ဒီနှစ်မှာ မိုးနှောင်းကောင်းတော့ အပျက်အစီးများလို့ အထွက်နှုန်းနည်းသွားတာကြောင့် ဝယ်လိုအားနဲ့ မမျှတော့ ဈေးတက်သွားတာပါ” ဟု ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

တောင်သူများအနေဖြင့် စိုက်ပျိုးစရိတ်သက်သာသည့် သီးနှံဖြစ်သောကြောင့် ထွက်နှုန်းနည်းသော်လည်း ထွက်ရှိသမျှ ၎င်းတို့အတွက် အကျိုးရှိကြောင်း၊ ဆောင်းဦးပေါက်ရာသီတွင် တရုတ်နိုင်ငံမှ အဆိုပါ အထွက်တိုးပြောင်းနီ (နံ့စားပြောင်း)ကို အရက်ချက်လုပ်ရန် ဝယ်ယူကြသောကြောင့် ဈေးကောင်းရနေခြင်းဖြစ်ကြောင်း ဆက်လက်ပြောဆိုသည်။

အဆိုပါပြောင်းကို မြန်မာပြည်အလယ်ပိုင်း မုံရွာ၊ ကျောက်ဆည်၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ မြင်းခြံ၊ တောင်သာမြို့နယ်တို့တွင် စိုက်ပျိုးအောင်မြင်ပြီး အထွက်များကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**





## မြေပဲဆီဈေးကျသဖြင့် မြေပဲစိုက်တောင်သူများ တွက်ခြေမကိုက်

**ခင်ဦး နိုဝင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် အရှေ့ဘက်ခြမ်းရှိ တောင်သူများမှာ ယာကိုအဓိကထား စိုက်ပျိုးနေကြရာ ယခုနှစ်တွင် မြေပဲဆီဈေးကျသဖြင့် မြေပဲဆန်ကိုသာ ရောင်းချနေရကြောင်း သိရသည်။

ယခုအချိန် မြေပဲပေါ်ချိန်တွင် မြေပဲဆီဈေးမှာ ဆီစက်သိမ်းဈေး တစ်ပိဿာငွေကျပ် ၃၅၀၀ ဝန်းကျင်သာရှိရာ မြေပဲဆန်တစ်တင်းဆီကြိတ်ပါက ခြောက် ပိဿာသာ ထွက်ရှိကြောင်း၊ ဆီကြိတ်ခမှာ တစ်တင်းကို ကျပ် ၁၆၀၀ ပေးရကြောင်း၊ မြေပဲဆန် တစ်တင်းရောင်းပါက ငွေကျပ် ၃၂၈၀၀ ဝန်းကျင်ရှိကြောင်း၊ မြေပဲစိုက် တောင်သူများမှာ မြေပဲတစ်တင်းဆီကြိတ်ပါက ငွေကျပ် ၂၁၀၀၀ သာရရှိသဖြင့် အိမ်စားသုံးရန်အတွက် မြေပဲဆန်အဖြုန်း (အပြည့်အဝမအောင်မြင်သောမြေပဲဆန်) များကိုသာ ဆီကြိတ်ပြီး အောင်မြင်သောမြေပဲဆန်များကို မြေပဲအဆန်အလိုက် ရောင်းချနေရသဖြင့် မြေပဲစိုက်တောင်သူများ ယခုရာသီတွင် တွက်ခြေမကိုက်ဖြစ်နေကြောင်း ရွာသာကျေးရွာမှ မြေပဲစိုက် တောင်သူတစ်ဦးက ပြောသည်။

**(ခင်ဦးစိုးဝေ)**

## ဆောင်းသီးနှံ စိုက်ပျိုးသော တောင်သူများအား ချေးငွေထုတ်ချေးလျက်ရှိ

**ဝါးခယ်မ နိုဝင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ဆောင်းသီးနှံ စိုက်ပျိုးသော တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ် ဘဏ်ချေးငွေကို စပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ ပဲတစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဝါးခယ်မ ဘဏ်ခွဲမှ မြို့နယ်မန်နေဂျာ ဦးကျော်ဆွေနှင့် ဝန်ထမ်းများက ဘဏ်ချေးငွေ ညွှန်ကြားချက်များနှင့်အညီ စီစစ်ပြီး ချေးငွေများကို ထုတ်ချေးပေးလျက်ရှိသည်။

ဝါးခယ်မမြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးမည့် စုစုပေါင်းကျေးရွာအုပ်စု ၁၂၂ အုပ်စု၊ တောင်သူဦးရေ ၂၀၅၀၀ ၏ စပါးစိုက်ပျိုးဧက ၈၉၀၀၀၊ ပဲစိုက်ပျိုးဧက ၁၅၀၀၀အတွက် ဘဏ်ချေးငွေကျပ် ၁၃၆၅၀၀ သိန်းကို ထုတ်ချေးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဝါးခယ်မ ဘဏ်ခွဲမှ စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

အဆိုပါ ဘဏ်ချေးငွေ ထုတ်ချေးမှုကို အောက်တိုဘာ ၂၇ ရက်မှစကာ ကျေးရွာအုပ်စု ၂၅ အုပ်စု၊ အစုအဖွဲ့ ၁၂၃၁ စု၊ တောင်သူဦးရေ ၃၄၆၀ ၏ စပါးစိုက်ပျိုးဧက ၁၇၇၆၆ ဧက၊ ပဲစိုက်ပျိုးဧက ၆၃ ဧကအတွက် ဘဏ်ချေးငွေကျပ် ၂၆၆၆၁၆၀၀၀၀ အား ထုတ်ချေးပြီး ဖြစ်ကြောင်း၊ နိုဝင်ဘာ ၁၀ ရက်တွင် ဂန်ချောင်း၊ ၄က်ကျ၊ အူကျွန်းကျေးရွာအုပ်စုတို့မှ တောင်သူလယ်သမားများအတွက် ဘဏ်ချေးငွေကို ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

## ရွှေဝါထွန်းမျိုးသန့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ အိုင်ကြီးကျေးရွာ၌ပြုလုပ်

**ဟင်္သာတ နိုဝင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ မိုးစပါး စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက အိုင်ကြီးကျေးရွာ တောင်သူဦးဝင်းထွန်းပိုင် ကွင်းအမှတ် (၁၄၆၇ - က)၌ ပြုလုပ်ခဲ့သည်။

အဆိုပါရိတ်သိမ်းပွဲတွင် စံကွက်ဧက ၂၅ ဧကရှိ စံကွက်အရွယ်အစား သုည ဒသမ ၁၀ ဧကအား ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခဲ့ရာ အစိုတင်း ကိုးတင်းထွက်ရှိပြီး တစ်ဧကအထွက်နှုန်း အစိုတင်း ၉၀ ခန့်ထွက်ရှိလာမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးမင်းလွင်ဦးထံမှ သိရသည်။

မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုကိုဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးစန်းဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးမင်းလွင်ဦးနှင့် စိုက်တိုးမြှင့်အဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူလယ်သမားများ စုစုပေါင်း ၁၀၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူလယ်သမားများအား စပါးအထွက်နှုန်းတိုးတက်စေရေး၊ မျိုးသန့်မျိုးစပါးများ စိုက်ပျိုးလာစေရေးအတွက် စိုက်ပျိုးရေး နည်းစနစ်ကောင်းများကို လက်တွေ့သရုပ်ပြခြင်းနှင့် အသိပညာပေးဟောပြောခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း သိရသည်။

**ကျော်ကျော်(ခရိုင် ပြန်/ဆက်)**



# ကုန်တင်မော်တော်ယာဉ်ကြီးများအား ဖောက်လုပ်ပြီးစီးသည့် မိတ္ထီလာမြို့ရှောင်လမ်းပိုင်းမှ စတင်မောင်းနှင်ခွင့်ပြု



**မိတ္ထီလာ နိုဝင်ဘာ ၁၁**
မိတ္ထီလာတွင် ကုန်တင်မော်တော်ယာဉ်ကြီးများအား သော်တာဝန်းကုမ္ပဏီမှတာဝန်ယူဖောက်လုပ်ပြီးစီးသွားသည့် ၉ မိုင် ၂ ဖာလုံရှည်လျားသည့် မိတ္ထီလာမြို့ ရှောင်လမ်းပိုင်းမှ နိုဝင်ဘာ ၈ ရက်မှစတင်ပြီး ဖြတ်သန်းမောင်းနှင် ခွင့်ပြုလိုက်ပြီဖြစ်၍ မြို့တွင်းလမ်းများတွင် ယာဉ်ကြောကြပ်တည်းမှုနှင့် ယာဉ်အန္တရာယ်ဖြစ်ပွားမှုလျော့နည်းလာမည်ဖြစ်ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံကပြောသည်။

"နိုဝင်ဘာ ၈ ရက် ကစတင်ပြီးတော့ သက်ဆိုင်ရာ ကုမ္ပဏီတွေ၊ တာဝန်ရှိသူတွေ၊ မြို့မိမြို့ဖတွေကို ခေါ်ယူတွေ့ဆုံညှိနှိုင်း ဆွေးနွေးပေးပြီးတဲ့နောက်မှာ သော်တာဝန်းကုမ္ပဏီက တာဝန်ယူ ဖောက်လုပ်ပြီးစီးသွားတဲ့ ၉ မိုင် ၂ ဖာလုံရှည်လျားတဲ့ မိတ္ထီလာမြို့ရှောင်လမ်းပေါ်ကနေ ကုန်တင်မော်ယာဉ်ကြီးတွေကို ဖြတ်သန်းမောင်းနှင်ခွင့်ပြုလိုက်ပါတယ်။ ဒါကြောင့် မိတ္ထီလာမြို့တွင်း လမ်းတွေမှာ ယာဉ်ကြော ကျပ်တည်းတာတွေ၊ ယာဉ်အန္တရာယ် ဖြစ်ပွားတာတွေ လျော့နည်းသွားမှာဖြစ်တဲ့အပြင် မြို့တွင်းလမ်းတွေ အချိန်မတိုင်မီပျက်စီးမှုတွေလည်း လျော့နည်းသွားမှာဖြစ်ပါတယ်"ဟု ခရိုင်အုပ်ချုပ်ရေးမှူးက ပြောသည်။

မိတ္ထီလာမြို့ရှောင်လမ်းမှာ စုစုပေါင်း ၁၄ မိုင် ၄ ဖာလုံ ရှည်လျားပြီး သပြေတိုးဂိတ်အနီးမှ ပျဉ်သာ-ကျိုတ်ပုလဲကျေးရွာလမ်းဆုံအနီးအထိ ၉ မိုင် ၂ ဖာလုံအား အဆင့်မြင့်ကွန်ကရစ်လမ်းအဖြစ် သော်တာဝန်းကုမ္ပဏီက တာဝန်ယူဖောက်လုပ်ခဲ့ပြီး ပျဉ်သာ-ကျိုတ်ပုလဲ ကျေးရွာလမ်းဆုံအနီးမှ မြာ-ရေဝေကျေးရွာလမ်းဆုံအနီးအထိ၅မိုင်၂ဖာလုံ ကတ္တရာလမ်းအား ယုဇနကုမ္ပဏီက တာဝန်ယူဖောက်လုပ်ခြင်းဖြစ်သည်။ ယုဇနကုမ္ပဏီမှ တာဝန်ယူဖောက်လုပ်သည့် လမ်းပိုင်းအား လွန်ခဲ့သည့် နှစ်လခန့်ကပြီးစီးခဲ့သော်လည်း ယခုအခါ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လမ်းနေရာတစ်ချို့အား ပြန်လည် ပြုပြင်ဆောင်ရွက်ခြင်း၊ ညောင်မြင့်ကျေးရွာအနီး ဆောက်လုပ်ပြီးသွားသည့် ချောင်းကူးတံတားပေါ်မှ ဖြတ်သန်းနိုင်ရန် သတ်မှတ်ကာလအား စောင့်ဆိုင်းခြင်းတို့ကြောင့် ယင်းလမ်းအပိုင်းမှ ကုန်တင် မော်တော်ယာဉ်ကြီးများ ဖြတ်သန်းမောင်းနှင်ခြင်းကို လတ်တလောခွင့်ပြုနိုင်ခြင်း မရှိသေးကြောင်း သိရသည်။

ဖြတ်သန်းမောင်းနှင်ခွင့်ပြုထားသည့် မိတ္ထီလာမြို့ ရှောင်လမ်းပိုင်း ခရီးမှာ သပြေတိုးဂိတ်အနီးမှ ပျဉ်သာ-ကျိုတ်ပုလဲလမ်းဆုံ၊ ၎င်းမှ တစ်ဆင့် မိတ္ထီလာ-သာစည် ကားလမ်းမအတိုင်း ရွှေမြင်တင်ဘုရားမြောက်ဘက် မိတ္ထီလာ-တောင်ကြီးလမ်းဆုံအနီးအထိ ခရီးလမ်းပိုင်းဖြစ်ရာ ကုန်တင် မော်တော်ယာဉ်ကြီးများလည်း ခရီးလမ်းအဆင်ပြေ ချောမွေ့စွာ မောင်းနှင်လျက်ရှိကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**

## လူ့အခွင့်အရေးအကြောင်းသိကောင်းစရာများဆွေးနွေး

**တပ်ကုန်း နိုဝင်ဘာ ၁၁**
ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ကြီးမှူးကျင်းပသည့်လူ့အခွင့်အရေးအကြောင်းသိကောင်းစရာများရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို နိုဝင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အောင်ဆန်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က လူ့အခွင့်အရေးဆိုင်ရာ အခြေခံအနှစ်သာရများအကြောင်း ရှင်းလင်းဟောပြောခဲ့ပြီး မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးက လူ့အခွင့်အရေးသမိုင်းကြောင်းနှင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် တက်ရောက်လာသူများမှ သိရှိလိုသည်များမေးမြန်းကြရာ ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ တပ်ကုန်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးဦးမင်းမွန်ဇံ၊ ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေးစာရေးဝန်ထမ်းများ၊ တပ်ရင်းတပ်ဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့်လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။ **တင်စိုးလွင်**

## မုန့်တီမုန့်ဖတ်လုပ်ငန်းများဆောင်ရွက်သည့် မုန့်ဖိုများအား ပူးပေါင်းစစ်ဆေး

**ကလေး နိုဝင်ဘာ ၁၁**
ခရိုင်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ကလေးမြို့ပေါ်အတွင်း ထုတ်လုပ်ရောင်းချလျက်ရှိသော မုန့်တီ၊ မုန့်ဖတ်လုပ်ငန်းများ ဆောင်ရွက်သည့်မုန့်ဖိုများသို့ နိုဝင်ဘာ ၉ ရက်နံနက်ပိုင်းက ပူးပေါင်းစစ်ဆေးဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။

ယင်းသို့ စစ်ဆေးရာတွင် စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးငြိမ်းက မုန့်တီ၊ မုန့်ဖတ်များတွင် ကြာရှည်ခံဓာတုဆေးများ (Formalin) အသုံးမပြုရန်၊ မုန့်ဖတ်များတွင် ဓာတုအရောင်ဆိုးဆေးများအသုံးမပြုရန်၊ ထုတ်လုပ်သည့်မုန့်ဖိုများကိုလည်း သန့်ရှင်းရေးများနေ့စဉ်ပြုလုပ်ရန်၊ မုန့်ပြုလုပ်သည့်လုပ်သားများကိုလည်း ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ထားရန်၊ ကျန်းမာရေးမကောင်းသူများအား လုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်စေခြင်းမပြုရန် ပြောကြားသည်။

ကျန်းမာရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက လည်း မုန့်ထုတ်လုပ်သည့်မုန့်ဖိုများအတွင်း ရေစီးရေလာကောင်းမွန်ရေး၊ ရေဆိုး ရေပုပ်များမရှိရေး၊ ပိုးလောက်လန်းများ ပုန်းအောင်းနိုင်သည့်နေရာများ ရှင်းလင်းဆောင်ရွက်ရေးတို့ကိုဆောင်ရွက်ကြရန် လုပ်ငန်းရှင်များအား ဆွေးနွေးအကြံပေးခဲ့ကြကြောင်းသိရသည်။ **ဂျိုးနက်**

## စားကျက်မြေပေါ်အားပြင်းပေါင်းသတ်ဆေးများ ဖျန်းထားမှုကြောင့် တိရစ္ဆာန်များအစာရေစာခက်ခဲ

**ဝေါ နိုဝင်ဘာ ၁၁**
ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အဘားကျေးရွာအုပ်စု အဘားကျေးရွာအနီးတွင်ရှိသော အုပ်စုပိုင် စားကျက်မြေအား တစ်နှစ်ထက်တစ်နှစ် ပိုမိုကျူးကျော်ထွန်ယက်လာမှုကြောင့် ယခုအခါအုပ်စုတွင်းရှိ စားကျက်မြေအား အမှီပြုအားထားနေရသော ကျွဲ၊ နွားအကောင်ရေ ၁၅၀၀ ကျော်အတွက် စားစရာနေရာမရှိသောကြောင့် ရေရှည်တွင် အစာရေစာ အခက်တွေ့နိုင်သောကြောင့် ဒေသခံတောင်သူများ စိုးရိမ်ပူပန်လျက်ရှိနေကြောင်း သိရသည်။



"အုပ်စုတွင်းရှိ ကျွဲ၊ နွားတွေအတွက် စားကျက်မြေဆိုပြီး ၆၂၈ ဧကရှိပါတယ်။ အရင်က ကျူးကျော်တယ်ဆိုပေမယ့် စားစရာနေရာကျန်နေသေးတယ်။ ဒီခုနှစ်မှာတော့ အုပ်စုဖွဲ့ဝင်ရောက် ကျူးကျော်မှုများကြောင့် ကျွဲ၊ နွားတွေ ထိန်းကျောင်းမယ့် နေရာမရှိတော့ပါဘူး။ တိုင်းဒေသကြီးအစိုးရကို တင်ပြထားလို့ တားမြစ်စာနဲ့ မကျူးကျော်ရ ဆိုင်းဘုတ်တွေ စိုက်ထူထားပါပြီ။ အခုကတော့ ငါးဧကတောင်မှ မကျန်တော့ဘူးလေ။ အစာရေစာ ရှားပါးမှုကလည်းရှိနေတော့ ရေရှည်မှာ သေတာကိုပဲ လက်ပိုက်ကြည့်နေရမယ့် သဘောဆောင်နေပြီ။ ထိထိရောက်ရောက် ကွင်းဆင်းတိုင်းတာသတ်မှတ်ဆောင်ရွက်သင့်ပါတယ်" ဟု ဒေသခံတောင်သူ ဦးကျော်သူရက ပြောခဲ့သည်။

ဒေသခံတောင်သူ ဦးမြင့်နိုင်က "ပြီးခဲ့တဲ့ရက်အနည်းငယ်က စားကျက်မြေထဲ ထိုင်းဘက်ကဝင်လာတဲ့ ပြင်းအားပြင်းထန်တဲ့ ပေါင်းသတ်ဆေးတွေ ဝင်ဖျန်းထားတယ်။ မသိတော့ လွှတ်ကျောင်းမိတယ်။ ကျွဲတွေကစားမိတယ်။ အိမ်ရောက်တော့ ခြောက်ကောင် သေတယ်ဗျာ။ တိရစ္ဆာန်ဆရာဝန်ခေါ်ပြီး ဆေးထိုးလည်းမရတော့ဘူး။ အခုလည်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးက တားမြစ်စာထုတ်ထားတယ်။ ဆိုင်းဘုတ်ထောင်ထားတယ်။ တိုင်းအစိုးရအဖွဲ့ကိုလည်း အရင်ကတည်းက တင်ပြထားပါတယ်။ ရေရှည်မှာ ဝယ်ကျွေးဖို့ ပိုက်ဆံမရှိဘူး" ဟုပြောကြားသည်။

အဘားကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်က "စားကျက်မြေဆိုတာကတော့ သူတို့လည်းသိပါတယ်။ ကျွန်တော်တို့ အဘိုးအဘွားတွေ လက်ထက်ကတည်းကပါပဲ။ တားမြစ်စာတွေ အကြိမ်ကြိမ်ပို့ထားတာပါတယ်။ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တွေကိုလည်း တင်ပြထားပါတယ်။ ဥပဒေနှင့်အညီ တိုင်ပင်ညှိနှိုင်းသွားမှာပါ" ဟု ပြောကြားသည်။ **ဖြိုးကိုလင်း(ညောင်ဝိုင်း)**

## စက်မှုဇုန်စီမံကိန်းနှင့်ပတ်သက်၍ဒေသခံပြည်သူများအား ချပြဆွေးနွေး

**ဝိုင်းမော် နိုဝင်ဘာ ၁၁**
စက်မှုဇုန်တည်ဆောက်ရေးစီမံကိန်းနှင့် ပတ်သက်၍ ဒေသခံပြည်သူများအား ချပြဆွေးနွေးခြင်းကို နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စု နှစ်ခြင်းခရစ်ယာန် အသင်းတော်ဩဟိဒ်ခန်းမ၌ ဝိုင်းမော်မြို့နယ် စက်မှုဇုန်တည်ဆောက်ရေးကော်မတီအဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူ ၃၀၀ တို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးရာတွင် ကော်မတီအဖွဲ့ဝင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်က မြို့နယ်အတွင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် စက်မှုဇုန် စီမံကိန်းနှင့်ပတ်သက်၍ စက်မှုဇုန်တည်ဆောက်ရေးကော်မတီတစ်ရပ် ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ စီမံကိန်းနှင့်ပတ်သက်၍ ဒေသခံများအား ပွင့်လင်းမြင်သာစွာချပြဆွေးနွေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြီး ကော်မတီပါအဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

